Leo Tolstoy,

SAMPLE BOOK

တော်လ်စတွိုင်းဝတ္ထုတိုများ

မောင်ထွန်းသူ



mgyoe.com SAMPLE BOOK



စာရေးဆရာကြီး လီယိုတော်လ်စတွိုင်းသည်
သူ၏ဘဝအမြင်၊ လောကအမြင်နှင့်
လူ့ကိုယ်ကျင့်တရားများကို သူ့ဇာတ်ကောင်များမှ
တစ်ဆင့် စာဖတ်ပရိသတ်ထံ တင်ပြလေ့ရှိသည်။
ယခု ဤစာအုပ်ပါ ပုံပြင်ဝတ္ထုတို
နှစ်ဆယ့်သုံးပုဒ်တွင်လည်း ထိုသဘောအတိုင်းပင်
ဖြစ်သည်ကို တွေ့ရ၏။ အချို့သော ပုဂ္ဂိုလ်များ
ကတော့ ဤပုံပြင်ဝတ္ထုတိုများကို ဖတ်မိကြသည့်အခါ
ရုရှားစာရေးဆရာကြီး တော်လ်စတွိုင်း၏
အတွေးအမြင်နှင့် အယူအဆများသည်
ဗုဒ္ဓဘာသာနှင့် အလွန်နီးစပ်သည်ဟု
ဆိုကြသည်။
မည်သို့ပင်ဖြစ်စေ လူတို့၏
ကိုယ်ချင်းစာတရား နည်းပါးမှု၊
မေ့မေ့လျော့လျော့နေတတ်မှု၊
လောဘ၊ ဒေါသ၊ မောဟနှင့် မာန်မာနကြီးမားမှု၊
ငါနှင့် ငါသာ နိုင်းစရာဟူသော အမြင်ကျဉ်းမြောင်းမှု၊
အချင်းချင်း အကြင်နာတရား ကင်းမဲ့မှု၊
အသိပညာနည်းပါးခြင်းကို အခြေခံသော
မိုက်မဲမှု... စသည် စသည်များနှင့် ဆက်စပ်
ပတ်သက်နေသည့် အကြောင်းအရာများကိုမူကား
ဤပုံပြင်ဝတ္ထုတိုများထဲတွင်
တွေ့မြင်ကြရလိမ့်မည်ဟု ထင်ပါသည်။

ISBN 9789997137067
TUN81
9 789997 137067
MMK 13,000.00

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com
SAMPLE BOOK

စိတ်ကူးချိုချိုစာအုပ်

တော်လ်စတွိုင်း ဝတ္ထုတိုများ

TWENTY-THREE TALES

LEO TOLSTOY

မောင်ထွန်းသူ

(မြန်မာပြန်)

အဋ္ဌမအကြိမ်၊ ၂၀၂၅

mgyoe.com

mgyoe.com SAMPLE BOOK

တော်လ်စတွိုင်းဝတ္ထုတိုများ မောင်ထွန်းသူ
မျက်နှာဖုံးပန်းချီ - မင်းဇော်
စာမျက်နှာ ၄၄၄ မျက်နှာ၊ ၁၄ • ၅ စင်တီ × ၂၀ • ၇ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း၊
၂၀၂၅၊ မေလ၊ အဋ္ဌမအကြိမ်၊ အုပ်ရေ ၅၀၀။
၂၀၀၀ ပြည့်နှစ်၊ Unity Publishing House ၏ ဒုတိယအကြိမ်မှ
[ပထမအကြိမ်- ၁၉၉၅၊ အားမာန်သစ်စာပေ၊
တတိယအကြိမ်- ၂၀၀၃၊ Unity Publishing House
စတုတ္ထအကြိမ်- ၂၀၀၆၊ Thu Ri Ya Publishing House
ပဉ္စမအကြိမ်- ၂၀၁၅၊ Thu Ri Ya Publishing House
ဆဋ္ဌမအကြိမ်- ၂၀၁၉၊ Thu Ri Ya Publishing House
သတ္တမအကြိမ်- ၂၀၂၂၊ Unity Publishing House]

email: skccph@gmail.com ; P.O.Box: 705
www.facebook.com/SKCCmyanmarbook
www.skccmyanmarbook.com

mgyoe.com

mgyoe.com SAMPLE BOOK

မာတိကာ

– မြန်မာပြန်သူ၏အမှာ ၃

အပိုင်း-တစ်

ကလေးသူငယ်များအတွက် ပုံပြင်များ

၁။ ကံကြမ္မာ ၁၁

၂။ ကော့ကေးဆပ်စ်တောင်တန်းပေါ်မှ အကျဉ်းသားတစ်ယောက် ၂၇

၃။ ဝက်ဝံတစ်ကောင် အမဲလိုက်ခြင်း ၇၂

အပိုင်း-နှစ်

လူအများကြိုက် ပုံပြင်များ

၄။ လူတွေ ဘာနဲ့နေကြသလဲ ၈၉

၅။ အမှိုက်ကစ ပြာသာဒ်မီးလောင် ၁၂၇

၆။ အဘိုးအိုနှစ်ယောက် ၁၅၄

၇။ မေတ္တာရှိရာ ဘုရားရှိသည် ၁၉၂

အပိုင်း-သုံး

ဒဏ္ဍာရီပုံပြင်တစ်ပုဒ်

၈။ အရူးအီဗန် ၂၁၅

mgyoe.com

mgyoe.com SAMPLE BOOK

အပိုင်း-လေး

ဘဝပုံရိပ်ပုံပြင်များ

၉။ ဆိုးခြင်းသည် တစ်ခဏ၊ ကောင်းခြင်းသည် ထာဝရ ၂၆၉
၁၀။ ကလေးတွေက လူကြီးတွေထက် လိမ္မာတယ် ၂၇၄
၁၁။ အီလီယတ်စ် ၂၇၉

အပိုင်း-ငါး

ရိုးရာပုံပြင်များ

၁၂။ ရသေ့သုံးပါး ၂၉၁
၁၃။ မှင်စာနှင့် ပေါင်မုန့်ခြောက် ၃၀၃
၁၄။ လူတစ်ယောက် မြေဘယ်လောက်များများလိုသလဲ ၃၁၀
၁၅။ ထူးဆန်းသော ဂျုံတစ်စေ့ ၃၃၉
၁၆။ မွေးစားသား ၃၄၅
၁၇။ ဒုစရိုက်သမား ၃၇၆
၁၈။ ဘင် ၃၈၁

အပိုင်း-ခြောက်

ဆီလျော်အောင် ပြုပြင်ထားသည့် ပြင်သစ်ဝတ္ထုများ

၁၉။ ကော်ဖီဆိုင် ၃၉၉
၂၀။ ရှာမှရှား ၄၁၂

အပိုင်း-ခုနစ်

အဖိနှိပ်ခံ ဂျူးများအတွက် ရည်ညွှန်းသည့်ဝတ္ထုများ

၂၁။ အာဆီးရီးယားဘုရင် ၄၂၃
၂၂။ အလုပ်၊ သေခြင်းနှင့် မကျန်းမာခြင်း ၄၃၃
၂၃။ မေးခွန်းသုံးခု ၄၃၈

□

mgyoe.com


SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

မြန်မာပြန်သူ၏ အမှာ

ကျွန်တော်သည် တက္ကသိုလ်ဝင်တန်း စာမေးပွဲကို ၁၉၅၁ ခုနှစ်တွင် အောင်မြင်ခဲ့သည်။ ထိုနှစ်မှာပင် ကျွန်တော်သည် တက္ကသိုလ်ကျောင်းသို့ရောက်ကာ တက္ကသိုလ်ကျောင်းသားဖြစ်လာခဲ့ရပါသည်။ ခြောက်တန်း၊ ခုနစ်တန်းလောက်ကတည်းက တက္ကသိုလ်ကျောင်းသားဖြစ်လိုသောဆန္ဒ ကြီးမားခဲ့သည့် ကျွန်တော်သည် ဝမ်းသာမဆုံး ဖြစ်ခဲ့ရပါသည်။

ကျွန်တော် တက္ကသိုလ်ကျောင်းသားဘဝတွင် ပထမဆုံး သင်ကြားခွင့်ရခဲ့သည့် စာအုပ်မှာ 'ပုံပြင်နှစ်ဆယ့်သုံး[၁]' အမည်ရှိ စာအုပ်ဖြစ်သည်။ တက္ကသိုလ် ပထမနှစ်ကျောင်းသားများအတွက် မယူမနေရ ဘာသာရပ်ဖြစ်သည့် အင်္ဂလိပ်ဘာသာ၏ ပြဋ္ဌာန်းစာအုပ်ဖြစ်ပါသည်။ ရေးသူမှာ စာရေးဆရာ 'လီယိုတော်လ်စတွိုင်း[၂]' ဖြစ်၏။

စတင်သင်ကြားရသည့် ပထမနေ့တွင် ဆရာသည် စာအုပ်အကြောင်းကို ပြောသည်။ စာအုပ်ထဲမှ ပုံပြင်များ၏အကြောင်းကို အကျဉ်းချုပ်၍ ဝေဖန်ပြသည်။ ၂၃ ပုဒ်စလုံးကို ဝေဖန်ခြင်းမပြုပါ။ အားလုံးကို ခြုံငုံ၍ လေ့လာပြခြင်းဖြစ်သည်။ ထို့ပြင်လည်း စာရေးဆရာကြီး လီယိုတော်လ်စတွိုင်း၏ လက်ရာတစ်ခုဖြစ်သော 'ဝတ္ထုတို ကိုးပုဒ်[၃]' စာအုပ်နှင့်လည်း နှိုင်းယှဉ်ချက်ကို ထုတ်ပြသည်။ ကျွန်တော်သည်

၁။ Twenty-Three Tales
၂။ Leo Tolstoy
၃။ Nine Stories

mgyoe.com

mgyoe.com
SAMPLE BOOK

တက္ကသိုလ်ကျောင်းသားဖြစ်ရခြင်း၏ 'အရသာ'ကို ပထမဆုံးအကြိမ် ခံစားခဲ့ရပါသည်။

နောက်တစ်ရက်တွင် ဆရာ့ထံမှ 'ပုံပြင်နှစ်ဆယ့်သုံး' ကို ရေးသားခဲ့သော စာရေးဆရာ လီယိုတော်လ်စတွိုင်း၏အကြောင်းကို ကျွန်တော်တို့ ကြားခဲ့ကြရသည်။ ကမ္ဘာကျော် စာရေးဆရာကြီးတစ်ဦးဖြစ်သော လီယိုတော်လ်စတွိုင်း၏ 'စစ်နှင့်ငြိမ်းချမ်းရေး[၁]'၊ 'အင်နာ ကရင်နီနာ[၂]'၊ 'ပြန်လည်ရှင်သန်ခြင်း[၃]' အစရှိသော ဝတ္ထုကြီးများအကြောင်းကို ယေဘုယျသဘော သိလာရ၏။ ကျွန်တော်တို့အား 'စစ်နှင့်ငြိမ်းချမ်းရေး'၊ 'အင်နာ ကရင်နီနာ' နှင့် 'ပြန်လည်ရှင်သန်ခြင်း' စသော ဝတ္ထုကြီးများအပေါ် စိတ်ဝင်စားလာအောင် ပေးလိုက်သော 'အသိ' ဟု ထင်ပါသည်။

နောက်တစ်ရက်တွင် ဆရာသည် 'ပုံပြင်နှစ်ဆယ့်သုံး' ၏ ပထမဆုံး ဝတ္ထုတိုဖြစ်သည့် [၄] "ဘုရားသခင်သည် အမှန်ကိုသိသော်လည်း စောင့်နေသည်" ဟူသော ဝတ္ထုကို သင်ကြားပို့ချသည်။ အပြစ်မကျူးလွန်ပါပဲလျက်နှင့် အပြစ်ဒဏ်ခံရသည့် လူရိုး၊ လူကောင်းတစ်ယောက်အကြောင်း ရေးဖွဲ့ထားသည့် ဝတ္ထုတိုဖြစ်ပါသည်။

ဤဝတ္ထုတိုကို ဖတ်ရှုအပြီးတွင် ကျွန်တော့်၌ စဉ်းစားစရာတွေ အများကြီး ရှိလာခဲ့ပါသည်။ "ဘုရားသခင်သည် အမှန်ကိုသိပါလျက်နှင့် ဘာကြောင့် စောင့်နေရပါသနည်း...။ ရိုးသားဖြူစင် ဖြောင့်မတ်သူတစ်ဦးဖြစ်ပါလျက်နှင့် ဘာကြောင့် မိမိမပြုသော ပြစ်မှုအတွက် အပြစ်ဒဏ်ကို ခံရပါသနည်း...။ လောကကို တရားသဖြင့်ဖြစ်အောင် စောင့်ရှောက်နေသည့် နတ်ဆိုသည်မှာ ရှိပါ၏လော...။ အကယ်၍ ရှိသည်ဆိုပါမူ မတရားမှုကို တရားမှုဖြစ်အောင် ဘာကြောင့် မစောင့်ရှောက်ရပါသနည်း" စသည်... စသည် အတွေးအမြင်များသည် ဝင်လာခဲ့ပါသည်။ ကျွန်တော့်အမြင်အရ ပြောရလျှင် ဤသည်မှာလည်း တက္ကသိုလ်ကျောင်းသားတစ်ယောက်ဖြစ်လာရခြင်း၏ 'အရသာ' တစ်ခုပင်ဖြစ်ပါသည်။

ထိုစဉ်က ကျွန်တော်သည် ဤပုံပြင်နှစ်ဆယ့်သုံးထဲမှ ဝတ္ထုတိုများကို ဘာသာပြန်လိုစိတ်ဖြစ်ပေါ်ခဲ့သည်။ ထိုဝတ္ထုတိုများထဲ၌ ထင်ဟပ်ထားသော ဘဝအမြင်သို့မဟုတ် လောကအမြင်များကို လူအများသိစေချင်သော ဆန္ဒသည် ကျွန်တော့်ရင်တွင်း၌ ဖြစ်ပေါ်ခဲ့ရပါသည်။ သို့သော်လည်း ထိုစဉ်က ကျွန်တော့်အသက်အရွယ်၊

၁။ War And Peace
၂။ Anna Karenina
၃။ Resurrection
၄။ God Sees The Truth, But Waits.

mgyoe.com

mgyoe.com SAMPLE BOOK

စာဖတ်ဝါ၊ စာရေးသားခြင်း အတွေ့အကြုံသည် ကိုယ့်မှာ အဆမတန် နည်းပါးလှသည် ဖြစ်ရာ "ခါချဉ်ကောင် မာန်ကြီးလို့ တောင်ကြီးကို ဖြိုမယ့်ကြံ–ခါးကမသန်" ဟူသော အဖြစ်မျိုးနှင့် ရင်ဆိုင်ခဲ့ရပါသည်။

မည်သို့ပင်ဖြစ်စေ 'ဖြစ်ချိန်တန်မှ ဖြစ်သည်' ဟူသော စကားရှိသည်။ ထိုစကားသည် မှန်ပါသည်။ ၁၉၅၁ ခုနှစ်အတွင်းက ဖြစ်ပေါ်ခဲ့သော ကျွန်တော့်ဆန္ဒသည် နှစ်ပေါင်း ၄၀ ကျော်ခါမှပင် အကောင်အထည်ပေါ်လာခဲ့၏။ ကျွန်တော် အတိအကျတော့ မမှတ်မိပါ။ ၁၉၉၁ သို့မဟုတ် ၁၉၉၂ ခုနှစ်အတွင်းက ဖြစ်မည်ဟု ထင်ပါသည်။ မဂ္ဂဇင်းတစ်စောင်က ကျွန်တော့်ထံမှ ဘာသာပြန်ဝတ္ထုတိုတစ်ပုဒ် တောင်းသည်။ ကျွန်တော်သည် ဤစာအုပ် ပုံပြင်နှစ်ဆယ့်သုံးထဲမှ... "ဘုရားသခင်သည် အမှန်ကို သိသော်လည်း စောင့်နေသည်" ဟူသော ဝတ္ထုတိုကို ဘာသာပြန်ဖြစ်ခဲ့ပါသည်။ ဤသည်မှစ၍ ကျွန်တော်သည် ပုံပြင်နှစ်ဆယ့်သုံးပုဒ်စလုံးကို တစ်ဆက်တည်း ဘာသာပြန်ဆို ဖြစ်ခဲ့ပါသည်။

*

'တော်လ်စတွိုင်းဝတ္ထုတိုများ' ဟု အမည်ပေးထားသော ဤစာအုပ် 'ပုံပြင်နှစ်ဆယ့်သုံး' ကို အပိုင်းခုနစ်ပိုင်း ခွဲထားသည်။ အပိုင်းတစ်ကို 'ကလေးသူငယ်များအတွက် ပုံပြင်များ[၁]' ဟု အမည်ပေးထားသည်။ ဤအပိုင်းတွင် ဝတ္ထုတိုသုံးပုဒ် ပါဝင်သည်။ ယင်းပုံပြင်များ သို့မဟုတ် ဝတ္ထုတိုများကို ၁၈၇၂ ခုနှစ်အတွင်းက ပုံနှိပ်ထုတ်ဝေခဲ့သည်။ ထိုအချိန်က တော်လ်စတွိုင်းသည် သူ၏ပစ္စည်းဥစ္စာများကို စွန့်ပစ်ကာ လူ့လောက ကောင်းကျိုးများကို ပြုတော့မည်ဟု စိတ်ကူးနေချိန်ဖြစ်သည်။ အထူးသဖြင့် လယ်သမား၊ ယာသမားတို့၏ သားသမီးများအား အသိဉာဏ် မြင့်မားလာအောင် ပညာသင်ကြားပေးရေးအလုပ်ကို ဖောက်ချလုပ်ကိုင်နေချိန်ဖြစ်သည်။

အပိုင်းနှစ်ကိုမူ 'လူအများကြိုက် ပုံပြင်များ[၂]' ဟု အမည်ပေးထားသည်။ ဤအပိုင်းတွင် ပုံပြင် (ဝတ္ထုတို) လေးပုဒ်ပါသည်။ ဤဝတ္ထုတိုများကို ၁၈၈၁ ခုမှ ၁၈၈၅ ခုနှစ်အတွင်း ရေးသားထုတ်ဝေခဲ့သည်။ ဤလေးပုဒ်ထဲမှ 'လူတွေ ဘာနဲ့နေကြသလဲ[၃]'

၁။ Tales For Children ၃။ What Men Live By

၂။ Popular Stories

mgyoe.com

mgyoe.com SAMPLE BOOK

ဟူသော ဝတ္ထုတိုသည် လုံးကြိုက်အများဆုံးဟု ဆိုကြသည်။ ဘုရားသခင်က လူတွေကြား၌ ခဏတစ်ဖြုတ် သွားရောက်နေထိုင် လေ့လာရန် စေလွှတ်လိုက်သော နတ်သားတစ်ယောက်အကြောင်းပေါ် အခြေခံသည့်ဝတ္ထုတိုဖြစ်သည်။ လူတို့၏ လက်တွေ့ဘဝ၊ လူတို့၏ယုံကြည်ကိုးကွယ်ရာ ဘာသာတရား၏ အဆုံးအမ စသည်တို့ကို ပေါင်းစပ်၍ တင်ပြထားသည့် ဘဝအမြင်ကို ဤဝတ္ထုတို၌ တွေ့နိုင်သည်။

'ဒဏ္ဍာရီပုံပြင်တစ်ပုဒ်[၁]' ဟု အမည်ပေးထားသော အပိုင်းသုံးတွင်မူ 'အရူးအီဗန်[၂]' အမည်ရှိ ဝတ္ထုတိုတစ်ပုဒ်တည်းသာ ပါသည်။ ဤဝတ္ထုတိုသည် အလွန်ဒဏ္ဍာရီဆန်သော်လည်း ဟာသနှော၍ ပြောထားသည့် ဘဝဒဿနများကို မြင်တွေ့ကြရသည်။ အပိုင်းလေးတွင်မူ ဝတ္ထုတိုသုံးပုဒ်ပါသည်။ ယင်းအပိုင်းကို 'ဘဝပုံရိပ်ပုံပြင်များ[၃]' ဟု အမည်ပေးထားသည်။

အပိုင်းငါးကိုမူ 'ရိုးရာပုံပြင်များ[၄]' ဟု အမည်ပေးထားသည်။ ဤအပိုင်းတွင် ပုံပြင် ခုနစ်ပုဒ်ပါဝင်သည်။ အားလုံးမှာ 'ရုရှားရိုးရာပုံပြင်များ[၅]' ပေါ် အခြေခံသည်။ ဤဝတ္ထုတိုများထဲတွင် လယ်သမားတစ်ဦး၏ လောဘကို ဖော်ပြသည့် 'လူတစ်ယောက် မြေဘယ်လောက်များများ လိုသလဲ[၆]' ဝတ္ထုတိုသည် လူတိုင်းနှစ်သက်သည့် ဝတ္ထုတို ဖြစ်လေသည်။

'ဆီလျော်အောင် ပြုပြင်ထားသည့် ပြင်သစ်ဝတ္ထုများ[၇]' ဟု အမည်ပေးထားသည့် အပိုင်းခြောက်တွင် ပုံပြင်နှစ်ပုဒ်ပါသည်။ နှစ်ပုဒ်စလုံးသည် ပြင်သစ်စာပေမှ သူနှစ်သက်သော ဝတ္ထုတိုများကို ရုရှားများနှင့် ကိုက်ညီအောင် 'ရုရှားမှ ပြုထားသည့် ပုံပြင်များ' ဖြစ်၏။ သာမန် လုပ်ရိုးလုပ်စဉ် ဘာသာပြန်ဆိုခြင်းမဟုတ်ဘဲ ပြုပြင်သင့်သမျှကို ပြုပြင်ပြောင်းလဲကာ သူ၏ကိုယ်ပိုင်များအဖြစ် ဖန်တီးတည်ဆောက်ထားခြင်း ဖြစ်သည်ဟု ဆိုသည်။

နောက်ဆုံးပိုင်းဖြစ်သည့် အပိုင်းခုနစ်ကို 'အဖိနှိပ်ခံ ဂျူးများအတွက် ရည်ညွှန်းသည့် ဝတ္ထုများ[၈]' ဟု အမည်ပေးထားသည်။ ဤအပိုင်းတွင် ပုံပြင်သုံးပုဒ်မျှ ပါဝင်ရာ

၁။ A Fairy Tale
၂။ The Story Of Ivan The Fool
၃။ Stories Written To Pictures
၄။ Folk-Tales Retold
၅။ Russian Folk Tales
၆။ How Much Land Does A Man Need?
၇။ Adaptations From The French
၈။ Stories Given To Aid The Persecuted Jews

mgyoe.com

mgyoe.com SAMPLE BOOK

အားလုံးမှာ ၁၉၀၃ ခုနှစ်အတွင်းက ရုရှားနိုင်ငံ နေရာအနှံ့အပြား၌ အဖိနှိပ်ခံခဲ့ကြရသည့် ဂျူးလူမျိုးများအား ရည်ညွှန်း၍ ရေးသားခဲ့ခြင်းဖြစ်သည်။

ကျွန်တော် ဤပုံပြင်များကို ဘာသာပြန်ပြီးစက 'ပုံပြင်နှစ်ဆယ့်သုံး' ဟု အမည်ပေးခဲ့သည်။ ထို့နောက် 'တော်လ်စတွိုင်း၏ ပုံပြင်နှစ်ဆယ့်သုံး' ဟု အမည်ပြောင်းခဲ့သည်။ ထိုအမည်ကိုလည်း ကျွန်တော် မကြိုက်ပါ။ ဤသို့ဖြင့် နောက်ဆုံးတွင် 'တော်လ်စတွိုင်းဝတ္ထုတိုများ' ဟု ဖြစ်လာခဲ့ပါသည်။ ကျွန်တော်တို့ တက္ကသိုလ်ကျောင်းသားဘဝက မကြာခဏ ကျောင်းသုံးစာအုပ်အဖြစ် ပြဋ္ဌာန်းခဲ့ဖူးသော တော်လ်စတွိုင်း၏ စာအုပ်တစ်အုပ်ရှိပါသည်။ 'ဝတ္ထုတို ကိုးပုဒ်' ဟု အမည်ပေးထားသော ထိုစာအုပ်မှ ဝတ္ထုတိုများသည် တကယ် စစ်မှန်သောဝတ္ထုတိုများဖြစ်ပါသည်။ ယခု ဤစာအုပ်၌ ပါရှိသော ဝတ္ထုတိုများကဲ့သို့ ပုံပြင်ဝတ္ထုတိုများ မဟုတ်ပါ။

ဝတ္ထုတို ကိုးပုဒ်တွင် ပါရှိသည်များမှာ တော်လ်စတွိုင်း၏ ဘဝတစ်ကွေ့ အတွေ့အကြုံများကို အခြေခံသည်ဟု သိရပါသည်။ ဝတ္ထုတိုများဟု အမည်ပေးထားသော်လည်း အချို့ဝတ္ထုများမှာ ကျွန်တော်တို့စာပေလောက၏ အမြင်အရ 'ဝတ္ထုလတ်' ဟု ခေါ်ဆိုနိုင်ပါသည်။ ယင်းဝတ္ထုတိုများမှာလည်း ရုရှားစာပေနယ်၌သာမက ကမ္ဘာ့စာပေလောက၌ပါ ထင်ရှားကျော်ကြားသော ဝတ္ထုများဖြစ်ပါသည်။ ယင်းဝတ္ထုတိုများကို ၁၉၉၆ ခုနှစ်က ကျွန်တော် စတင်ဘာသာပြန်ခဲ့သည်။ သို့သော်လည်း နှစ်ပုဒ်မျှ ဘာသာပြန်အပြီးတွင် အကြောင်းအမျိုးမျိုးကြောင့် ရပ်ထားခဲ့ပါသည်။ စာပေလောက ပြန်လည်ဖွံ့ဖြိုးတိုးတက်လာပြီဆိုပါက ထိုဝတ္ထုများကို ဆက်လက်၍ ဘာသာပြန်ဆိုထုတ်ဝေနိုင်လိမ့်မည်ဟု မျှော်လင့်ရပါသည်။

*

စာရေးဆရာကြီး လီယိုတော်လ်စတွိုင်းသည် သူ၏ဘဝအမြင်၊ လောကအမြင်နှင့် လူ့ကိုယ်ကျင့်တရားများကို သူ့ဇာတ်ကောင်များမှတစ်ဆင့် စာဖတ်ပရိသတ်ထံ တင်ပြလေ့ရှိသည်။ ယခု ဤစာအုပ်ပါ ပုံပြင်ဝတ္ထုတို နှစ်ဆယ့်သုံးပုဒ်တွင်လည်း ထိုသဘောအတိုင်းပင်ဖြစ်သည်ကို တွေ့ရ၏။ အချို့သော ပုဂ္ဂိုလ်များကတော့ ဤပုံပြင်ဝတ္ထုတိုများကို ဖတ်မိကြသည့်အခါ ရုရှားစာရေးဆရာကြီး တော်လ်စတွိုင်း၏ အတွေးအမြင်နှင့် အယူအဆများသည် ဗုဒ္ဓဘာသာနှင့် အလွန်နီးစပ်သည်ဟု ဆိုကြသည်။

mgyoe.com

mgyoe.com

SAMPLE BOOK

မည်သို့ပင်ဖြစ်စေ လူတို့၏ ကိုယ်ချင်းစာတရား နည်းပါးမှု၊ မေ့မေ့လျော့လျော့ နေတတ်မှု၊ လောဘ၊ ဒေါသ၊ မောဟနှင့် မာန်မာနကြီးမားမှု၊ ငါနှင့် ငါ့သာ နှိုင်းစရာ ဟူသော အမြင်ကျဉ်းမြောင်းမှု၊ အချင်းချင်း အကြင်နာတရား ကင်းမဲ့မှု၊ အသိပညာ နည်းပါးခြင်းကို အခြေခံသော မိုက်မဲမှု... စသည် စသည်များနှင့် ဆက်စပ်ပတ်သက်နေ သည့် အကြောင်းအရာများကိုမူကား ဤပုံပြင်ဝတ္ထုတိုများထဲတွင် တွေ့မြင်ကြရလိမ့် မည်ဟု ထင်ပါသည်။

မောင်ထွန်းသူ

၂၉-၉-၁၉၉၉

▫

mgyoe.com

mgyoe.com SAMPLE BOOK

အပိုင်း–တစ်
ကလေးသူငယ်များအတွက် ပုံပြင်များ

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com SAMPLE BOOK

[၁]
ကံကြမ္မာ

ဗလာဒီမာမြို့တွင် 'အီဗန်ဒီမစ်ထရစ် အက်ဆီနော့ဗ်' အမည်ရှိ လူရွယ် ကုန်သည်တစ်ယောက် ရှိသည်။ သူ့တွင် ဆိုင်နှစ်ဆိုင်ရှိ၍ ကိုယ်ပိုင်အိမ်တစ်လုံးလည်း ရှိသည်။

အက်ဆီနော့ဗ်သည် လူချောလူလှတစ်ဦးဖြစ်သည်။ သူ့ဆံပင်သည် အရောင်ခပ်ဖျော့ဖျော့၊ အခွေအလိပ်ကလေးများ ကျနေသဖြင့် ကြည့်လို့ကောင်းသည်။ ပျော်ပျော်နေတတ်ပြီး သီချင်းဆို ဝါသနာကြီးသည်။ လူငယ်ဘဝတုန်းကတော့ အရက်သေစက်တတ်သည်။ များများသောက်မိသည့်အခါများတွင်လည်း ဆူဆူပူပူ လုပ်ချင်တတ်သည်။ သို့သော်လည်း အိမ်ထောင်ကျပါပြီဆိုကတည်းက တစ်ခါတစ်ရံ မရှောင်မလွှဲသာ၍ သောက်သည်မှတစ်ပါး အရက်ကို လုံးဝဖြတ်လိုက်သည်။

နွေတစ်နွေတွင် အက်ဆီနော့ဗ်သည် လစ်ဖ်နီဈေးသို့သွားသည်။ အိမ်မှ မထွက်မီ သူ့မိသားစုကို နှုတ်ဆက်သည့်အခါ သူ့မိန်းမက–

"အက်ဆီနော့ဗ်ရယ်... ကနေ့ မသွားပါနဲ့ဦးလား၊ ကျွန်မ ရှင်နဲ့ပတ်သက်ပြီး အိပ်မက်ဆိုးတစ်ခု မက်ထားလို့ပါ"

ဟု ပြောသည်။

ထိုအခါ အက်ဆီနော့ဗ်က ရယ်မောပြီး ပြန်ပြောသည်။

"မင်းက ငါ ဈေးရောက်တဲ့အခါ အပျော်ကြူးနေမှာကို စိုးရိမ်နေဟန်တူပါရဲ့"

သူ့မိန်းမက ပြန်ပြောသည်။

mgyoe.com

"ကျွန်မ ဘာကို စိုးရိမ်နေမိတယ်ဆိုတာ အတိအကျတော့မပြောတတ်ဘူး၊ အိပ်မက်ထဲမှာတော့ ရှင် မြို့ကပြန်လာတယ်၊ ရှင့်ခေါင်းက ဦးထုပ်ကို ချွတ်လိုက်တော့ ရှင့်ဆံပင်တွေဟာ ဖွေးဖွေးလှုပ်အောင် ဖြူနေတာ မြင်ရတယ်"

အက်ဆီနော့ဗ်က ထပ်၍ ရယ်ပြန်သည်။

"အဲဒါ ကံကောင်းတဲ့ အတိတ်နိမိတ်ကွ"

ဟု ပြော့သည်။

"ငါယူသွားတဲ့ကုန်တွေ အကုန်ရောင်းရပြီး အပြန်မှာ မင့်အတွက် လက်ဆောင်တွေ ဝယ်လာနိုင်မလား၊ မဝယ်လာနိုင်ဘူးလားဆိုတာ မင်း စောင့်ကြည့်"

ယင်းကဲ့သို့ ပြောဆိုပြီးသော် အက်ဆီနော့ဗ်သည် သူ့မိသားစုကို နှုတ်ဆက်ကာ အိမ်မှ ထွက်ခွာသွားလေသည်။

ခရီးတစ်ဝက် ရောက်သည့်အခါ သူနှင့် သိကျွမ်းခင်မင်နေသော ကုန်သည်တစ်ယောက်နှင့် ဆုံမိကြသဖြင့် အတူတူသွားကာ ထိုနေ့ညအဖို့ ထမင်းဆိုင်တစ်ဆိုင်၌ အတူတူပင် တည်းကြသည်။ သူတို့သည် ထမင်းဆိုင်ထဲတွင် အတူတူတွဲ၍ လက်ဖက်ရည်သောက်ကာ အိပ်ခန်းချင်းဆက်နေသော အခန်းများ၌ တစ်ယောက်တစ်ခန်းခွဲ၍ အိပ်ကြသည်။ အက်ဆီနော့ဗ်သည် နေမြင့်အောင် အိပ်တတ်သူတစ်ဦးမဟုတ်၊ အိပ်ရာမှ စောစောစီးစီးထကာ နေမပူခင် ခရီးထွက်ချင်တတ်သော အလေ့အထရှိသည်။ အခုလည်း သူသည် အရုဏ်မတက်ခင် သူ့ရထားသမားကိုနှိုးပြီး မြင်းများပြင်ခိုင်းသည်။

ထို့နောက် သူသည် ထမင်းဆိုင်၏နောက်ဘက်၌ ကော့တော့ချ် တိုက်ကလေးတစ်လုံးနှင့် သီးခြားနေသော ထမင်းဆိုင်ရှင်ထံဝင်၍ အခန်းခနှင့် စားသောက်စရိတ်များကို ပေးကာ သူ့ခရီးကိုဆက်ခဲ့လေ၏။

၂၅ မိုင်နီးပါးမျှ ခရီးပေါက်သောအခါ သူသည် မြင်းများကို အစာရေစာကျွေးမွေးနိုင်ရန် ထမင်းဆိုင်တစ်ဆိုင်၌ ဝင်နားသည်။ သူကိုယ်တိုင်လည်း ဆိုင်ထဲ၌ ခဏတာမျှ အပန်းဖြေသည်။ ထို့နောက် သူသည် ဆင်ဝင်သို့ထွက်ကာ ရေနွေးကြမ်းတစ်အိုး ဘေး၌ချပြီး ဂစ်တာတီးလျက်ရှိ၏။

ထိုအခိုက်တွင် ရတ်တရက် အချက်ပေးခေါင်းလောင်းကို ဆူညံစွာ တီးလာနေသော မြင်းသုံးကောင်တပ် ရထားလုံးတစ်စီး ဆိုက်ရောက်လာပြီး အထဲမှ အရာရှိတစ်ယောက်နှင့် ရဲသားနှစ်ယောက် ဆင်းလာသည်။ အရာရှိသည် အက်ဆီနော့ဗ်ထံ

mgyoe.com

mgyoe.com SAMPLE BOOK

လျှောက်လာပြီး...

"ဘယ်သူလဲ၊ ဘယ်တုန်းက ဒီကိုရောက်လာသလဲ" စသော မေးခွန်းများ မေးသည်။ အက်ဆီနော့ဗ်ကလည်း ချောင်းစွာဖြင့် ပြည့်ပြည့်စုံစုံ အဖြေပေးပြီး...

"ရေနွေးသောက်ပါဦးလားခင်ဗျာ"

ဟု အရာရှိကို ဖိတ်သည်။ သို့သော်လည်း အရာရှိသည် သူ၏ဖိတ်ခေါ်မှုကို ဂရုမထားဘဲ သူမေးစရာရှိသမျှကိုသာ ဆက်မေးသည်။

"မနေ့ညက ခင်ဗျား ဘယ်မှာအိပ်သလဲ၊ တစ်ယောက်တည်း အိပ်တာလား၊ မိတ်ဆွေကုန်သည်တစ်ယောက်နဲ့ အိပ်တာလား၊ ဒီကနေ့မနက် အဲဒီကုန်သည်ကို နှုတ်ဆက်ခဲ့သေးသလား။ ဘာကြောင့် ထမင်းဆိုင်က အရုဏ်မတက်ခင် ထွက်သွားရတာလဲ"

အက်ဆီနော့ဗ်သည် အံ့အားသင့်လျက်ရှိ၏။ သူ့အား ဘာကြောင့် ဤမေးခွန်းတွေ လာမေးနေတာပါလိမ့်ဟု စဉ်းစားသည်။ မည်သို့ပင်ဖြစ်စေ သူကတော့ အရာရှိ မေးသမျှကို စိတ်ရှည်လက်ရှည်ဖြေသည်။ ပြီးတော့ ပြန်မေးသည်။

"ကျွန်တော့်ကို သူခိုးဓားပြတစ်ယောက်မေးသလို ဘာပြုလို့ စစ်ဆေးမေးမြန်းနေရတာလဲ။ ကျွန်တော် အရောင်းအဝယ်လုပ်ငန်းနဲ့ ခရီးထွက်လာတာပါ၊ ဒါမျိုးတွေ ကျွန်တော့်ကို မေးဖို့ မလိုအပ်ဘူး ထင်ပါတယ်"

ထိုအခါ အရာရှိက သူ့တပည့် ရဲသားနှစ်ယောက်ကို လှမ်းခေါ်ပြီး အက်ဆီနော့ဗ်အား ပြောသည်။

"ကျုပ်ဟာ ဒီခရိုင်ထဲက ရဲအရာရှိတစ်ယောက်ပဲ။ ကျုပ် ခင်ဗျားကို မေးခွန်းတွေ လာမေးနေတာ တခြားကြောင့်မဟုတ်ဘူး၊ မနေ့ညက ခင်ဗျားနဲ့အတူတူ ထမင်းဆိုင်မှာ တည်းခဲ့တဲ့ကုန်သည်ဟာ လည်ပင်းမှာ ဓားဒဏ်ရာကြီးနဲ့ အိပ်ရာထဲ သေနေတာ တွေ့ရတယ်။ ကျုပ်တို့ ခင်ဗျားပစ္စည်းတွေကို ရှာကြရလိမ့်မယ်"

ရဲများသည် ထမင်းဆိုင်ထဲသို့ ဝင်၍ အက်ဆီနော့ဗ်၏ ပစ္စည်းများကို ရှာဖွေကြသည်။ ရဲအရာရှိသည် အက်ဆီနော့ဗ်၏ အိတ်တစ်လုံးထဲမှ ဓားတစ်ချောင်းကို ဆွဲထုတ်လိုက်ပြီး...

"ဒါ ဘယ်သူ့ဓားလဲ"

ဟု အော်ကြီးဟစ်ကျယ် လှမ်းမေးသည်။

အက်ဆီနော့ဗ်က ဓားတစ်လက်ထွက်လာသည်ကို မြင်သောအခါ ထိတ်လန့်

mgyoe.com

mgyoe.com SAMPLE BOOK

တုန်လှုပ်လျက်ရှိလေ၏။

"ဒီဓားမှာ ဘယ်လိုဖြစ်ပြီး သွေးတွေစွန်းနေရတာလဲ"

အက်ဆီနော့ဗ်က အဖြေပေးရန် အားထုတ်ပါသော်လည်း ချက်ချင်းမဖြေနိုင်။ စကားတစ်ခွန်းမျှ သူ့ပါးစပ်မှ ရှောရှောရှူရှူထွက်မလာ။ သူသည် ထစ်တီးထစ်ငေါ့ ဖြစ်လျက်ရှိသည်။

"ကျွန်... ကျွန်... ကျွန်တော် မသိပါဘူး၊ ကျွန်... ကျွန်တော့်ဓားလည်း မဟုတ်ပါဘူး"

ထိုအခါ ရဲအရာရှိက ရှင်းပြသည်။

"ဒီနေ့ မနက် ခင်ဗျားမိတ်ဆွေ ကုန်သည်ကို အိပ်ရာထဲမှာ လည်ပင်းဓားဒဏ်ရာ ရပြီး သေနေတာ တွေ့ခဲ့ကြရတယ်။ သတ်တဲ့လူဟာ ခင်ဗျားကလွဲပြီး တခြားလူ မဖြစ်နိုင်ဘူး။ သော့တွေက အတွင်းကပိတ်ထားတာ၊ အပြင်လူ ဝင်နိုင်ဖို့မလွယ်ဘူး၊ အခန်းထဲမှာ တခြားလူ ဘယ်သူမှမရှိဘူး၊ အခုတစ်ခါ ခင်ဗျားရဲ့အိတ်ထဲက သွေးစွန်း နေတဲ့ ဓားမြှောင်ကို တွေ့ရပြန်တယ်။ ခင်ဗျားရဲ့မျက်နှာထားနဲ့ အမူအရာတွေကလည်း သိပ်ပျက်နေတယ်။ ခင်ဗျား သူ့ကို ဘယ်လိုသတ်ခဲ့သလဲ၊ သူ့ဆီက ငွေတွေ ဘယ် လောက် ခိုးသွားသလဲဆိုတာသာ ကျုပ်ကိုပြောပါ"

အက်ဆီနော့ဗ်က ထိုရာဇဝတ်မှုကို သူ မကျူးလွန်ကြောင်း အမျိုးမျိုး ကျိန်တွယ် ပြီး ပြောသည်။ သူတို့နှစ်ယောက် ဆိုင်ထဲ၌ အတူတူလက်ဖက်ရည်သောက်ပြီးနောက် လူချင်းမတွေ့တော့။ သူ့ထံတွင် သူပိုင်ငွေ ရူဘယ် ၈,၀၀၀ သာ ပါသည်။ ဓားမှာ သူ့ဓားမဟုတ် စသည်ဖြင့် ရှင်းပြပါသည်။ သို့သော်လည်း ပြောရင်း ပြောရင်းနှင့် သူ့အသံသည် အက်ကွဲလာသည်။ သူ့မျက်နှာသည် ဖြူဖပ်ဖြူရော်ဖြစ်လာသည်။ အပြစ်ရှိသူတစ်ဦးသဖွယ် ကြောက်စိတ်ဖြင့် တစ်ကိုယ်လုံး တုန်ယင်လှုပ်ရှားလာသည်။

အရာရှိက အက်ဆီနော့ဗ်ကို လက်ထိတ်ခတ်ပြီး ကြိုးနှင့်ချည်၍ ရထားပေါ်တင် ဟု သူ့ရဲသားနှစ်ယောက်ကို အမိန့်ပေးသည်။ ရဲသားများက အက်ဆီနော့ဗ်၏ ခြေ ထောက်များကို ကြိုးနှင့်ပူးချည်ပြီး ရထားပေါ်တင်ကြသည့်အခါ သူသည် ဘုရားသခင် ကို တမ်းတကာ ဝမ်းနည်းပက်လက် ငိုကြွေးရှာသည်။ ရဲသားများသည် သူ့ကုန်ပစ္စည်း အားလုံးကို သိမ်းယူလိုက်ကြပြီး သူ့အား အနီးဆုံးမြို့တစ်မြို့သို့ပို့ကာ ထောင်သွင်း အကျဉ်းချထားလိုက်ကြလေ၏။

သူ၏အကျင့်စာရိတ္တနှင့်ပတ်သက်၍ ဗလာဒီမာမြို့သို့ လှမ်း၍ စုံစမ်းမေးမြန်း

mgyoe.com

mgyoe.com SAMPLE BOOK

ကြသည်။ ထိုမြို့မှ ကုန်သည်ကြီးများနှင့် လူအများက အက်ဆီနော့ဗ်သည် ဟိုတစ်ချိန်တုန်းကတော့ အရက်သေစာ သောက်စားမူးယစ်ပြီး အချိန်ဖြုန်းနေသည့် လူပေါ်ကြော့တစ်ဦးဖြစ်ကြောင်း၊ သို့သော်လည်း လူကတော့ ရိုးသားဖြောင့်မတ်သည့် လူကောင်းတစ်ယောက်ဖြစ်ကြောင်း ပြောပြကြသည်။ ထို့နောက် သူ့အမှုကိုရုံးတင်သည်။ သူ့အား ရာဇန်မြို့မှ ကုန်သည်တစ်ဦးကို သတ်ပြီး ရူဘယ်ငွေ ၂၀,၀၀၀ ခိုးယူမှုဖြင့် တရားစွဲကာ စစ်ဆေးခံရသည်။

ဤသို့ဖြင့် အက်ဆီနော့ဗ်၏ မိန်းမသည် မျှော်လင့်ချက်ဟူ၍ မထားနိုင်တော့သည့်အခြေသို့ ဆိုက်ရောက်သွားသည်။ သူ့အနေဖြင့် ဘယ်ဟာကို ယုံရမှန်းမသိ။ သူ့သားသမီးတွေအားလုံး အရွယ်မရောက်ကြသေး။ ကလေးတစ်ယောက်မှာ ယခုအချိန်ထိ သူ့ရင်ခွင်၌တင်၍ နို့တိုက်နေရဆဲ။ သူသည် ကလေးအားလုံးကိုခေါ်၍ သူ့ယောကျ်ားရှိရာမြို့မှ အကျဉ်းထောင်သို့ သွားသည်။ ပထမသော် အာဏာပိုင်များက သူ့အား သူ့ယောကျ်ားနှင့် တွေ့ခွင့်မပေး။ သို့သော်လည်း အကြိမ်ကြိမ် အသနားခံသည့်အခါ သက်ဆိုင်ရာအရာရှိများထံမှ ခွင့်ပြုချက်ရရှိပြီး သူ့အား ထောင်သို့ ပို့ပေးကြသည်။

သူ့ယောကျ်ားအား ထောင်အဝတ်အစားဝတ်၍ ခြေနှစ်ဖက်တွင် သံခြေချင်းများခတ်ကာ အခြားသော သူခိုးဓားပြ ရာဇဝတ်သားများနှင့် တွဲထားသည်ကို မြင်သောအခါ အက်ဆီနော့ဗ်၏မိန်းမသည် သတိလစ်ပြီး လဲကျသွားသည်။ အချိန်အတော်ကြီးကြာမှ သတိပြန်လည်လာသည်။

ထို့နောက် သူသည် ကလေးများကို သူ့အနီး၌ခေါ်ထားပြီး သူ့ယောကျ်ားနား၌ထိုင်သည်။ အိမ်မှ ကိစ္စဝိစ္စများအကြောင်း ပြောပြပြီးသည့်အခါကျမှပင် သူ့ယောကျ်ား၏အဖြစ်ကို မေးမြန်းသည်။ အက်ဆီနော့ဗ်ကလည်း သူကြုံခဲ့ရသမျှကို ပြောပြသည်။ ထိုအခါ သူ့မိန်းမက...

"ဒီလိုဆိုရင် ကျွန်မတို့ ဘယ်လိုလုပ်ကြမလဲ"

ဟု မေးသည်။

"အပြစ်ကင်းစင်တဲ့ လူတစ်ယောက်ရဲ့ဘဝကို ပျက်စီးမသွားအောင် တားမြစ်ပေးဖို့ ဇာဘုရင်ဆီ အသနားခံစာ တင်ရတော့မှာပေါ့ကွယ်"

ထိုအခါ သူ့မိန်းမက ဇာဘုရင်ထံ အသနားခံစာတစ်စောင် တင်ခဲ့ပြီးပြီဖြစ်ကြောင်း၊ ထိုစာကို လက်မခံဘဲ ပယ်ချလိုက်ကြောင်း ပြောသည်။ အက်ဆီနော့ဗ်သည်
mgyoe.com

ဘာပြောရမှန်းမသိဖြစ်ကာ ခေါင်းငုံ့နေသည်။

သူ့မိန်းမက...

"ရှင့်ဆံပင်တွေ ဖြူကုန်တယ်လို့ ကျွန်မ အိပ်မက်,မက်ခဲ့တာ အခိပ္ပာယ်ရှိနေပြီပေါ့။ ရှင် မှတ်မိသေးရဲ့လား၊ အမှန်တော့ အဲဒီနေ့က ရှင် ခရီးမထွက်သင့်ဘူး"

ဟု ပြောသည်။ သူ့မိန်းမသည် အက်ဆီနော့ဗ်၏ဆံပင်များကို သူ့လက်ချောင်းများဖြင့် အသာအယာ ထိုးဖွပေးနေရာမှ...

"အချစ်ရယ်၊ ရှင့်မိန်းမကိုတော့ အမှန်အတိုင်းပြောပြပါလား၊ ဒီကိစ္စကို လုပ်တဲ့လူ ရှင်မဟုတ်ဘူးဆိုတာ တကယ်ပဲလား... ဟင်"

ဟု မေးသည်။

"ဩော်... မင်းကပါ ငါ့အပေါ် သံသယရှိနေတာကိုး"

ဟု အက်ဆီနော့ဗ်က သူ့မျက်နှာကို လက်ဝါးနှစ်ဖက်ဖြင့် အုပ်၍ ပြောသည်။ ပြီးတော့ ဝမ်းနည်းကြေကွဲစွာဖြင့် ငိုကြွေးသည်။ မကြာခင် ထောင်ကြပ်တစ်ဦး ရောက်လာပြီး သူ့မိန်းမနှင့် သားသမီးများအား အချိန်စေ့ပြီဖြစ်၍ ပြန်ကြဖို့ နှင်သည်။ အက်ဆီနော့ဗ်သည် သူ့မိသားစုကို နောက်ဆုံးအကြိမ်အဖြစ် နှုတ်ဆက်လိုက်သည်။

သူ့မိသားစု ပြန်သွားသည့်အခါ အက်ဆီနော့ဗ်သည် သူနှင့် သူ့မိန်းမ ပြောခဲ့ဆိုခဲ့ကြသည့် စကားများကို ပြန်၍ ဆင်ခြင်စဉ်းစားသည်။ ဤအမှုကိစ္စတွင် သူ့မိန်းမကပါ သူ့အပေါ် သံသယမကင်းဖြစ်နေပြီဟူသော အချက်ကို သတိရလိုက်သည့်အခါ သူ့ကိုယ်သူ ပြောမိသည်။

"ဒီကိစ္စမှာ အမှန်ကိုသိနိုင်တဲ့ ပုဂ္ဂိုလ်ဟာ ဘုရားသခင်ပဲရှိတော့ဟန်တူပါရဲ့၊ ငါ့အနေနဲ့ ဘုရားသခင်ဆီမှာပဲ အသနားခံမှဖြစ်တော့မှာပါ။ ကရုဏာတရားကို ဘုရားသခင်ဆီကပဲ မျှော်လင့်ရတော့မှာပဲ"

ထိုအချိန်မှစ၍ အက်ဆီနော့ဗ်သည် အသနားခံစာများ လုံးဝမတင်တော့ပေ။ မျှော်လင့်ချက်ဟူသမျှကို စွန့်လွှတ်ကာ နေ့စဉ်အချိန်ရသမျှ ဘုရားသခင်ကိုသာ အာရုံပြုလျက်ရှိ၏။

တရားရုံးက အက်ဆီနော့ဗ်အား ကြိမ်ဒဏ်ပေးရန်နှင့် သတ္တုတွင်းများသို့ အလုပ်ကြမ်းနှင့်ပို့ရန် စီရင်ချက်ချသည်။ ထို့ကြောင့် သူ့အား ကြိမ်ဒဏ်ပေးသည်။ ဒဏ်ရာများ ပျောက်ကင်းသွားသည့်အခါ သူ့အား အခြားထောင်ကျများနှင့်အတူ ဆိုက်ဘေးရီးယားသို့ ပို့လိုက်လေ၏။

mgyoe.com

အက်ဆီနော့ဗ်သည် ဆိုက်ဘေးရီးယားပြည်နယ်တွင် ထောင်သားအဖြစ် နှစ်ပေါင်း ၂၆ နှစ်ကြာမျှ နေခဲ့ရ၏။ သူ့ဆံပင်များသည် ဆီးနှင်းသဖွယ် ဖွေးဖွေးလှုပ် နေကြလေပြီ။ သူ့မုတ်ဆိတ်မွေးဖြူဖြူသည် ရှည်လျားလှလေပြီ။ သူ့တွင် သာယာ ပျော်ရွှင်မှုဟူသမျှ ဆိတ်သုဉ်းသွားခဲ့ပြီဖြစ်၏။

ခါးသည်ပင်လျှင် ကိုင်းနေပြီဖြစ်၍ သူလမ်းလျှောက်လျှင် ဖြည်းဖြည်းသာသာ လေး လျှောက်တတ်သည်။ စကားလည်း အလွန်နည်းလာသည်။ ဘယ်တော့မျှ ပြုံးသည် ရယ်သည်ဟုလည်း မရှိ။ သို့သော်လည်း ဘုရားကိုတော့ မကြာခဏ ရှိခိုးနေ တတ်သည်။

ထောင်ထဲတွင် အက်ဆီနော့ဗ်သည် ရှူးဖိနပ်ကြီးများ ချုပ်လုပ်သည့် အတတ် ပညာကို သင်ယူသည်။ ထိုလုပ်ငန်းမှ ဝင်ငွေ အနည်းအပါးရလာသောအခါ 'သူတော် စင်များ အတ္ထုပ္ပတ္တိ' စာအုပ်ကို ဝယ်သည်။

ထောင်ထဲတွင် ရှိနေသည့် အလင်းရောင်ဖြင့် ထိုစာအုပ်ကိုဖတ်သည်။ တနင်္ဂနွေ နေ့များတွင်မူ သူသည် ထောင်ဘုရားရှိခိုးကျောင်းသို့သွား၍ သမ္မာကျမ်းစာ ဖတ်ပြ ခြင်းနှင့် ဓမ္မတေးသီချင်း သီဆိုခြင်းများ ဆောင်ရွက်စေသည်။ သူ့အသံသည် ဤ အသက်အရွယ်ထိ ကောင်းနေဆဲဖြစ်သည်။

ထောင်အာဏာပိုင်များသည် မာန်မာန လုံးဝမရှိသော အက်ဆီနော့ဗ်ကို အလွန် သဘောကျသည်၊ ခင်မင်လေးစားကြသည်။ ဘဝတူထောင်သားများကလည်း အက်ဆီ နော့ဗ်အား ရိုသေလေးစားကြသည်။ သူတို့ အက်ဆီနော့ဗ်အား 'အဘိုး' ဟုလည်း ကောင်း၊ 'သူတော်စင်ကြီး' ဟုလည်းကောင်း ခေါ်ကြသည်။ သူတို့အနေဖြင့် အကြောင်း ကိစ္စ တစ်စုံတစ်ရာပေါ်လာ၍ ထောင်အာဏာပိုင်များထံ အသနားခံစာတင်လိုသည့် အခါ အက်ဆီနော့ဗ်အား သူတို့၏ ကိုယ်စားလှယ်အဖြစ် ရွေးချယ်ပြီး တာဝန်ပေးကြ သည်။ ထောင်သားချင်း ပဋိပက္ခဖြစ်ကြသည့်အခါများတွင်လည်း သူတို့သည် အက်ဆီနော့ဗ်ထံ ရောက်လာပြီး နှစ်ဖက် အငြင်းပွားမှုကို အမှန်အတိုင်းဖြစ်အောင်၊ ပြေလည်သွားအောင် ဆုံးဖြတ်ခိုင်းတတ်ကြလေသည်။

အက်ဆီနော့ဗ်ထံသို့ သူ့အိမ်မှ ဘာသတင်းမျှရောက်မလာ။ သူ့မိန်းမနှင့် သားသမီးများ ဘယ်လိုနေထိုင်ကြသည်ကို သိဖို့မဆိုထားနှင့်၊ သေသည် ရှင်သည်ကို ပင် သူမသိရ။

တစ်ရက်တွင် ထောင်သားအသစ်များ ဆိုက်ရောက်လာကြသည်။ ညပိုင်းတွင်

 mgyoe.com SAMPLE BOOK

ထောင်သားဟောင်းများသည် လူသစ်များအနီး၌ စုဝိုင်းထိုင်ကာ ဘယ်မြို့၊ ဘယ်ရွာက ရောက်လာကြတာလဲ၊ ဘာမှုတွေနဲ့လဲ စသည်များကို မေးမြန်းစုံစမ်းကြသည်။ အကျဉ်းသားတစ်ဦးဖြစ်သော အက်ဆီနော့ဗ်သည်လည်း လူသစ်များအနီး၌ ဦးခေါင်းငိုက်စိုက်ချထိုင်ကာ ပြောသမျှစကားများကို နားစွင့်လျက်ရှိ၏။

လူသစ်များထဲမှ အရပ်မြင့်မြင့်၊ လူလုံးလူဖန်တောင့်တောင့်၊ မုတ်ဆိတ်မွေးတိုနံ့နံ့နှင့် အသက် ၆၀ ခန့်လူသည် သူဘာကြောင့် ထောင်ကျလာသည်ကို အခြားလူများအား ပြောပြလျက်ရှိသည်။

"ကျုပ်က အဖြစ်က ဒီလိုဗျ"

ဟု သူက အစချီသည်။

"ကျုပ်က စွတ်ဖားလှည်းတစ်စီးမှာတပ်ထားတဲ့ မြင်းတစ်ကောင်ကို သွားဖြုတ်မိတာ၊ အဲဒါ ခိုးပါတယ်လို့ စွပ်စွဲခံရတာပဲ၊ ကျုပ်က အိမ်ကို မြန်မြန်ပြန်ရောက်ချင်လို့ယူတာ၊ ခိုးတာမဟုတ်ပါဘူးလို့ ပြောပေမဲ့ မရဘူးဗျ။ ပြီးတော့လည်း လှည်းသမားဟာ ကျုပ်ရဲ့ သူငယ်ချင်းဖြစ်တဲ့အတွက် သည်ကိစ္စမှာ ဘာပြဿနာမှ ပေါ်စရာမရှိပါဘူးလို့ ရှင်းပြတယ်။ အဲဒါလည်း သူတို့က လက်မခံဘူး၊ 'မင်း မြင်းသူခိုး' တဲ့။ သူတို့အနေနဲ့ သည်မြင်းကို ဘယ်နေရာက ဘယ်လိုခိုးလာတယ်ဆိုတာကျတော့ သူတို့ပြောနိုင်တာမဟုတ်ဘူး၊ တစ်ချိန်တုန်းက ကျုပ် အခုထက်ဆိုးတဲ့ ပြစ်မှုတစ်ခု ကျူးလွန်ခဲ့ဖူးတယ်ဗျ သိလား...

"အမှန်အတိုင်းပြောရရင် ကျုပ် ဒီနေရာကို ရောက်နေသင့်တာကြာပြီ၊ ဒါပေမဲ့ အဲဒီပြစ်မှုတုန်းကတော့ သူတို့က နည်းနည်းလေးမှ မသိကြတော့ ဘာမှမလုပ်ကြဘူးပေါ့။ ကျုပ် အခုရောက်လာတာကတော့ ဘာအပြစ်မှမလုပ်ဘဲ ရောက်လာတာအမှန်ပဲ၊ အဲ တစ်ခုတော့ရှိတယ်၊ အခု ကျုပ်ပြောနေတာ လိမ်ပြောတာလို့ ဆိုရမယ် ထင်တယ်။ ကျုပ် ဆိုက်ဘေးရီးယားကို အရင်က တစ်ကြိမ် ရောက်ဖူးခဲ့သေးတယ်၊ ကြာကြာတော့ မနေခဲ့ရပါဘူး"

"ဒါနဲ့ နေပါဦး၊ ခင်ဗျားက ဘယ်မြို့ကလဲ"

ဟု ထောင်သားတစ်ယောက်က ကြားဖြတ်မေးသည်။

"ကျုပ်လား... ကျုပ်က ဗလာဒီမာမြို့ကပါ၊ မိသားစုလည်း အဲဒီမှာပဲ။ ကျုပ်နာမည်က 'မာကာ' လို့ ခေါ်တယ်။ တစ်ခါတလေကျတော့လည်း 'ဆီမျိုနစ်' လို့ ခေါ်ကြတယ်"

mgyoe.com

mgyoe.com SAMPLE BOOK

အက်ဆီနော့ဗ်၏ ငုံ့နေသော ဦးခေါင်းသည် ဖျတ်ခနဲ ထောင်လာသည်။

"ငါ တစ်ခုလောက် သိပါရစေ၊ ဗလာဒီမာမြို့က ကုန်သည် အက်ဆီနော့ဗ် မိသားစုကို မင်း သိများသိမလား၊ အခု သူတို့ ကျန်းကျန်းမာမာပဲလားကွဲ့"

ဟု မေးသည်။

"ဟား... သူတို့ကို သိပ်သိတာပေါ့၊ အက်ဆီနော့ဗ်မိသားစုက လူချမ်းသာတွေပဲ၊ သူတို့အဖေကတော့ ဒီဆိုက်ဘေးရီးယားမှာ ရောက်နေတယ်။ သူလည်း ကျုပ်တို့လို ဒုစရိုက်သမားတစ်ယောက်ပဲ ထင်ပါရဲ့၊ ဒါနဲ့ နေပါဦး၊ အဘိုးကကော ဘယ်လိုဖြစ်ပြီး ဒီရောက်လာရတာလဲ"

အက်ဆီနော့ဗ်သည် သူ၏ကံမကောင်း အကြောင်းမလှခဲ့သည့်အဖြစ်ကို ပြန်လည်၍ ပြောပြလိုစိတ်မရှိ၊ သူသည် သက်ပြင်းတစ်ချက် ချလိုက်ပြီး...

"ငါ ကံမကောင်းလွန်းလို့ ထောင်ထဲ ရောက်လာခဲ့ရတာ ၂၆ နှစ် ရှိသွားပါပြီကွယ်"

ဟုသာ ပြောသည်။

"ဘယ်လို ကံမျိုးလဲဗျာ"

ဟု မာကာက ပြန်မေးသည်။

သို့သော်လည်း အက်ဆီနော့ဗ်သည် မေးခွန်းကို မဖြေ။

"ထိုက်တန်လို့ရတဲ့ အပြစ်လို့ပဲ ဆိုကြပါစို့ကွာ"

ဟုသာ ပြောသည်။

ထိုထက်ပို၍ မပြော။ ထိုအခါ ဝိုင်းထိုင်နေကြသူများက တစ်ယောက်တစ်ပေါက် ဝင်ပြောကြသည်။ ကုန်သည်တစ်ယောက်ကို လူတစ်ယောက်က သတ်သွားပြီး ဓားကို အက်ဆီနော့ဗ်အိတ်ထဲ ထည့်ခဲ့ရာမှအစ အက်ဆီနော့ဗ်ခမျာ တရားရုံးက မတရားသဖြင့် အပြစ်ပေးခြင်းကို ခံခဲ့ရရှာကြောင်း ရှင်းပြကြသည်။

ထိုအခါ မာကာသည် အက်ဆီနော့ဗ်ကို တအံ့တသြ ကြည့်သည်။ ပြီးတော့ သူ့ဒူးကို လက်ဝါးနှင့် တစ်ချက်ပုတ်လိုက်ပြီး ရေရွတ်သည်။

"အင်း... အတော့်ကို အံ့သြစရာကောင်းတာပါလား၊ တကယ်ပါဗျာ၊ အံ့သြစရာ သိပ်ကောင်းတယ်၊ အတော်ထူးဆန်းတာပဲနော်၊ အခု အဘိုးအသက် ဘယ်လောက်ရှိသွားပြီလဲ"

အခြားလူများက မာကာအား ဘာကြောင့် အခုလောက်ထိ အံ့သြသွားရတာလဲ၊

mgyoe.com

mgyoe.com SAMPLE BOOK

အရင်က အက်ဆီနော့ဗ်ကို တွေ့ဖူး မြင်ဖူးလို့လား စသည်ဖြင့် ဝိုင်းမေးကြသည်။ သို့သော်လည်း မာကာသည် ထိုမေးခွန်းများကို ပြန်မဖြေဘဲ...

"ကျုပ်တို့နှစ်ယောက် ဒီနေရာမှာ လာဆုံမိကြတာကတော့ဖြင့် အတော့်ကို အံ့သြစရာကောင်းတာပဲ ကိုယ့်လူတို့ရေ"

ဟုသာ ပြန်ပြောသည်။

ဤစကားကြောင့် အက်ဆီနော့ဗ်သည် စိတ်ထဲမှ ကျိတ်၍ အံ့သြလျက်ရှိသည်။ ကုန်သည်ကို သတ်သွားသည့် တရားခံအစစ်အား ဒီလူ သိများသိလေသလားဟုလည်း တွေးမိသည်။ ထို့ကြောင့်လည်း...

"အဲ့ဒီလူသတ်မှုအကြောင်း မင်း ကြားခဲ့ဖူးလို့လား မာကာ၊ ဒါမှမဟုတ်လဲ ငါ့ကို အရင်က တစ်နေရာရာမှာ မင်း တွေ့ဖူး၊ မြင်ဖူးခဲ့သလား"

ဟု မေးမိ၏။

"ဟာ... ဗျာ၊ ကြားတာကတော့ ဘယ်မကြားဘဲ နေပါ့မလဲ၊ ဒီကမ္ဘာလောကကြီး တစ်ခုလုံးဟာ ကောလာဟလ သတင်းစကားတွေနဲ့ ပြည့်လျှံနေတဲ့ နေရာကြီးပဲဟာ။ ဒါပေမဲ့ ခင်ဗျားကိစ္စက ဖြစ်ပြီးခဲ့တာ ကြာပြီဆိုတော့ ကျုပ်ကြားဖူးခဲ့တာ အားလုံးကို အသေးစိတ် ဘယ်မှတ်မိတော့မှာလဲ"

"ကုန်သည်ကို ဘယ်သူသတ်သွားတယ်ဆိုတဲ့ ထင်ကြေးပေးကြတဲ့ စကားတွေကော ကြားများကြားခဲ့ဖူးသလားကွယ်"

ဟု အက်ဆီနော့ဗ်က ထပ်မေးသည်။

မာကာက ရယ်မောပြီး...

"လူသတ်သမားကတော့ ဓားတွေ့တဲ့ အိတ်ပိုင်ရှင်ပဲ ဖြစ်မှာပေါ့ဗျာ"

ဟု ပြောသည်။

"တကယ်လို့ တခြားလူတစ်ယောက်က တိတ်တိတ်ကလေး လာပြီး ထည့်ထားတယ်ဆိုရင်လည်း ပြောရတာခက်သားပဲ။ လက်ဆုပ်လက်ကိုင်မမိသမျှ သူခိုးမဟုတ်ဘူးဆိုတဲ့ စကားလည်းရှိသားပဲ။ နောက်ပြီးတော့ တစ်ခုလည်း စဉ်းစားကြည့်လေ၊ ခင်ဗျား ခေါင်းအောက်မှာထားတဲ့ အိတ်ထဲကို ဘယ်သူက ဓားလာပြီး ဝှက်ထားနိုင်မှာတဲ့လဲ၊ လာဝှက်ရင်ကော ရမလားတဲ့၊ ခင်ဗျား နိုးမှာပေါ့ဗျာ"

ထိုစကားများ ကြားရသည့်အခါ အက်ဆီနော့ဗ် စိတ်ထဲတွင် ကုန်သည်အား သတ်သွားသူသည် ဤလူပင်ဖြစ်ရမည်ဟု တထစ်ချတွက်လိုက်မိ၏။ သူ့သည်
mgyoe.com

ထိုင်ရာမှထကာ အကျဉ်းသားများအပါးမှ ထွက်ခွာသွားသည်။ ထိုညက အက်ဆီနော့ဗ်သည် တစ်ညလုံး အိပ်မပျော်။ စိတ်ဆင်းရဲခြင်းကြီးစွာ ဖြစ်ရ၏။ လူရုပ်လွှာများသည် သူ့စိတ်အာရုံတွင် ထင်ဟပ်လာနေကြသည်။ ပထမဆုံးပေါ်လာသည့် ရုပ်လွှာသည် သူ့မိန်းမ၏ ရုပ်လွှာဖြစ်၏။

အခုပင် သူ့အနား၌ ကပ်၍ ရပ်နေသည့်နှယ် ပီပြင်ပြတ်သားစွာ မြင်နေရသည်။ သူ့မိန်းမ၏ မျက်နှာနှင့် မျက်လုံးများ၊ သူ့မိန်းမ၏ စကားပြောသံနှင့် ရယ်သံများ၊ ထို့နောက် သူ့သားသမီးများ၊ သူထွက်လာခဲ့စဉ်က သားသမီးများသည် အလွန်ငယ်ကြရာ၏။ အငယ်ဆုံးတစ်ယောက်သည် မိခင်ရင်ခွင်၌ နို့ချိုစို့ကောင်းတုန်း။

ထို့နောက်တွင်မူ သူငယ်စဉ်က အလေ့အထများကို သတိရသည်။ ဟိုတုန်းကတော့ သူသည် နုနယ်ပျိုမျစ်သောဘဝ၊ အရွယ်ကကောင်းတုန်း၊ အလွန်ပျော်တတ်သည်။ သူ အဖမ်းခံခဲ့ရသည့်နေ့ ထမင်းဆိုင်ရှေ့ ဆင်ဝင်အောက်၌ သူဘယ်လိုဘယ်နည်း ဂစ်တာတီးနေခဲ့သည်ကို ပြန်၍ မြင်ယောင်သည်။

ဇွဲသြော်... သူသည် မည်မျှလောက် သတိလက်လွတ်နေခဲ့မိပါသနည်း။ သူ ကြိမ်ဒဏ်ခံခဲ့ရသည့်နေရာကို မြင်ယောင်မိပြန်သည်။ သူ့အား ကြိမ်နှင့် ရိုက်နေသူနှင့် ဘေးပတ်ပတ်လည်မှ ရပ်၍ ကြည့်နေကြသူများ၊ သံခြေချင်းများ၊ ထောင်သားများ...။

ထောင်သားဘဝဖြင့် အချိန်တွေ ကုန်လာခဲ့သည်မှာ ၂၆ နှစ်ပင် ရှိခဲ့ပြီ။ အရွယ်ကလည်း အသက်နှင့်မလိုက်အောင်ပင် အိုစာကျနေခဲ့ပြီ။ သူ့ဘဝ အစအဆုံးကို ပြန်တွေးလိုက်မိသည့်အခါ များစွာ ယူကျုံးမရဖြစ်သည်။ စိတ်ဆင်းရဲခြင်းဒုက္ခကို ပြင်းထန်စွာ ခံစားရသည်။ ထိုအခါ သူ့ကိုယ်သူ သတ်သေမိတော့မလို ဖြစ်လာလေ၏။

"ဒီလိုဖြစ်ရတာဟာ ဟိုလူယုတ်မာရဲ့ လက်ချက်ပဲ"

ဟု အက်ဆီနော့ဗ် တွေးမိသည်။ မာကာ့အပေါ် ဒေါသဖြစ်လွန်းသဖြင့် လက်စားချေလိုစိတ် ပြင်းစွာပေါ်လာသည်။ သူသည် စိတ်ကို တည်ငြိမ်အောင် ထိန်းပါသော်လည်း မရ။ တစ်ညလုံး ထိုင်၍ ဘုရားရှိခိုးသည်။ သို့တစေလည်း စိတ်၏ငြိမ်းချမ်းမှုကိုမရ။ နေ့ခင်းဘက် ရောက်လာသည့်အခါ မာကာ့အနီးသို့ မသွားမိအောင် သတိထား၍ ရှောင်သည်။ မတတ်သာလွန်း၍ ဆုံမိပါကလည်း မာကာ့မျက်နှာကို မကြည့်။

ဤသို့ဖြင့် ၁၅ ရက်မျှ ကုန်လွန်လာခဲ့၏။ ညဆိုလျှင် သူ လုံးဝအိပ်မပျော်။ စိတ်ဆင်းရဲလွန်းသဖြင့် တစ်ခုခုကို လုပ်ချင်မိသော်လည်း ဘာလုပ်ရမှန်းမသိ။

တစ်ညတွင် အက်ဆီနော့ဗ်သည် အိပ်မပျော်သဖြင့် လမ်းလျှောက်နေသည်။

mgyoe.com

mgyoe.com SAMPLE BOOK

ထိုအခိုက်တွင် ထောင်သားများ၏ အိပ်စင်တစ်ခုအောက်မှ မြေမှုန့်များ ထွက်လာနေသည်ကို သတိပြုလိုက်မိ၏။ သူသည် ဖျတ်ခနဲ ရပ်လိုက်ပြီး ဘာများပါလိမ့်ဟု တွေးကာ ငုံ့ကြည့်သည်။

ရုတ်တရက် အိပ်စင်အောက်မှ လူတစ်ယောက် လေးဖက်တွား၍ ထွက်လာသည်။ တခြားလူမဟုတ်၊ မာကာဆီမျိုနစ်၊ ထိတ်လန့်ကြောက်ရွံ့သည့် မျက်နှာထားဖြင့် သူ့ကို မော့ကြည့်နေသည်။ အက်ဆီနော့ဗ်က သူ့ကိုမကြည့်ဘဲ ဆက်လျှောက်သွားသည်။ မာကာက နောက်မှလိုက်ပြီး အက်ဆီနော့ဗ်၏ လက်မောင်းကိုဆွဲ၍ နံရံအောက်ခြေတွင် သူအပေါက်တစ်ပေါက် ဖောက်ထားကြောင်း၊ အပေါက်မှ ထွက်လာသမျှ မြေကြီးများကို သူ့ရှူးဖိနပ်များထဲထည့်ကာ နေ့စဉ် အပြင်သို့အလုပ်ထွက်လုပ်သည့်အခါတိုင်း လမ်းပေါ်၌ သွန်သွန်ပစ်ခဲ့ကြောင်း ပြောသည်။

"ဒီမယ် အဘိုးကြီး၊ ခင်ဗျားကြီးပါးစပ်ပိတ်ထားနော်၊ ပြေးရင် ကျုပ် ခင်ဗျားကိုပါ ခေါ်သွားမယ်၊ ခင်ဗျားကြီး ပါးစပ်ဖွာလို့ သူတို့သိသွားရင် ကျုပ်ကို သေအောင်ရိုက်ကြမှာ၊ ဒါပေမဲ့ ကျုပ်က ခင်ဗျားကို အရင်ဆုံးသတ်မယ်၊ ဒါပဲ"

သူ့ရန်သူကို စူးစူးရဲရဲကြည့်နေသော အက်ဆီနော့ဗ်သည် ဒေါသထွက်လွန်းသဖြင့် တစ်ကိုယ်လုံး တုန်ယင်နေသည်။ သူသည် မာကာ ဆုပ်ကိုင်ထားသည့် သူ့လက်ကို ဆောင့်ရုန်းလိုက်ပြီး ပြန်ပြောသည်။

"ငါ ထောင်ကထွက်ပြေးဖို့ စိတ်မကူးဘူး၊ မင်း ငါ့ကိုသတ်လိုက်တာ နှစ်ပေါင်းကြာပြီပဲကွာ၊ မင်းပြောတဲ့ ကိစ္စကတော့ ငါပြောချင်လည်း ပြောမယ်၊ မပြောချင်လည်း မပြောဘူး၊ ဘုရားသခင်က လမ်းညွှန်တဲ့အတိုင်း ငါလုပ်မှာပဲ"

နောက်တစ်နေ့တွင် ထုံးစံအတိုင်း ထောင်သားများသည် ထောင်အပြင်သို့ ထွက်၍ အလုပ်လုပ်ကြရ၏။ ထောင်သားများကို လိုက်လံ၍ စောင့်နေသည့် စစ်သားများသည် ထောင်သားတစ်ယောက်၏ ရှူးဖိနပ်ထဲမှ သဲများသွန်ထားသည်ကို သတိပြုမိသွားကြသည်။ ထိုအခါ တစ်ထောင်လုံးကို ပိုက်စိပ်တိုက်၍ ရှာကြသဖြင့် ဖောက်ထားသော အပေါက်ကို တွေ့သွားကြလေ၏။ ချက်ချင်းပင် ထောင်မှူးကြီး ရောက်လာပြီး ထောင်သားအားလုံးကို စစ်ဆေးသည်။

"ဒီအပေါက်ကို ဘယ်သူတူးသလဲ"

ထောင်သားအားလုံးက ငြင်းနေကြသဖြင့် လက်သည်မပေါ်။ မာကာဆီမျိုနစ်တူးမှန်း သိထားကြသူများကလည်း ဘယ်နည်းနှင့်မျှ ပြောကြလိမ့်မည်မဟုတ်။

mgyoe.com

mgyoe.com SAMPLE BOOK

အကယ်၍ သိသွားလျှင် ထောင်အာဏာပိုင်များက မာကာကို သေလုမြောပါး ဖြစ်သည်အထိ ရိုက်ကြနှက်ကြလိမ့်မည်မဟုတ်ပါလော။ နောက်ဆုံးတွင် ထောင်မှူးကြီးသည် မှန်မှန်ကန်ကန်ပြောတတ်သည်ဟု ယုံကြည်စိတ်ချထားသော အက်ဆီနော့ဗ်ဘက် လှည့်၍ပြောသည်။

"ခင်ဗျားဟာ မလိမ်မညာတတ်တဲ့ လူတစ်ယောက်ဆိုတာ ကျွန်တော် သိတယ်၊ ဒီအပေါက်ကို ဘယ်သူဖောက်တယ်ဆိုတာ ပြောပါ"

မာကာကတော့ သူနှင့်လုံးဝဆက်စပ်ပတ်သက်သည့် ကိစ္စတစ်ခုမဟုတ်သည့်နှယ် တုန်လှုပ်ခြင်းကင်းမဲ့စွာဖြင့် ခပ်တည်တည်ပင် ရပ်နေသည်။ သူသည် ထောင်မှူးကြီးအား စေ့စေ့ကြည့်နေသော်လည်း အက်ဆီနော့ဗ်ကိုမူ မျက်နှာဆိုင်၍ မကြည့်ရဲ။ အက်ဆီနော့ဗ်၏ နှုတ်ခမ်းများနှင့် လက်များသည် တဆတ်ဆတ် တုန်ယင်နေကြသည်။

အက်ဆီနော့ဗ်သည် စကားတစ်ခွန်းမျှမဟဘဲ အကြာကြီးရပ်နေသည်။

"ငါ့ဘဝကို ဖျက်ဆီးပစ်ခဲ့တဲ့ကောင်ကို ငါက ဘာဖြစ်လို့ အကာအကွယ် ပေးနေရမှာလဲ၊ ငါ ၂၆ နှစ်လုံးလုံး ခံစားခဲ့ရသလို သူလည်း ခံစားရအောင် လုပ်လိုက်ပေါ့၊ ဒါပေမဲ့... အင်း ငါက သိထားသမျှပြောလိုက်ရင် သူတို့က ဒီအကောင်ကို သေလုမြောပါးဖြစ်တဲ့အထိ ရိုက်ကြတော့မှာ။ အေးပေါ့လေ၊ ဟိုကုန်သည်ကို သတ်ခဲ့တဲ့လူဟာ သူပါပဲလို့ ငါ အတိအကျသိသေးတာမှမဟုတ်ပဲ၊ တကယ်လို့ ငါထင်ထားတာလွဲနေရင် ဘယ့်နှယ်လုပ်မလဲ၊ ပြီးတော့ ဒီကိစ္စမှာ သူ အရိုက်ခံရလို့ကော ငါ့မှာ ဘာများအကျိုးရှိမှာလဲ"

"ကဲ... အဘိုးကြီး"

ဟု ထောင်မှူးကြီးက အသံပေးသည်။

"အမှန်အတိုင်းပြောပါ၊ ဒီနံရံအောက်က အပေါက်ကို ဘယ်သူဖောက်တာလဲ"

အက်ဆီနော့ဗ်သည် မာကာဆီမျိုးနစ်ဘက် တစ်ချက်လှမ်းကြည့်လိုက်ပြီး...

"ကျုပ် မပြောနိုင်ပါဘူး၊ ထောင်မှူးကြီး"

ဟု ပြန်ပြောသည်။

"ကျုပ် ပြောလိုက်ရင် ဘုရားသခင်ရဲ့ အလိုတော်နဲ့ မကိုက်ညီပါဘူး၊ ကျုပ်က မပြောလို့ ကျုပ်ကို အရေးယူမယ်ဆိုရင်လည်း ထောင်မှူးကြီးတို့သဘောပါ၊ ကျုပ်ကို ကြိုက်သလိုလုပ်ပါ၊ ကျုပ်ဟာ ခင်ဗျားတို့ လက်ခုပ်ထဲက ရေပါ"

mgyoe.com

mgyoe.com SAMPLE BOOK

ထောင်မှူးကြီးသည် ချက်ချင်းတော့ လက်လျှော့မသွား၊ အက်ဆီနော့ဗ်အား ချော့ချည်တစ်ခါ၊ ခြောက်ချည်တစ်လှည့် လုပ်၍မေးသည်။ အက်ဆီနော့ဗ်ကတော့ လုံးဝမပြော။ ထို့ကြောင့် ဤကိစ္စကို အရေးမယူနိုင်တော့ဘဲ ထားလိုက်ရသည်။

ထိုညတွင် အက်ဆီနော့ဗ်သည် သူ့အိပ်ရာထက်၌ လဲလျောင်းနေသည်။ တဖြည်းဖြည်းနှင့် ငိုက်မျဉ်းစပြုလာသည်။ ထိုအခိုက်တွင် သူ့အနီးသို့ တစ်စုံတစ်ယောက် တိတ်တိတ်ကလေး ချဉ်းကပ်လာပြီး၊ သူ့အိပ်ရာပေါ် ဝင်ထိုင်လိုက်သည်ကို ရိပ်ခနဲမြင်လိုက်ရ၏။ သူသည် အမှောင်ထုထဲမှ လူကို သေသေချာချာကြည့်သည်။ မာကာဆီမျိုနစ်မှန်း ချက်ချင်းသိလိုက်၏။

"မင်း ငါ့ကို နောက်ထပ် ဘာများ ဒုက္ခပေးချင်သေးလို့လဲ"

ဟု အက်ဆီနော့ဗ်က မေးသည်။

"မင်း အခုဘာကြောင့် ငါ့ဆီကို လာရပြန်တာလဲကွာ"

မာကာသည် ငြိမ်နေသည်။ ထို့နောက် အက်ဆီနော့ဗ်သည် လှဲနေရာမှ ထထိုင်ပြီး ပြောသည်။

"မင်း ဘာလိုချင်လို့လဲ၊ မင်း အခုချက်ချင်းထွက်သွား၊ မသွားရင် ငါ အစောင့်ကို အော်ခေါ်လိုက်မယ်"

မာကာသည် အက်ဆီနော့ဗ်မျက်နှာကို စေ့စေ့စပ်စပ်ကြည့်ကာ တိုးတိုးကပ်ပြောသည်။

"အီဗန် ဒီမစ်ထရစ်ရယ်၊ ကျွန်တော့်ကို ခွင့်လွှတ်ပါဗျာ"

"ငါက မင်းကို ဘာအတွက် ခွင့်လွှတ်ရမှာလဲ"

ဟု အက်ဆီနော့ဗ်က ပြန်မေးသည်။

"ကုန်သည်ကိုသတ်ပြီး ဓားကို ခင်ဗျားရဲ့ပစ္စည်းတွေထဲ ထည့်ထားခဲ့တဲ့လူဟာ ကျွန်တော်ပါဗျာ၊ ကျွန်တော် အဲဒီတုန်းက ခင်ဗျားကိုပါသတ်ဖို့ စိတ်ကူးထားတာပါ၊ ဒါပေမဲ့ အပြင်က အသံတစ်သံကြားလိုက်တာနဲ့ ဓားကို ကပျာကယာထိုးထည့်ထားပြီး ပြတင်းပေါက်က ခုန်ဆင်းထွက်ပြေးခဲ့တာပါ"

အက်ဆီနော့ဗ်သည် ဘာပြန်ပြောရမှန်းမသိသဖြင့် နှုတ်ဆိတ်နေသည်။ မာကာသည် အိပ်ရာပေါ်မှဆင်းကာ မြေပေါ်တွင် ဒူးနှစ်ဖက်ထောက်၍ ထိုင်ပြီး...

"အီဗန် ဒီမစ်ထရစ်ရယ်"

ဟု ခေါ်သည်။

mgyoe.com

"ကျွန်တော့်ကို ခွင့်လွှတ်ပါဗျာ၊ ဘုရားသခင်ကို မေတ္တာထားတဲ့အနေနဲ့ ကျွန်တော့်ကို ခွင့်လွှတ်ပါ။ ကုန်သည်ကို သတ်ခဲ့တဲ့လူဟာ ကျွန်တော်ပါပဲလို့ ဖွင့်ဟပြီး ဝန်ခံလိုက်ရင် ခင်ဗျား ထောင်ကလွတ်မှာပါ၊ ထောင်ကလွတ်ပြီဆိုရင် ခင်ဗျားအိမ်ကို ပြန်နိုင်မှာပါ"

ဟု ပြောသည်။

"အင်းပေါ့လေ... မင်းအဖို့ကတော့ လွယ်လွယ်ပေါ့ပေါ့လေး ပြောလို့ မေးသပေါ့ကွယ်"

ဟု အက်ဆီနော့ဗ်က ဝမ်းနည်းကြေကွဲစွာဖြင့် ပြန်ပြောသည်။

"ဒါပေမဲ့လို့ ငါက မင့်အစား ၂၆ နှစ်တိတိ ဒုက္ခခံခဲ့ရပြီးပြီ၊ မင်းပြောသလို ငါ ထောင်ကလွတ်ပြီဆိုပါတော့၊ ငါ ဘယ်ကိုသွားရမှာလဲ၊ ငါ့မိန်းမလည်းမရှိတော့ဘူး၊ သေပြီ။ ငါ့သားသမီးတွေကလည်း ငါ့ကို မေ့ကုန်ကြပြီ၊ ငါ့မှာ သွားစရာ၊ နေစရာ မရှိတော့ပါဘူး မာကာရယ်"

"အီဗန် ဒီမစ်ထရစ်ရယ်၊ ကျွန်တော့်ကို ခွင့်လွှတ်ပါဗျာ"

ဟု ပြောပြီး ရှိုက်ကြီးတငင် ငိုကြွေးသည်။

"သူတို့က ကျွန်တော့်ကို ကြိမ်ဒဏ်ပေးလို့ ခံရမယ့် ဝေဒနာထက် အခု ခင်ဗျား အဖြစ်ကို ကြည့်ပြီး စိတ်ထိခိုက်ရတဲ့ ဝေဒနာက ပိုပြီး ပြင်းထန်နေပါတယ်ဗျာ။ ခင်ဗျား ဟာ ကျွန်တော့်အပေါ်မှာ အခုအချိန်ထိ ကရုဏာထားတုန်းပါပဲလား၊ ကျွန်တော် လုပ်ခဲ့တဲ့ အလုပ်ကို ခင်ဗျား ဖွင့်မပြောခဲ့ဘူးနော်၊ ခွင့်လွှတ်ပါဗျာ၊ ကျွန်တော့်ကို ခွင့်လွှတ်ပါ"

မာကာသည် ပြောဆိုနေရင်းက ရှိုက်ကြီးတငင် ထပ်၍ ငိုပြန်သည်။ မာကာ၏ ဝမ်းနည်းပက်လက် ငိုကြွေးနေသံကို ကြားရသော အက်ဆီနော့ဗ်သည် သူပါရော၍ ငိုသည်။

"ဘုရားသခင် မင်းကို ခွင့်လွှတ်မှာပါကွယ်"

ဟု အက်ဆီနော့ဗ်က ပြောသည်။

"အေးကွယ်... တကယ်ဆန်းစစ်ကြည့်ရင် ငါက မင့်ထက် အဆပေါင်း ၁၀၀ လောက် ပိုပြီး ဆိုးချင်ဆိုးနေမှာပါ"

ဤစကားကို ပြောလိုက်ပြီးသည့်အခါ အက်ဆီနော့ဗ်၏ နှလုံးသားသည် ပေါ့ပါးသွားသည်။ အိမ်ကို လွမ်းဆွတ်တသနေသော စိတ်သည်လည်း လုံးဝပျောက်

mgyoe.com

mgyoe.com
SAMPLE BOOK

ကွယ်သွားသည်။ ထောင်မှ ထွက်ခွာသွားလိုသော စိတ်သည်လည်းမရှိတော့။ သို့သော်လည်း သူ၏နောက်ဆုံးအချိန်ကိုတော့ မျှော်လင့်မိသည်။

အက်ဆီနော့ဗ်က ပြောပြလိုက်သည့်စကားများ ရှိနေပါလျက်နှင့်ပင် မာကာဆီမျိုနစ်သည် သူတစ်ချိန်က ကျူးလွန်ခဲ့သည့် ပြစ်မှုကို ထောင်အာဏာပိုင်များထံ ဖွင့်ဟ၍ ဖြောင့်ချက်ပေးလိုက်သည်။ သို့သော်လည်း သူ၏ဖြောင့်ချက်အရ လွှတ်မိန့်လာရောက်သည့်အခါတွင်မူ အက်ဆီနော့ဗ်သည် ကွယ်လွန်သွားခဲ့လေပြီ။

(၁၈၇၂ ခုနှစ်တွင် ရေးသည်။)

Leo Tolstoy ၏ Twenty-Three Tales မှ

God Sees The Truth, But Waits ကို ပြန်ဆိုသည်။

❑

mgyoe.com

mgyoe.com SAMPLE BOOK

[၂]
ကော့ကေးဆပ်စ်တောင်တန်းပေါ်မှ အကျဉ်းသားတစ်ယောက်

(၁)

ဇဟီလင်အမည်ရှိ အရာရှိတစ်ယောက်သည် ကော့ကေးဆပ်စ်တောင်တန်း ဒေသတွင်းရှိ စစ်တပ်တွင် တာဝန်ထမ်းဆောင်လျက် ရှိလေသည်။

တစ်ရက်တွင် အိမ်မှ စာတစ်စောင်ကို သူရသည်။ စာမှာ သူ့အမေထံမှဖြစ်၍ စာထဲတွင်...

"အမေ အိုလှပြီ၊ အမေ မသေခင် အမေချစ်တဲ့သားကို တစ်ခါလောက် မြင်သွားချင်တယ်၊ အိမ်ကိုပြန်လာပြီး အမေ့ကို နှုတ်ဆက်ပါဦး၊ အမေ့ကို သင်္ဂြိုဟ်ပါဦး၊ ပြီးတော့မှ တကယ်လို့ ဘုရားသခင်က ဆန္ဒရှိနေသေးတယ်ဆိုရင်လည်း အမေ့မေတ္တာကို ခံယူပြီး တပ်ကို ပြန်အမှုထမ်းပါ၊ ဒါပေမဲ့ သားအတွက် အမေ မိန်းကလေးတစ်ယောက် တွေ့ထားတယ်။ မိန်းကလေးက သဘောမနောကောင်းကလေးပါ။ ပစ္စည်းလည်း အထိုက်အလျောက်ရှိတယ်၊ ငါ့သား သူ့ကို မေတ္တာရှိနိုင်မယ်ဆိုရင်တော့ သူနဲ့လက်ထပ်ပြီး အိမ်မကွာ အိုးမကွာ နေစေချင်တယ်"

ဟု ရေးထားသည်။

ဇဟီလင်သည် စာဖတ်အပြီးတွင် ဆင်ခြင်စဉ်းစားသည်။ သူ့အမေ ရေးထားသည်မှာ မှန်သည်။ အဘွားကြီးခမျာ အိုလှပြီ။ သူ့အနေဖြင့် သူ့အမေကို အသက်ရှင်

mgyoe.com

လျက် မြင်ရတွေ့ရဖို့ နောက်တစ်ကြိမ် အခွင့်အရေးရလာဖို့ လွယ်မည်မထင်။ သူပြန်မှ ကောင်းလိမ့်မည်။ အကယ်၍ အမေ တွေ့ထားသည့် မိန်းကလေးသည် အံမေပြောသည့် အတိုင်း သဘောမနောကောင်းတစ်ယောက်ဖြစ်နေလျှင် သူဘာကြောင့် လက်မထပ်ဘဲ နေမည်နည်း။

သူသည် သူ့ဖိုလ်မှုုကြီးထံသွား၍ ခွင့်ယူသည်။ သူ့ရဲဘော်များအား နှုတ်ဆက်သည်။ နှုတ်ဆက်ပွဲအဖြစ် သောက်ပွဲကလေးတစ်ပွဲ ကျင်းပခဲ့ရာ ဗော့ဒ်ခါအရက် လေးပုံးမျှ ကုန်သည်။ ထို့နောက် ထွက်ခွာရန် အဆင်သင့်ဖြစ်သွားသည်။

ထိုအချိန်သည် ကော့ကေးဆပ်စ်တောင်တန်းဒေသဘက်၌ စစ်ဖြစ်နေချိန်ဖြစ်၏။ လမ်းများသည် ညရောနေ့ပါ မလုံခြုံသောကာလဖြစ်သည်။ အကယ်၍ ရုရှား တစ်ယောက်သည် မြင်းနှင့်ဖြစ်စေ၊ ခြေကျင်ဖြစ်စေ ခံတပ်နှင့် ဝေးရာ တစ်နေရာသို့ ထွက်သွားမည်ဆိုပါက တာတာလူမျိုးများ၏ သတ်ဖြတ်ခြင်း သို့မဟုတ် တောင်တန်း များဆီသို့ ဖမ်းဆီးခေါ်ဆောင်သွားခြင်းကို ခံရသည်။ ထို့ကြောင့်လည်း တစ်ပတ်လျှင် နှစ်ကြိမ်မျှ တစ်မြို့မှတစ်မြို့သွား ခရီးသည်များအား စစ်သားများ စောင့်ရှောက်၍ ပို့ပေးကြသည်။

နွေရာသီဖြစ်၏။ နံနက်လင်းသည်နှင့် တစ်ပြိုင်နက် ပစ္စည်းတင် မြင်းလှည်းများ သည် ခံတပ်တွင်း၌ ခရီးထွက်ရန် အသင့်ဖြစ်နေကြပြီ။ စစ်သားများသည် ခံတပ်တွင်းမှ ထွက်ခွာသွားကြသည်။ မကြာမီ အားလုံး လမ်းမကြီးပေါ်သို့ ရောက်သွားကြသည်။ ဇဟီလင်သည် သူ့မြင်းကျောပေါ်၌ ထိုင်၍ လိုက်ပါသွားသည်။ သူ့ပစ္စည်းများမှာမူ ပစ္စည်းတင်လှည်းကြီးများထဲမှ တစ်စီးပေါ်တွင် ပါသွားပြီဖြစ်၏။ သူတို့ သွားရမည့် ခရီးမှာ ၁၆ မိုင်မျှဝေးသည်။

ပစ္စည်းတင် လှည်းတန်းကြီးသည် ဖြည်းဖြည်းချင်း ရွေ့လျားသွားလျက်ရှိ၏။ တစ်ခါတစ်ရံတွင် စစ်သားများသည် လှည်းတစ်စီးစီးမှ လှည်းဘီးကျွတ်သွားလျှင် သို့မဟုတ် မြင်းတစ်ကောင်ကောင်က ဆက်မသွားဘဲ ပေကတ်နေလျှင် ရပ်နားကြသည်။ ထိုအခါမျိုးတွင် လူတိုင်းသည် စောင့်ဆိုင်းနေကြရလေသည်။

မွန်းတည့်ချိန် လွန်သွားပြီဖြစ်သော်လည်း သူတို့သည် ခရီးတစ်ဝက်ပင် မရောက်ကြသေး။ ဖုန်ကလည်းထူ၊ နေကလည်းပူလှ၏။ နေသည် ချစ်ချစ်တောက်မျှ ပူပြင်းလျက်ရှိသည်။ ဘယ်နေရာမှာမှ အရိပ်ခိုစရာ သစ်ပင်ဝါးပင်မရှိ၊ ပတ်ပတ်လည် တွင် ကွင်းခေါင်ခေါင်လွင်ပြင်သာလျှင် ရှိ၏။ လမ်းဘေးဝဲယာတွင်လည်း သစ်ပင်

mgyoe.com

mgyoe.com SAMPLE BOOK

ချုံပင်ဟူ၍ တစ်ပင်တလေပင်မရှိ။

ရှေ့ဆုံးမှနေ၍ သူ့မြင်းကိုစီးသွားလျက်ရှိသော ဇဟီလင်သည် ပစ္စည်းတင်လှည်းများ သူ့ကိုမီလာစေရန် တစ်နေရာမှရပ်၍ စောင့်သည်။ ထိုအခိုက်တွင် သူ့နောက်ဘက်မှ အချက်ပေးခရာမှုတ်သံကို ကြားလိုက်ရသည်။ တပ်ခွဲသည် နောက်တစ်ကျော့ ရပ်နားပြန်လေပြီ။ ထိုအခါ သူသည်...

"ငါ့မြင်းနဲ့ငါ ရှေ့ကသွားနှင့်တာ အကောင်းဆုံးဖြစ်မယ်၊ ငါ့မြင်းက မြင်းကောင်းပဲ၊ တကယ်လို့ တာတာတွေက လာတိုက်လည်း ငါ့မြင်းကိုစိုင်းပြီး ပြေးနိုင်တာပဲ၊ အင်း... စောင့်နေတာကများ အကောင်းဆုံးဖြစ်လေမလား"

စသည်ဖြင့် တွေးလျက်ရှိသည်။

သူ ထိုင်၍ စဉ်းစားနေခိုက်မှာပင် ကော့စတီလင် အမည်ရှိ အရာရှိတစ်ဦးသည် သေနတ်တစ်လက်ကို အသင့်ကိုင်၍ သူ့ထံသို့ မြင်းစိုင်း၍ ရောက်လာသည်။

"လာဗျာ ဇဟီလင်၊ ကျွန်တော်တို့ဘာသာ ကျွန်တော်တို့ ရှေ့ကသွားနှင့်ကြစို့၊ ဖြစ်နေပုံကဖြင့် တကယ့်ကို စိတ်ပျက်စရာကောင်းတာပဲ၊ ကျွန်တော်ဖြင့် ဆာလိုက်တာ အလွန်ပဲ၊ နေကလည်း ပူလိုက်တာဗျာ၊ ကြောက်စရာပဲ။ ကျွန်တော့်ရုပ်အင်္ကျီဆိုရင် ရေလောင်းထားသလား အောက်မေ့ရတယ်"

ကော့စတီလင်သည် ဝဝတုတ်တုတ်နှင့် ကိုယ်လုံးကိုယ်ထည် ထွားကျိုင်းတောင့်တင်းသည်။ သူ၏ နီရဲရဲမျက်နှာထက်တွင် ချွေးများ စီးကျလျက်ရှိ၏။ ဇဟီလင်သည် တစ်ခဏမျှ ငိုင်၍ တွေးနေပြီး ပြန်မေးသည်။

"ခင်ဗျား သေနတ်မှာ ကျည်အပြည့် ထည့်ထားသလား"

"ထည့်ထားတယ်"

"ကဲ... ဒီလိုဆိုလည်း သွားကြမယ်၊ ဒါပေမဲ့ ကတိတစ်ခုတော့ ပေး၊ သွားရင် လူချင်းမခွဲစတမ်းနော်"

ဤသို့ဖြင့် သူတို့သည် ကွင်းပြင်ကြီးပေါ်မှ ဖြတ်သွားနေသော လမ်းမကြီးပေါ် အတိုင်း မြင်းများကိုနှင်၍ ခရီးဆက်ကြသည်။ နှစ်ယောက်သား စကားစမြည် ပြောသွားနေကြသော်လည်း ဘေးတစ်ဖက်တစ်ချက်ကိုမူ အလစ်မပေး။ သတိကြီးစွာ ထား၍ ကြည့်သွားကြသည်။

သစ်ပင် ချုံပင်မရှိသော ကွင်းပြင်ကြီးဖြစ်သဖြင့် ပတ်ပတ်လည်ကို ပြက်ပြက်ထင်ထင်မြင်နေရ၏။ သို့သော်လည်း ကွင်းပြင်ကြီးကို လွန်သွားသည့်အခါ လမ်းသည်
mgyoe.com

တောင်ကုန်းနှစ်ကုန်းကြားရှိ တောင်ကြားတွင်းသို့ ဝင်သွားသည်။ ထိုအခါ ဖဟီလင်က...

"ကျွန်တော်တို့ တောင်ကုန်းပေါ်တက်ပြီး ပတ်ဝန်းကျင်ကိုကြည့်ကြရင် ကောင်းမယ်ထင်တယ်၊ ကျွန်တော်တို့ မသိလိုက်ခင် တာတာတွေ ဗြုန်းခနဲ ရောက်လာပြီး ဝင်တိုက်မှာ စိုးရတယ်"

ဟု ပြောသည်။

သို့သော်လည်း ကော့စတီလင်က လက်မခံ။

"ဘာလုပ်မှာလဲ၊ အလကား အချိန်ကုန်မှာ၊ ဆက်သာသွားစမ်းပါ"

ဟု ပြောသည်။

ဖဟီလင်ကတော့ သဘောမတူ။

"မဟုတ်သေးဘူးဗျာ"

ဟု သူက ပြောသည်။

"ခင်ဗျား မလိုက်ချင်ရင်လည်း ဒီနေရာက စောင့်နေခဲ့"

ပြောပြောဆိုဆိုနှင့်ပင် သူသည် မြင်းကို ဘယ်ဘက်သို့ ခေါင်းတည်ပေးကာ တောင်ကုန်းပေါ်တက်သည်။ ဖဟီလင်၏ မြင်းသည် မြင်းကောင်းဖြစ်သည့်အားလျော်စွာ အတောင်နှစ်ဖက် တပ်ထားသည့်အလား တောင်ကုန်းပေါ်သို့ အလွန်လျင်မြန်စွာ တက်သွားသည်။ သူသည် ဤမြင်းကို မြင်းအုပ်တစ်အုပ်ထဲမှ မြင်းငယ်ကလေးဘဝတွင် ရူဘယ်ငွေ ၁၀၀ ပေး၍ ဝယ်ယူလာခဲ့ခြင်းဖြစ်၏။

သူသည် တောင်ကုန်းထိပ်သို့ ရောက်သွားသည်။ ရောက်သွားသည်နှင့် တစ်ပြိုင်နက် သူသည် မြင်းကို နောက်ပြန်လှည့်သည်။ သို့သော်လည်း ထိုအချိန်တွင် တာတာများက သူ့ကို မြင်သွားကြပြီဖြစ်သဖြင့် သူရှိရာဘက်သို့ မြင်းများကို စိုင်းလာကြသည်။

သေနတ်များကို အသင့်ပြင်လာကြသည်ကိုလည်း မြင်ရသည်။ ဖဟီလင် သူ့မြင်းကို တောင်စောင်းအတိုင်းစိုင်း၍ ဆင်းသည်။ ကော့စတီလင်ဘက်သို့ တစ်ချက်မျှ လှမ်းကြည့်ပြီး...

"ခင်ဗျား သေနတ်ကို အသင့်ထုတ်ထား"

ဟု အော်ပြောသည်။

သူသည် စိတ်ထဲမှ ကျိတ်၍...

mgyoe.com

"ငါ့ကို ဒီအန္တရာယ်စက်ကွင်းထဲက လွတ်မြောက်အောင် အားထုတ်လိုက်စမ်းပါကွာ၊ ချော်ပြီးလဲတာမျိုးတော့မဖြစ်ပါစေနဲ့၊ ငါ့သေနတ်ကို ထုတ်နိုင်ပြီဆိုရင် ဒီကောင်တွေ ငါ့ကို မိမသွားနိုင်ပါဘူး"

ဟု သူ့မြင်းအား ပြောနေသည်။

သို့သော်လည်း သူ့အဖော် ကော့စတီလင်သည် သူ့အား စောင့်ခေါ်ရမည့်အစား တာတာများကို မြင်သည်နှင့် တစ်ပြိုင်နက် မြင်းကို နောက်ကိုပြန်လှည့်ကာ ခံတပ်ဆီသို့ ဦးတည်၍စိုင်းသည်။ လက်ထဲမှ ကျာပွတ်ဖြင့် မြင်းကို ဘယ်ပြန်ညာပြန်ရိုက်ကာ တရကြမ်းနှင်သည်။ တစ်ခဏအတွင်းမှာပင် တထောင်းထောင်းထနေသော ဖုန်များကြားမှ မြင်း၏အမြီးကိုသာ မြင်လိုက်ရ၏။

ဇဟီလင်သည် ဆိုးရွားသည့်အခြေအနေကို မြင်သည်။ သေနတ်ကလည်း ပါသွားပြီ။ ဓားတစ်ချောင်းတည်းနှင့် သူဘာလုပ်နိုင်ပါမည်နည်း။ သူသည် မြင်းကို အစောင့်အရှောက်တပ်ရှိရာဘက်သို့ မှန်း၍ စိုင်းသည်။ လွတ်မြောက်ရန်ဟူသော ရည်ရွယ်ချက်ဖြင့် အားထုတ်ခြင်းဖြစ်၏။ သို့သော်လည်း တာတာခြောက်ယောက်သည် သူ့ရှေ့မှ ပိတ်ရန် တာစူနေကြလေပြီ။

သူ့မြင်းသည် မြင်းကောင်းဖြစ်ပါ၏။ သို့သော်လည်း တာတာတို့၏ မြင်းများက ပိုကောင်းသလိုဖြစ်နေသည်။ တာတာများသည် သူသွားရာလမ်းကို ရှေ့မှပိတ်၍ဖြတ်နေကြလေပြီ။ သူသည် မြင်းဇက်ကို ဆတ်ခနဲ ဆောင့်ဆွဲကာ အခြားတစ်ဖက်သို့ စိုင်းထွက်ရန် ဟန်ပြင်သည်။ သို့သော်လည်း သူ့မြင်းသည် ရုတ်တရက် ချက်ချင်းမရပ်နိုင်။ အရှိန်လွန်ကာ တာတာများရှိရာသို့ ထိပ်တိုက်ဝင်သွားသည်။

သူသည် မီးခိုးရောင်မြင်းပေါ်မှ မုတ်ဆိတ်နီနီနှင့် တာတာကို မြင်လိုက်သည်။ တာတာသည် သေနတ်ကို မြှောက်ကာ အသံကုန်အောင် ဟစ်ပြီး သူ့ဆီသို့ ပြေးဝင်လာနေသည်။

"မင်းဟာ မကောင်းဆိုးဝါးတစ်ကောင်ဆိုတာ ငါသိတယ်"

ဟု ဇဟီလင်က တွေးသည်။

"မင်း ငါ့ကို အရှင်မိရင် တွင်းထဲချထားပြီး ရိုက်နေမှာ သေချာတယ်၊ ငါ့ကို အရှင်တော့ မမိစေရဘူး"

ဇဟီလင်သည် ထွားကျိုင်းတောင့်တင်းသူတစ်ဦးမဟုတ်သော်လည်း သတ္တိကတော့ ကောင်းသည်။ သူသည် ဓားအိမ်မှ ဓားကို ဆွဲထုတ်ကာ မုတ်ဆိတ်နီ တာတာထံ

mgyee.com

mgyoe.com SAMPLE BOOK

မြင်းကို စိုင်း၍ဝင်သည်။ စိတ်ထဲမှလည်း...

"ငါ့မြင်းကို ဝင်တိုက်ပြီး လဲကျသွားအောင် လုပ်ပစ်မယ်၊ ဒါမှမဟုတ်လည်း ဓားနဲ့ခုတ်ပြီး ဒဏ်ရာရအောင်တော့ လုပ်မှ"

ဟု တွေးသည်။

သူ့မြင်းသည် မုတ်ဆိတ်နီမြင်းနှင့် လက်တစ်ကမ်းအကွာသို့ ရောက်သွားသည်။ ထိုအခိုက်မှာပင် သူ့နောက်မှ သေနတ်နှင့် ပစ်လိုက်ခြင်းကို ခံရသည်။ ကျည်ဆန်သည် သူ့မြင်းကို မှန်သည်။ မြင်းသည် မြေပေါ်သို့ အရှိန်ပြင်းစွာလဲကျသည်။ ဇဟီလင်သည် မြင်းပေါ်မှနေ၍ မြေပြင်ထက်သို့ လွင့်ကျသွားသည်။

သူသည် လဲကျနေရာမှ ထရန် အားထုတ်သည်။ သို့သော်လည်း တာတာနှစ်ယောက်သည် သူ့အပေါ်မှ ဖိထိုင်ကာ လက်နှစ်ဖက်ကို လိမ်ချိုးပြီး လက်ပြန်ကြိုးတုပ်သည်။ သူသည် အားကုန်ထုတ်၍ ရုန်းသည်။ တာတာနှစ်ယောက်စလုံး သူ့ကိုယ်ပေါ်မှ လွင့်စဉ်သွားကြသည်။ နောက်ထပ် တာတာသုံးဦးသည် မြင်းများပေါ်မှ ခုန်ဆင်းကာ သူ့ခေါင်းကို သေနတ်ဒင်များဖြင့် ထုကြ၊ ဆောင့်ကြသည်။ သူ့မျက်လုံးများ၏ အမြင်သည် မှုန်ဝါးဝါးဖြစ်လာပြီး ပက်လက်လန်လဲသည်။ တာတာများသည် ဇဟီလင်ကို ဝိုင်းချုပ်ပြီး သူတို့မြင်းကုန်းနှီးများမှ မြင်းပတ်ကြိုးများ ဖြုတ်ယူကာ ဇဟီလင်၏ လက်နှစ်ဖက်ကို လက်ပြန်တုပ်ကြသည်။ ဇဟီလင် မလှုပ်နိုင်တော့သည့်အခါ ဦးထုပ်ကို လက်နှင့်ရိုက်၍ ဖယ်လိုက်သည်။ ဖိနပ်များကို ချွတ်ယူသည်။ အဝတ်များကို ဆွဲဆုတ်ပစ်ပြီး သူ့အိတ်ထဲမှ ငွေနှင့် လက်ပတ်နာရီကို လုယူကြသည်။

ဇဟီလင်သည် သူ့မြင်းကို လှမ်းကြည့်သည်။ မြင်းသည် မြေပြင်ပေါ်တွင် ဘေးတိုက်လဲကျနေသည်။ ခြေထောက်များသည် မြေကြီးနှင့်မထိ။ လေထဲတွင်မြောက်ကာ တဆတ်ဆတ်တုန်လှုပ်ပြီး ရုန်းကန်နေဆဲ။ ဦးခေါင်းတွင် အပေါက်တစ်ပေါက်ရှိ၍ ထိုအပေါက်မှ မည်းနက်သောသွေးများ ယိုထွက်နေသည်။ ပတ်ပတ်လည် နှစ်ပေခန့်အကွာရှိ ဖုန်များသည် သွေးများဖြင့် ခဲနေသည်။

တာတာတစ်ယောက်သည် မြင်းရှိရာသို့ သွားကာ မြင်းကုန်းနှီးကို ဖြုတ်ယူသည်။ မြင်း၏ခြေထောက်များသည် လေထဲတွင် ကန်ကျောက်နေဆဲ။ တာတာသည် ဓားကောက်တစ်ချောင်းကို ထုတ်ကာ မြင်း၏လည်ပင်း အသက်ရှူပြွန်ကို ဖြတ်လိုက်သည်။ မြင်း၏လည်ချောင်းတွင်းမှ လေသံတစ်ချက်ထွက်လာပြီး တစ်ချက်မျှ ဆတ်ခနဲ လှုပ်သည်။ ထို့နောက် ငြိမ်သက်သွားလေသည်။

mgyoe.com

mgyoe.com SAMPLE BOOK

တာတာသည် မြင်းကုန်းနှီးနှင့် ကကြိုးတန်ဆာပလာများကို ဖြုတ်ယူသည်။ မုတ်ဆိတ်နီတာတာသည် သူ့မြင်းပေါ်ပြန်တက်သည်။ တခြားလူများက ဇဟီလင်အား ပွေ့ချီပြီး မုတ်ဆိတ်နီနောက်တွင် တင်ပေးသည်။ လိမ့်မကျစေရန်အတွက် ဝမ်းပတ်ကြိုးများဖြင့် သိုင်းချည်ပေးသည်။ ထို့နောက် တစ်ဖွဲ့လုံး တောင်ကုန်းများဘက်သို့ ထွက်ခွာသွားကြသည်။

ဇဟီလင်သည် မြင်းပေါ်တွင် ယိမ်းထိုးလူးပ်ရှားကာ လိုက်ပါသွားသည်။ သူ့ဦးခေါင်းသည် မကြာခဏ ရှေ့သို့ငိုက်ကျကာ တာတာ၏ကျောပြင်နှင့်ထိသည်။ သူ့မျက်လုံးအစုံသည် တာတာ၏ကျောပြင်၊ အကြောပြိုင်းပြိုင်းထနေသော လည်ပင်း၊ အမွေးအမှင်မရှိသည့် လည်ကုပ်များမှတစ်ပါး ဘာမျှမမြင်ရ။ ဇဟီလင်၏ ခေါင်းတွင် ဒဏ်ရာရထားသည်။ သွေးများသည် သူ့မျက်လုံးများပေါ်တွင် ခြောက်သွေ့နေကြသည်။ သူသည် သွေးများကို သုတ်မပစ်နိုင်။ သူ့လက်နှစ်ဖက်ကို ကြိုးများဖြင့် တင်းကျပ်စွာ ချည်နှောင်ထားသဖြင့် ညှပ်ရိုးများပင် နာကျင်ကိုက်ခဲလျက်ရှိ၏။

တာတာများသည် တောင်ကုန်းများကို တစ်တောင်တက် တစ်တောင်ဆင်းကာ ခရီးရှည်ကြီးကို ဆက်လာကြသည်။ ထို့နောက် မြစ်တစ်ခုသို့ ဆိုက်ရောက်ကြသည်။ ရေတိမ်သော မြစ်ဖြစ်၍ မြင်းများဖြင့် ဖြတ်ကူးကြသည်။ တစ်ဖက်ကမ်းရှိ မြေမာလမ်းအတိုင်း လိုက်သွားကြပြီး တောင်ကြားတစ်ခုကို ဖြတ်သန်းလာကြသည်။

ဇဟီလင်သည် တာတာများ ဘယ်ဆီသွားနေသည်ကို ကြည့်နိုင်ရန် အားထုတ်သည်။ သို့သော်လည်း သူ့မျက်လုံးများအပေါ်တွင် သွေးများဖုံးနေသဖြင့် ဘာကိုမျှ မမြင်ရ။ ဦးခေါင်းမှာလည်း ဘေးတစ်ဖက်တစ်ချက်သို့ လှည့်၍မရ။

နေဝင်ဆည်းဆာချိန်ကို ဆိုက်ရောက်လာခဲ့လေပြီ။ တာတာများသည် နောက်တစ်မြစ်ကို ဖြတ်ကူးကြပြန်သည်။ ထို့နောက် ကျောက်တုံး ကျောက်ခဲများ ထူထပ်သည့် တောင်စောင်းတစ်ခုပေါ် တက်ကြသည်။ မီးခိုးများကို မြင်လာရသည်။ ခွေးဟောင်သံများကို ကြားလာရသည်။ သူတို့သည် တာတာရွာတစ်ရွာသို့ ဆိုက်ရောက်ခဲ့ကြပြီ။ တာတာများသည် မြင်းပေါ်မှ ဆင်းကြသည်။ တာတာကလေးသူငယ်များသည် ဇဟီလင်ထံ ရောက်လာကြပြီး ဝိုင်းအုံကြည့်နေကြသည်။ ပျော်ရွှင်မြူးထူးကာ ခုန်ကြပေါက်ကြ အော်ကြ ဟစ်ကြသည်။ တချို့က ဇဟီလင်အား ကျောက်ခဲများဖြင့် ပေါက်ကြသည်။ တာတာကလေးများအား အော်ဟစ်ကြိမ်းမောင်းကာ မောင်းထုတ်လိုက်ပြီး ဇဟီလင်အား မြင်းပေါ်မှချ၍ သူ့လူတစ်ယောက်ကို လှမ်းခေါ်သည်။ ပါးရိုးကြီးကြီးနှင့်

mgyoe.com

mgyoe.com SAMPLE BOOK

ရှပ်အင်္ကျီအစုတ်ဝတ်ထားသော နီဂရိုး (တာတာလူမျိုးစုနွယ်ဝင်) တစ်ယောက် ရောက်လာသည်။ တာတာက တစ်စုံတစ်ရာ လှမ်းအမိန့်ပေးသည်။ နီဂရိုးသည် ခြေထိတ်သံကွင်းကြီးများကို သွားယူသည်။ သံကွင်းကြီးများ တပ်ထားသည့် ဝက်သစ်ချသားတုံးကြီး နှစ်တုံးကိုလည်း သယ်လာသည်။ တုံးနှစ်တုံးကို သံကွင်းတစ်ကွင်းတွင် တွဲလိုက်သည်။

သူတို့သည် ဇဟီလင်၏လက်မှ ကြိုးများကို ဖြေပေးကြသည်။ သူ့ခြေချင်းဝတ်တွင် သံကွင်းများစွပ်ကာ တပ်ပေးကြသည်။ ထို့နောက် ကျီတစ်လုံးဆီသို့ ဆွဲခေါ်သွားပြီး အထဲသို့ တွန်းသွင်းသည်။ ပြီးတော့ တံခါးကို အပြင်မှ သော့ခတ်လိုက်ကြ၏။

ဇဟီလင်သည် မြေသြဇာပုံတစ်ပုံပေါ် လဲကျသွားသည်။ သူသည် တစ်ခဏမျှ ငြိမ်နေသည်။ ထို့နောက် မှောင်ထဲတွင် စမ်းတဝါးဝါး တွားသွားပြီး သက်သောင့်သက်သာနေနိုင်မည့် နေရာရှာဖွေသည်။ တွေ့သောအခါ ထိုနေရာတွင် အခြေချလိုက်သည်။

*

(၂)

ထိုညတွင် ဇဟီလင်သည် ကောင်းစွာ အိပ်မပျော်ပေ။ အချိန်ကာလသည် ညတာတိုသော အချိန်ဖြစ်၍ နေ့၏အလင်းရောင်သည် မကြာလိုက်ခင်မှာပင် နံရံကြားမှ တိုးဝင်လာသည်။ ဇဟီလင်သည် လှဲနေရာမှထကာ နံရံပေါက်ကို ခပ်ကြီးကြီးဖြစ်သွားအောင် ချဲ့ပြီး အပြင်သို့ချောင်းကြည့်သည်။

အပေါက်မှနေ၍ တောင်ကုန်းဆင်ခြေလျှောအတိုင်း ဆင်းသွားကာ လမ်းကို မြင်ရသည်။ ညာဘက်တွင် သစ်ပင်နှစ်ပင် ကပ်ပေါက်နေသော တာတာတဲတစ်လုံးရှိ၍ တံခါးဝတွင် ခွေးနက်တစ်ကောင် အိပ်နေသည်။ ဆိတ်မတစ်ကောင်နှင့် သားငယ်များသည် အမြီးတယမ်းယမ်းနှင့် ဟိုသည်လျှောက်သွားနေကြသည်။ ထို့နောက် သူသည် အရောင်တောက်ပသော ဂါဝန်ရှည်ရှည်ဖားဖားကြီး ဝတ်ထားသည့် တာတာအမျိုးသမီးငယ်တစ်ဦးကို မြင်သည်။ အမျိုးသမီးသည် ခေါင်းထက်တွင် ကုတ်အင်္ကျီတစ်ထည် စုတင်ကာ ရေအပြည့်ပါသည့် အိုးတစ်လုံးရွက်ထားသည်။ တာတာသူငယ်တစ်ယောက်သည် ရှေ့မှနေ၍ အမျိုးသမီး၏လက်ကို ဆွဲခေါ်လာနေသည်။ အမျိုးသမီးသည် သူ့ကိုယ်သူထိန်း၍ လျှောက်နေရသဖြင့် သူ့နောက်ကျော တစ်ကျောလုံး တုန်လှုပ်နေ

mgyoe.com

mgyoe.com
SAMPLE BOOK

သည်။ အမျိုးသမီးသည် ရေအိုးကိုရွက်ကာ တဲထဲသို့ ဝင်သွားသည်။

အမျိုးသမီး ဝင်သွားပြီး မကြာခင်မှာပဲ တဲအတွင်းမှ မနေ့က သူတွေ့ခဲ့သော မုတ်ဆိတ်နီနှင့် တာတာ ထွက်လာသည်။ သူသည် ပိုးသားကြူးနစ်အင်္ကျီကြီး ဝတ်ထားသည်။ ခါးတွင် ငွေရိုးကွပ်ဓားကို ချိတ်ထားသည်။ ခြေအိတ်မစွပ်ဘဲ ရှူးဖိနပ်များ စီးထားပြီး အနက်ရောင် သိုးရေဦးထုပ် ဆောင်းထားသည်။ တာတာသည် အပြင် ရောက်သည့်အခါ ခြေညောင်းလက်ဆန့်လုပ်ရင်း သူ့မုတ်ဆိတ်မွေးများကို ဆွဲနေသည်။ သူသည် တစ်ခဏမျှရပ်ကာ သူ့အစေခံအား တစ်စုံတစ်ရာ လှမ်းပြောပြီး ထွက်သွားသည်ကို တွေ့လိုက်ရ၏။

မြင်းများကို ရေတိုက်ပြီး ပြန်လာသော လူငယ်နှစ်ယောက်သည် ကျီရှေ့မှ ဖြတ်သွားသည်။ မြင်းနှာခေါင်းများတွင် ရေများစိုရွှဲလျက်ရှိကြ၏။ အင်္ကျီသာဝတ်ထားပြီး ဘောင်းဘီမပါသည့် သူငယ်တချို့သည် ပြေးလာကြသည်။ သူတို့သည် ကျီနားတွင်လာ၍ စုကြသည်။ တုတ်တစ်ချောင်းကောက်၍ အပေါက်မှနေပြီး ထိုးသွင်းနေကြသည်။ ဇဟီလင်က အထဲမှနေ၍ အော်သည်။ သူငယ်များသည် ကစဉ့်ကလျား ထွက်ပြေးကုန်ကြသည်။

ဇဟီလင်သည် ရေအလွန်ငတ်လျက်ရှိ၏။ သူ့လည်ချောင်းတစ်ခုလုံး ပူလောင် ခြောက်သွေ့လျက်ရှိသည်။

"သူတို့ မကြာမကြာ ငါ့ကိုလာကြည့်ကြရင် ကောင်းမှာပဲ"

ဟု တွေးနေမိသည်။

ထိုအခိုက်မှာပင် အပြင်မှ သော့ဖွင့်သံကြားရသည်။ မုတ်ဆိတ်နီ တာတာ ဝင်လာသည်။ သူနှင့်အတူ မျက်လုံးနက်နက် ပါးနီနီ မုတ်ဆိတ်တိုနံ့နံ့နှင့် ခပ်သေးသေး ညှက်ညှက် လူတစ်ယောက်ပါလာသည်။ ထိုလူသည် ပျော်ပျော်နေတတ်သည့် မျက်နှာ ပိုင်ရှင်ဖြစ်၍ အမြဲတစေ ရယ်မောနေတတ်သည်။ ထိုလူသည် မုတ်ဆိတ်နီတာတာ ထက် ပို၍ ကောင်းသော အဝတ်များ ဝတ်ထားသည်ကို ထောက်၍ မုတ်ဆိတ်နီထက် ချမ်းသာပုံရသည်ဟု ဇဟီလင်က တွက်လိုက်သည်။

ထိုလူသည် အပြာရောင် ပိုးသားကြူးနစ်အင်္ကျီ ဝတ်ထားသည်။ ရွှေကွပ်ထားသည့် ငွေဓားကြီးကို ခါးတွင်ချိတ်ထားသည်။ ရှူးဖိနပ် အကောင်းစားများ စီးထားသည်။ ခေါင်းတွင် ဆောင်းထားသည့် ဦးထုပ်သည် အဖြူရောင်သိုးရေ ကက်ဦးထုပ်။

မုတ်ဆိတ်နီတာတာသည် စိတ်အနှောင့်အယှက်ဖြစ်နေသည့် လေသံဖြင့် တစ်စုံ

mgyoe.com

mgyoe.com SAMPLE BOOK

တစ်ရာကို ရေရွတ်လာသည်။ သူသည် တံခါးတိုင်ကိုမှီရပ်ကာ ခါးမှခါးရိုးကို လက်ဖြင့် ကိုင်တွယ်ပွတ်သပ်ရင်း ဝံပုလွေတစ်ကောင် မျက်နှာထားမျိုးဖြင့် ဇဟီလင်အား ကြည့်နေသည်။ သူနှင့် ပါလာသော အလွန်သွက်လက် ဖျတ်လတ်ပုံရသည့် လူသည် ခြေထောက်နှစ်ဖက်တွင် စပရိန်တပ်ထားသည့်နှယ် ဇဟီလင်ထံ လျင်မြန်စွာ လျှောက်လာသည်။ ဇဟီလင်ရှေ့၌ ထိုင်ချပြီး ဇဟီလင်၏ပခုံးကို လှမ်းပုတ်သည်။ သူ့ဘာသာ စကားဖြင့် ဇဟီလင်အား စကားလှမ်းပြောသည်။ သူသည် သွားဖြဲပြသည်၊ မျက်စိ မှိတ်ပြသည်။

"ရွတ်ရှာ... ကောင်းတယ်၊ ရွတ်ရှာ ကောင်းတယ်"

ဟူသော စကားကို ထပ်တလဲလဲ ရေရွတ်လျက်ရှိ၏။

ဇဟီလင်သည် သူပြောနေသည့်စကားများကို တစ်လုံးမျှ နားမလည်။ သို့သော် လည်း...

"ရေငတ်တယ်... ရေသိပ်ငတ်တယ်။ ငါ့ကို ရေပေးပါ"

ဟု ပြောမိသည်။

အသားမည်းမည်းလူကတော့ ရယ်၍သာနေသည်။

"ရွတ်ရှ... ကောင်းတယ်"

ဟု ထပ်မံရေရွတ်ကာ သူ့ဘာသာစကားဖြင့် ဆက်ပြောနေသည်။

ဇဟီလင်က လက်များနှင့် နှုတ်ခမ်းများကို လှုပ်ရှားပြီး သူ ရေငတ်နေကြောင်း ထပ်ပြောသည်။

အသားမည်းမည်းလူသည် ချက်ချင်း နားလည်သွားသဖြင့် အားရပါးရရယ် သည်။ သူသည် တံခါးဝမှ အပြင်သို့ မျှော်ကြည့်ကာ အော်ခေါ်သည်။

"ဒိုင်နာရေ... ဟေး ဒိုင်နာ"

သူငယ်မလေးတစ်ယောက် ပြေးဝင်လာသည်။ အသက် ၁၃ နှစ်ခန့် ပိန်ပိန် ပါးပါး သေးသေးသွယ်သွယ်ဖြစ်သည်။ အသားမည်းမည်းတာတာနှင့် မျက်နှာချင်း ဆင်သည်။ သူ့သမီးမှန်း ချက်ချင်းသိသည်။ ကလေးမ၏မျက်လုံးများသည် ကြည်လင် တောက်ပသည်။ သူ့အဖေလိုပင် အနက်ရောင်ဖြစ်သည်။ မျက်နှာက ချောမောလှပ သဖြင့် ကြည့်ပျော်ရှုပျော်ရှိသည်။

အပြာရောင် ဂါဝန်ပါးပါးဝတ်ထားပြီး လည်ပင်းတွင် ငွေဆွဲကြိုးလေး ဆွဲထား သည်။ သူ၏မည်းနက်သော ဆံပင်များကို ဖွတ်မြီးထိုးကာ ကြိုးကလေးဖြင့်ချည်ထား

mgyoe.com

ပြီး ရွှေဆံထိုးလေး ညှပ်ထားသည်။

သူ့အဖေက ဆီး၍ အမိန့်ပေးလိုက်သည့်အခါ မိန်းကလေးသည် ပြေးထွက်သွားပြီး ချက်ချင်းပင် ရေကရားတစ်လုံးယူ၍ ပြန်လာသည်။ သူသည် ရေကရားကို ဇဟီလင့်လက်ထဲသို့ လှမ်းပေးပြီး သူ့ရှေ့တွင် ထိုင်ချလိုက်သည်။ မိန်းကလေးသည် ရေကို အငမ်းမရသောက်နေသော ဇဟီလင်အား တိရစ္ဆာန်ရိုင်းတစ်ကောင်ကို ကြည့်သလို ပြုံး၍ ကြည့်နေသည်။

ဇဟီလင်က ရေမရှိတော့သည့် ကရားကို ပြန်ပေးသည့်အခါ မိန်းကလေးသည် လန့်ဖျပ်ပြီး ထိုင်ရာမှ ခုန်ထလိုက်သည်။ သူ့အဖေက သူ့သမီးအဖြစ်ကို ကြည့်ပြီးရယ်သည်။ မိန်းကလေးသည် ရေကရားကို ယူကာ ပြေးထွက်သွားပြန်သည်။ နောက်တစ်ခဏတွင် ပေါင်မုန့်တစ်လုံး တင်ထားသည့် လင်ပန်းကိုယူ၍ ဝင်လာသည်။ စောစောကလိုပင် ပေါင်မုန့်ကိုလှမ်းပေးပြီး ဇဟီလင် စားနေသည်ကို ထိုင်ကြည့်နေသည်။

ထို့နောက် တာတာများသည် ကျီထဲမှ ပြန်ထွက်ကာ တံခါးကို အပြင်မှ သော့ခတ်၍ ပိတ်လိုက်သည်။

အတန်ကြာသည့်အခါ နိုဂေးရောက်လာပြီး…

"အေဒါး၊ သခင်၊ အေဒါး"

ဟု ပြောသည်။ နိုဂေးမှာလည်း ရုရှားစကား မပြောတတ်။ သူ့ပြောဟန် ဆိုဟန်ကို ကြည့်၍ မိမိအား တစ်နေရာသို့ သွားခိုင်းနေသည်ဟု ဇဟီလင် နားလည်လာသည်။

ဇဟီလင်သည် နိုဂေးနောက်မှ လိုက်သွားသည်။ ခြေချင်းများ ခတ်ထားသဖြင့် ကောင်းစွာ လမ်းမလျှောက်နိုင်သော ဇဟီလင်သည် ထော့နင်းထော့နင်းဖြစ်လျက်ရှိ၏။ ကျီထဲမှ အပြင်သို့ ရောက်သွားသည့်အခါ ဇဟီလင်သည် အိမ်ခြေ ၁၀ အိမ်ခန့်မျှရှိသော တာတာရွာနှင့် မျှော်စင်တစ်ခုပါသော ဗလီကို မြင်ရသည်။ အိမ်တစ်လုံးရှေ့တွင် ကုန်တင်ထားသည့် မြင်းသုံးကောင် ရပ်ထားသည်ကိုလည်း တွေ့ရ၏။ မြင်းသုံးကောင်၏ ဇက်ကြိုးများကို သူငယ်ချင်းသုံးယောက်က ကိုင်ထားသည်။

ထိုအိမ်ထဲမှ အသားမည်းမည်း တာတာထွက်လာပြီး ဇဟီလင်အား သူ့နောက်မှ လိုက်ရန် လက်ဟန်ခြေဟန်ပြသည်။ ထို့နောက် သူသည် အားရပါးရရယ်လိုက်ပြီး သူ့ဘာသာစကားဖြင့် စကားတစ်ခွန်းပြောကာ အိမ်ထဲပြန်ဝင်သွား၏။

ဇဟီလင်သည် တာတာ၏နောက်မှ ဝင်လိုက်သွားသည်။ အခန်းသည် သပ်သပ်ရပ်ရပ်ရှိ၏။ နံရံများကို ရွှံ့များသုတ်ထား၏။ ရှေ့ဘက်နံရံအနီးတွင် ငှက်မွေးအိပ်ရာ

mgyoe.com

အကောင်းစားများ ချခင်းထားသည်။ ဘေးဘက်နံရံများတွင် လွှမ်းထားသည့် ကော်ဇောများမှာ ခန်းဆီးများသဖွယ် အသုံးပြုထားခြင်းဖြစ်၍ ယင်းတို့အပေါ်တွင် သေနတ်များ၊ ပစ္စတိုများနှင့် ဓားများချိတ်ဆွဲထား၏။ နံရံတစ်ခုနှင့်ကပ်၍ မီးဖို သေးသေးတစ်လုံး ချထားသည်။ မြေပြင်မှာ သန့်ရှင်းလှ၏။

အခန်းထောင့်တစ်ထောင့်တွင် သက္ကလတ်စများ ခင်းထားသည်။ ယင်းတို့ အပေါ်မှ ကော်ဇောများခင်းထားပြီး ကော်ဇောများအပေါ်မှ ထိုင်ဖုံများ ခင်းထားသည်။ ထိုင်ဖုံငါးခုမျှရှိရာ ယင်းတို့အပေါ်တွင် တာတာငါးယောက် ထိုင်နေကြသည်။ အသား မည်းမည်းတစ်ယောက်၊ ဆံပင်နီနီတစ်ယောက်နှင့် အခြားဧည့်သည် သုံးယောက်ဖြစ် သည်။ သူတို့အားလုံး ညှပ်ဖိနပ်များ စီးထားကြပြီး တစ်ယောက်စီ၏ နောက်ဘက်တွင် မှီအုံးတစ်လုံးစီ ချထား၏။ သူတို့ရှေ့တွင် ကိတ်မုန့်နှင့် ထောပတ်ပန်းကန်များအပြင် တာတာဘီယာ 'ဘူဇာ' တစ်အိုးစီ ချပေးထားသည်။ သူတို့သည် ကိတ်မုန့်များကို ထောပတ်နှင့်တို့၍ စားနေကြသည်။

အသားမည်းမည်းလူသည် ထိုင်နေရာမှ ဖျတ်ခနဲခုန်ထလိုက်ပြီး ဇဟီလင်အား ကော်ဇောပေါ်မထိုင်ဘဲ မြေကြီးပေါ်၌ထိုင်ရန် အမိန့်ပေးသည်။ ထို့နောက် သူသည် သူ့နေရာ၌ ပြန်ထိုင်ကာ ဧည့်သည်များအား ကိတ်မုန့်နှင့် ဘီယာကို စားကြ၊ သောက် ကြရန် ပြောသည်။

အစေခံတစ်ယောက်သည် ဇဟီလင်အား ထိုင်နိုင်အောင် လာကူ၏။ ထို့နောက် သူသည် ဖိနပ်ကိုချွတ်၍ တံခါးပေါက်အနီးရှိ အခြားဖိနပ်များဘေးတွင် ချထားသည်။ ပြီးသော် သူ့သခင်အနီးရှိ သက္ကလတ်ခင်းပေါ်၌ထိုင်ကာ လူငါးယောက် စားသောက်နေ ကြသည်ကို ကြည့်ပြီး သွားရည်တမျှားမျှား ဖြစ်လျက်ရှိလေ၏။

တာတာများသည် အစားအစာများကို တဝတပြဲ စားသောက်ကြ၏။ သူတို့ စားသောက်အပြီးတွင် ဘောင်းဘီရှည်နှင့် အင်္ကျီဖားဖားပွပွကြီး ဝတ်ထားသည့် အမျိုး သမီးတစ်ယောက် ရောက်လာပြီး စားကြွင်းစားကျန်များ သိမ်းသည်။ လက်ဆေးရေ ဇလုံချကာ ဧည့်သည်များအား လက်ဆေးစေသည်။ ဧည့်သည်များ အတန်ကြာမျှ ဘုရားဝတ်ပြုကြသေးသည်။ ထို့နောက် ဝိုင်းဖွဲ့ထိုင်ကာ စကားစမြည်ပြောကြသည်။ သူတို့ထဲမှ တစ်ဦးက ဇဟီလင်ဘက်လှည့်၍ ရုရှားဘာသာဖြင့် စကားပြောသည်။

"မင့်ကို ကာဇီ–မိုဟာမက်က ဖမ်းမိလာတာ"

ဟု ပြောကာ မုတ်ဆိတ်နီနီနှင့် တာတာအား လက်ညှိုးထိုးပြသည်။

mgyoe.com

"အခုတော့... ကာဇီ–မိုဟာမက်က မင့်ကို အက်ဘဒူမူရတ်လက်ထဲ လွှဲအပ်ပေးလိုက်ပြီ"

ဟုဆိုကာ အသားမည်းမည်း တာတာဘက် လက်ညှိုးထိုးပြသည်။

"ဒါကြောင့်မို့ အခုအချိန်ကစပြီး အက်ဘဒူမူရတ်သည် မင့်သခင်ဖြစ်သွားပြီ"

ဇဟီလင် ငြိမ်နေသည်။ အက်ဘဒူမူရတ်သည် ရယ်မောပြီး စကားပြောသည်။

"စစ်သား ရွတ်ရှ... ကောင်းတယ်"

ဟု ထပ်တလဲလဲ ရေရွတ်နေသည်။

စကားပြန်က...

"မင့်ကို အက်ဘဒူမူရတ်က ခိုင်းနေတယ်၊ အိမ်ကို စာရေးပြီး ငွေပို့ခိုင်းပါတဲ့။ ငွေရောက်လာရင် မင့်ကို သူက ပြန်လွှတ်ပေးမယ်တဲ့"

ဟု ရှင်းပြသည်။

ဇဟီလင်သည် တစ်ခဏမျှငြိမ်၍ စဉ်းစားနေသည်။

"သူက ငွေဘယ်လောက် လိုချင်နေတာလဲ"

ဟု မေးသည်။

တာတာများသည် အချင်းချင်း စကားပြောကြပြန်သည်။ ထို့နောက် စကားပြန်က ဇဟီလင်အား လှည့်ကြည့်သည်။

"ရူဘယ်ငွေ ၃,၀၀၀ ပို့ခိုင်းပါတဲ့"

"ဟင့်အင်း... ကျုပ် အဲသလောက်တော့ မပေးနိုင်ဘူး"

ဟု ဇဟီလင်က ပြန်ပြောသည်။

အက်ဘဒူသည် ဆတ်ခနဲ ခုန်ထလာပြီး ဇဟီလင်အား တာတာစကားဖြင့် ပြောသည်။ စကားပြန်က...

"မင်း ဘယ်လောက်ပေးမလဲလို့ မေးနေတယ်"

ဟု ဝင်ပြောသည်။

"ရူဘယ် ၅၀၀ ပေးမယ်"

ဟု ဇဟီလင်က ဖြေသည်။ တာတာများသည် ဆူဆူညံညံဖြစ်လာကြပြန်သည်။ အက်ဘဒူက မုတ်ဆိတ်နီအား လက်ညှိုးငေါက်ငေါက်ထိုးကာ ဒေါသတကြီး ပြောနေသည်။ ပါးစပ်ထဲမှ တံတွေးများပင် စဉ်ထွက်လာနေကြသည်။ မုတ်ဆိတ်နီကတော့ မျက်မှောင်ကုတ်ကာ သူ့လျှာကို ကိုက်ထားသည်။

mgyoe.com

ခဏမျှအကြာတွင် အားလုံးပြန်၍ ငြိမ်ဆိတ်သွားကြသည်။ စကားပြန်က...

"ရူဘယ် ၅၀၀ ဆိုရင် သခင့်အတွက် နည်းတယ်တဲ့၊ မင်းကို ရူဘယ် ၂၀၀ ပေးပြီး ဝယ်ထားရတာတဲ့၊ ကာဇီ–မိုဟာမက်က သူ့ကိုကြွေးပေးစရာရှိတယ်။ အကြွေးအစား မင့်ကိုယူထားတာ၊ ရူဘယ် ၃,၀၀၀ ရမှဖြစ်မယ်။ အဲဒီထက်နည်းရင် မဖြစ်နိုင်ဘူးတဲ့။ တကယ်လို့ မင်းက အိမ်ကိုစာမရေးဘူးဆိုရင် မင်းကို တွင်းထဲမှာ ချုပ်ထားပြီး ကျာပွတ်နဲ့ ရိုက်ရလိမ့်မယ်လို့ ပြောတယ်"

ဟု ရှင်းပြသည်။

"အင်း... သူတို့ကို ကြောက်နေရင် ပိုပြီး ဖြဲခြောက်တော့မှာပဲ"

ဟု ဇဟီလင်က တွေးသည်။ သူသည် ထိုင်ရာမှ ခုန်ထလိုက်သည်။

"မင်း အဲဒီခွေးကို ပြန်ပြောလိုက်၊ သူက အဲဒီလို ခြိမ်းခြောက်ရင် ငါ စာမရေးဘူး၊ သူလည်း ဘာမှရမှာမဟုတ်ဘူး၊ မင်းတို့ခွေးတွေကို ငါ လုံးဝမကြောက်ဘူး"

ဟု ပြောသည်။

စကားပြန်က ဇဟီလင့်စကားကို ဘာသာပြန်၍ ပြောလိုက်သည့်အခါ တာတာအားလုံး တစ်ယောက်တစ်ပေါက် ပြောလာကြပြန်သည်။ ဤတစ်ကြိမ်တွင် အချိန်အကြာကြီး စကားပြောကြသည်။ ထို့နောက် အသားမည်းမည်း တာတာသည် ဇဟီလင့်ထံ ထလာသည်။

"ရွတ်ရှ်... သတ္တိကောင်းတယ်၊ ရွတ်ရှ... သတ္တိကောင်းတယ်" ဟု ရေရွတ်ကာ စကားပြန်ကို စကားလှမ်းပြောသည်။

"ရူဘယ် ၁,၀၀၀ ရရင် သူကျေနပ်မယ်လို့ ပြောတယ်"

ဇဟီလင်က အလျှော့မပေး။

"ငါကတော့ ရူဘယ် ၅၀၀ ထက် ပိုမပေးဘူး၊ သူ ငါ့ကိုသတ်ရင်လည်း သူ ဘာမှရမှာမဟုတ်တော့ဘူး၊ အဲဒါပဲ"

တာတာများသည် ဆူဆူညံညံဖြစ်လာကြပြန်သည်။ ထို့နောက် အစေခံ အပြင်သို့ လွှတ်သည်။ သူတို့သည် ဇဟီလင်ကို ကြည့်လိုက်၊ တံခါးပေါက်ဆီ ကြည့်လိုက်နှင့် ဂနာမငြိမ်ဖြစ်နေကြသည်။ အစောင့်သည် တုတ်ခိုင်ခိုင်လူတစ်ယောက်နှင့် အတူ ပြန်ရောက်လာသည်။ ထိုလူတွင်လည်း ခြေထိတ်များ ခတ်ထားသည်ကို တွေ့ရ၏။

အံ့အားသင့်သွားသော ဇဟီလင်သည် ဝင်လာသူအား ပါးစပ်အဟောင်းသား

mgyoe.com

ဖြင့် ငေးကြည့်နေမိသည်။ ဝင်လာသူသည် ကော့စတီလင်ဖြစ်၏။ သူ့ကိုလည်း ဖမ်းမိထားကြ၏။ သူတို့နှစ်ယောက်အား ဘေးချင်းယှဉ်၍ ထိုင်ခိုင်းထားပြီး တာတာများက ငြိမ်ဆိတ်စွာ ကြည့်နေကြသည်။

ဇဟီလင်က သူဖြစ်ခဲ့ရပုံကို ပြောပြသည်။ ကော့စတီလင်ကလည်း သူကြုံခဲ့ရပုံကို ရှင်းပြသည်။ ကော့စတီလင်၏ မြင်းကိုလည်း တာတာများက ဝိုင်းဝန်းပိတ်ဆို့ကာ ဖမ်းခဲ့ကြခြင်းဖြစ်သည်။ သူက သေနတ်နှင့် ပစ်သေးသော်လည်း မထိ။ နောက်ဆုံးတွင် သူ့ကို အက်ဘဒူက ဖမ်းမိသွားခြင်းဖြစ်သည်ဟု ဆိုသည်။

အက်ဘဒူသည် ထိုင်ရာမှထကာ ကော့စတီလင်အား လက်ညှိုးထိုးပြပြီး စကားပြောသည်။ စကားပြန်ကလည်း သူတို့နှစ်ယောက်ကို သခင်တစ်ယောက်တည်းက ပိုင်ဆိုင်ကြောင်း၊ တောင်းထားသည့် ငွေအရင်ရောက်လာသူကို အရင်ဆုံး လွှတ်ပေးမည်ဖြစ်ကြောင်း ရှင်းပြသည်။

"အခုဆိုရင် မင်းက စိတ်ဆိုးနေတယ်"

ဟု စကားပြန်က ပြောသည်။

"မင့် သူငယ်ချင်းက မင်းလိုမဟုတ်ဘူး၊ သိမ်မွေ့တယ်။ သူက အိမ်ကို စာရေးပြီးပြီ၊ သူ့အိမ်က ရူဘယ် ၅,၀၀၀ ပို့ပေးတော့မယ်၊ ဒါကြောင့် သူ့ကို ကောင်းကောင်းကျွေးပြီး ကောင်းကောင်းထားတော့မှာ"

"ငါ့သူငယ်ချင်းအနေနဲ့ သူကြိုက်တာ လုပ်နိုင်တယ်။ သူက ချမ်းသာချင်ချမ်းသာမှာ၊ ငါကတော့ ဆင်းရဲတယ်၊ ငါပြောထားတဲ့အတိုင်းပဲ လုပ်ရမှာပဲ။ မင်းတို့သတ်ချင်လည်းသတ်၊ ရတယ်။ ငါသေသွားရင် မင်းတို့ ဘာမှမရမှာ သေချာတယ်၊ ရူဘယ် ၅၀၀ ထက်တော့ ပိုပြီးမတောင်းပေးနိုင်ဘူး"

တာတာအားလုံး ငြိမ်နေကြသည်။ အက်ဘဒူသည် ဖျတ်ခနဲ ထကာ သေတ္တာလေးတစ်လုံး သွားယူသည်။ အတွင်းမှ ကလောင်တံ၊ မင်အိုးနှင့် စက္ကူတစ်ရွက်ထုတ်ကာ ဇဟီလင်အား လှမ်းပေးသည်။ ပခုံးကိုပုတ်ကာ လက်ဟန်ခြေဟန်ပြ၍ စာရေးခိုင်းသည်။ ရူဘယ် ၅၀၀ ကို လက်ခံရန် သဘောတူလိုက်လေပြီ။

"ခဏနေဦး"

ဟု ဇဟီလင်က စကားပြန်အား လှမ်းပြောသည်။

"သူ့ကိုပြောပါ၊ ငါတို့ကို ကောင်းကောင်းကျွေးထားရမယ်။ အဝတ်တို့၊ ဖိနပ်တို့လည်း ပေးရမယ်၊ အတူတူလည်း နေခွင့်ပေးရမယ်၊ အတူတူဆိုရင် နေရတာ

mgyoe.com SAMPLE BOOK

ပိုပျော်မယ်၊ ပြီးတော့ ခြေထိတ်တွေ ဖြုတ်ပေးရမယ်”

ဇဟီလင်က သူ့သခင်ကို ကြည့်ပြီး ရယ်သည်။ သခင်ကလည်း လိုက်ရယ်ပြီး စကားပြန်ပြောနေသည့်စကားကို နားထောင်သည်။ ပြီးတော့ သူက ပြန်ဖြေသည်။

“သူတို့ကို အကောင်းဆုံးအဝတ်တွေ ပေးမယ်၊ မင်္ဂလာတောင် ဆောင်လို့ရမယ့် အဝတ်မျိုးတွေ ပေးမယ်၊ အစားအစာကိုလည်း မင်းညီမင်းသားတွေ ကျွေးသလို ကျွေးမယ်၊ သူတို့ အတူတူနေချင်ရင် ကျီထဲမှာ အတူတူနေခွင့်ပေးရမယ်။ ဒါပေမဲ့ ခြေထိတ်တွေကိုတော့ ငါဖြုတ်မပေးနိုင်ဘူး၊ ဖြုတ်လိုက်ရင် ဒီကောင်တွေ ထွက်ပြေးမှာ၊ ဒါပေမဲ့ ညကျရင်တော့ ခဏဖြုတ်ပေးမယ်”

စကားဆုံးသော် သူသည် ဇဟီလင်၏ပခုံးကို တအားပုတ်ပြီး...

“မင်း ကောင်းတယ်၊ ငါ ကောင်းတယ်”

ဟု ရေရွတ်သည်။

ဇဟီလင်သည် စာကိုရေးပေးသော်လည်း လိပ်စာကို အလွဲတပ်ထားသည်။ မရောက်နိုင်သော လိပ်စာဖြစ်၏။

“ငါ ထွက်ပြေးမယ်”

ဟုလည်း ကျိတ်၍ တွေးသည်။

ဇဟီလင်နှင့် ကော့စတီလင်တို့အား ကျီထဲသို့ ပြန်ပို့ပေးသည်။ ပြောင်းဖူးရိုးများ ယူလာပြီး ခင်းပေးသည်။ ရေတစ်အိုး၊ ပေါင်မုန့်အနည်းငယ်၊ ဝတ်ရုံအင်္ကျီကြီး နှစ်ထည်နှင့် အနည်းငယ် ပေါက်ပြဲနေသော ဘွတ်ဖိနပ်ကြီးများလည်း လာပေးသည်။ အင်္ကျီများနှင့် ဖိနပ်များမှာ ရုရှားစစ်သား အလောင်းများမှ ချွတ်ယူလာသည်မှာ သိသာထင်ရှားသည်။ ညပိုင်းတွင် ခြေထိတ်များကို ဖြုတ်ပေးပြီး ကျီကို အပြင်မှ သော့ခတ်ထားလေသည်။

*

(၃)

ဇဟီလင်နှင့် သူ့မိတ်ဆွေတို့သည် ဤပုံစံဖြင့် တစ်လတာမျှ ကုန်လွန်သွားခဲ့သည်။ သူတို့သခင်သည် အမြဲတစေ ရယ်မောကာ...

“မင်း အီဗန်ကောင်းတယ်၊ ငါ့အက်ဘဒူကောင်းတယ်”

ဟု ပြောလေ့ရှိသည်။ သို့သော်လည်း သူကျွေးနေသည့် အစားအစာများသည်

mgyoe.com

ညှံ့ဖျင်းလွန်းလှ၏။ အညှံ့ဖျင်းဆုံး ပေါင်မုန့်များနှင့် ကိတ်မုန့်များကိုသာ ထည်လဲနှင့် ကျွေးသည်။

ကော့စတီလင်ကတော့ သူ့အိမ်ကို စာတစ်စောင် ထပ်ရေးခဲ့ပြီးပြီ။ ငွေရောက်အလာကိုသာ မှိုင်တွေချ၍ စောင့်မျှော်နေရသည်။ ကျီထဲတွင် ထိုင်၍၊ အိပ်၍ ရက်တွေကို လက်ချိုးရေတွက်ကာ စာတစ်စောင်ပြန်ရောက်အလာကို မျှော်တလင့်လင့်ဖြစ်နေရ၏ ။

သူ့စာ ဘယ်သူ့ဆီကိုမှ မရောက်ဟု သိနေသော ဇဟီလင်ကတော့ နောက်ထပ် စာတစ်စောင်မျှ မရေးတော့ပေ။

"ငါ့အမေက ဒီငွေကို ဘယ်မှာသွားရှာရမှာလဲ၊ တကယ်လို့သာ ရူဘယ် ၅၀၀ ရှာပေးရမယ်ဆိုရင် သူ့ဘ၀ ပျက်တော့မှာပေါ့၊ ဘုရားသခင်ရဲ့ကူညီမှုနဲ့ ငါ လွတ်မြောက်အောင် လုပ်ရတော့မှာပဲ"

ဟုသာ တွေးသည်။ ဤသို့ဖြင့် သူသည် ထွက်ပြေးရန်အတွက် အခါအခွင့်ကိုသာ ချောင်းနေသည်။

ဇဟီလင်သည် ရွာထဲတွင် လေတချွန်ချွန်ဖြင့် လမ်းသလားသည့်အခါ လမ်းသလားသည်။ တစ်နေရာတွင်ထိုင်၍ ရွှံ့များဖြင့် အရုပ်လုပ်ခြင်း၊ ကြိမ်များ၊ ဓားများဖြင့် တောင်းများ၊ ခြင်းများ ရက်လုပ်ခြင်းဖြင့် အချိန်ကုန်သည့်အခါ ကုန်သည်။ ဇဟီလင်၏ လက်များသည် လက်မှုပညာတွင် ကျွမ်းကျင်သည် မဟုတ်ပါလား။

တစ်ခါသော် သူသည် နှာခေါင်း၊ လက်နှင့် ခြေထောက်များပါသော လူရုပ်တစ်ရုပ်လုပ်ကာ တာတာ ၀တ်ရုံအင်္ကျီကြီး၀တ်ပေးပြီး ခေါင်မိုးတစ်ခုပေါ် တင်ထားလိုက်သည်။ ရွာထဲမှ အမျိုးသမီးများ ရေခပ်ထွက်လာသည့်အခါ သူ့သခင်၏ ဒိုင်နာသည် အရုပ်ကိုမြင်သွားသည်။ သူသည် အဖော်အမျိုးသမီးများ ခေါ်၍ပြသည်။ အမျိုးသမီးများသည် ခေါင်းပေါ်မှရေအိုးများကိုချကာ အသေအချာရပ်ကြည့်ပြီး ရယ်ကြသည်။

ဇဟီလင်သည် အရုပ်ကိုယူ၍ အမျိုးသမီးများအား လှမ်းပေးသည်။ သူတို့သည် ဇဟီလင်အား ကြည့်ပြီး ရယ်မောနေကြသော်လည်း အရုပ်ကိုမူ မယူ၀ံ့ကြပေ။ ဇဟီလင်သည် အရုပ်ကို သူ့နေရာတွင် ပြန်တင်ထားခဲ့ပြီး ကျီထဲပြန်၀င်ကာ အသာလေး ချောင်းကြည့်နေသည်။ ဒိုင်နာသည် အရုပ်ဆီသို့ ပြေးလာသည်။ ပတ်၀န်းကျင်ကို လှည့်ကြည့်လိုက်ပြီး အရုပ်ကို ဆတ်ခနဲဆွဲယူကာ ထွက်ပြေးသွားလေသည်။

mgyoe.com

gyoe.com
SAMPLE BOOK

နောက်နေ့မနက်တွင် ဇဟီလင် အပြင်သို့ လှမ်းမျှော်ကြည့်နေခိုက် အိမ်ထဲမှ ဒိုင်နာထွက်လာပြီး အိမ်ရှေ့တံခါးခုံ၌ ထိုင်သည်ကို မြင်ရသည်။ မနေ့က ယူသွားသည့် အရုပ်ကို အနီရောင်အဝတ်စတစ်စဖြင့် ထုပ်ကာ ကလေးတစ်ယောက်ပွေ့သလို ပွေ့၍ လှုပ်သိပ်နေသည်ကိုလည်း တွေ့ရ၏။ နှုတ်မှလည်း တာတာ ကလေးချော့သီချင်း တစ်ပုဒ်ကို သီဆိုလျက်ရှိသည်။ ထိုအခိုက်တွင် အိမ်ထဲမှ အဘွားကြီးတစ်ယောက် ထွက်လာပြီး ဒိုင်နာအား ဆူပူကြိမ်းမောင်းနေသည်။ ဒိုင်နာ့လက်ထဲမှ အရုပ်ကို ဆွဲယူပြီး ကိုင်ပေါက်ပစ်သဖြင့် အရုပ်သည် တစ်ပိုင်းတစ်စစီဖြစ်သွားသည်။

သို့သော်လည်း ဇဟီလင်သည် ယခင်အရုပ်ထက် ပို၍လှအောင် အရုပ်တစ်ရုပ် ထပ်လုပ်ပြီး ဒိုင်နာအား ပေးသည်။ တစ်ကြိမ်တွင် ဒိုင်နာသည် ကရားတစ်လုံးယူလာပြီး ဇဟီလင်ရှေ့၌ ချပေးသည်။ သူကိုယ်တိုင်လည်း ရှေ့တည့်တည့်၌ထိုင်၍ ပြုံးကာ ရယ်ကာဖြင့် ကရားကို လက်ညှိုးထိုးပြသည်။

"ဒီကလေးမ ဘာတွေများ သဘောကျနေပါလိမ့်"

ဟု ဇဟီလင် တွေးကာ ကရားကိုလှမ်းယူလိုက်သည်။ သူ့စိတ်ထဲတွင် ရေကရား ဟုပင် ထင်မိ၏။ သို့သော်လည်း သူထင်သလို မဟုတ်၊ ကရားထဲမှ အရည်သည် နွားနို့ဖြစ်နေသည်။ သူသည် နွားနို့ကိုသောက်သည်။

"သိပ်ကောင်းတယ်"

ဟုလည်း ပြောလိုက်မိသည်။

ဒိုင်နာသည် များစွာ ကျေနပ်လျက်ရှိ၏။

"ကောင်းတယ်... အီဗန်၊ ကောင်းတယ်"

ဟု ပြောကာ ခုန်၍ထလိုက်သည်။ ကရားကို ဖျတ်ခနဲ ကောက်ယူကာ ပြေးထွက်သွားသည်။ ထို့နောက် ဒိုင်နာသည် နေ့စဉ် သူ့ထံသို့ နွားနို့တစ်ကရား လာ... လာပို့လေသည်။

တာတာများသည် ဆိတ်နို့နှင့် ဒိန်ခဲများလုပ်ပြီး သူတို့အိမ်ခေါင်မိုးများပေါ်တွင် လှန်းလေ့ရှိသည်။ တစ်ခါတစ်ရံတွင် ဒိုင်နာသည် ထိုဒိန်ခဲမျိုးကို ဝှက်ယူလာပြီး ဇဟီလင် အား ပေးလေ့ရှိ၏။ တစ်ခါတွင်မူ အက်ဘဒူသည် သိုးတစ်ကောင်ပေါ်သည်။ ဒိုင်နာ သည် သိုးသားကို အင်္ကျီလက်မောင်းထဲဝှက်ယူပြီး ဇဟီလင်ထံပို့သည်။ ပစ္စည်းများ လာပို့သည့်အခါတိုင်း ဒိုင်နာသည် လက်ထဲမှပစ္စည်း ဇဟီလင်ရှေ့၌ ဆတ်ခနဲချလိုက် ပြီး ဖျတ်ခနဲ ပြေးထွက်သွားတတ်သည်။

mgyoe.com

mgyee.com SAMPLE BOOK

တစ်ရက်တွင် အတော်ကြီး ပြင်းထန်သော မုန်တိုင်းကျသည်။ နာရီပေါင်းများစွာ ကြာသည့်အထိ မိုးရွာနေသည်။ မြစ်ချောင်းများထဲရှိ ရေများသည် နောက်ကျိလျက် ရှိသည်။ ရေတိမ်ရာနေရာများတွင် ရေသည် ခုနစ်ပေ အမြင့်ထိ တက်လာသည်။ ရေစီးကသန်လွန်းသဖြင့် ရေထဲတွင် ကျောက်ခဲများပင် မျောပါနေကြ၏။

နေရာတိုင်းတွင် ရေများသည် ဒလဟော စီးဆင်းနေကြသည်။ တောင်ကုန်းများ အတွင်း၌ မိုးခြိမ်းသံများသည် စဲသွားသည်မရှိ။ မုန်တိုင်းစဲသွားသောအခါ ရေများသည် ရွာလယ်လမ်းမပေါ်တွင် စီးဝင်လျက် ရှိနေလေပြီ။

ဇဟီလင်သည် သူ့သခင်ထံမှ ဓားတစ်ချောင်း ခဏငှားကာ ဆလင်ဒါတစ်ခု လုပ်သည်။ သစ်သားများကို ဖြတ်တောက်ပြီး ဘီးတစ်ခုလည်း လုပ်သည်။ ဘီး၏ တစ်ဖက်တစ်ချက်တွင် အရုပ်နှစ်ခုတပ်သည်။ အရုပ်တစ်ခုသည် လယ်သမားဖြစ်၍ အခြားတစ်ရုပ်သည် လယ်သူမ၊ ရွာထဲမှ မိန်းကလေးများက အရုပ်နှစ်ရုပ်အတွက် အင်္ကျီ၊ ဘောင်းဘီများချုပ်၍ ဝတ်ဆင်ပေးကြသည်။ ဘီးကို ရေထဲချသည်။ ရေစီးအရှိန်ဖြင့် လည်နေသော ဘီး၏တစ်ဖက်တစ်ချက်၌ တပ်ထားသောအရုပ်များ ကနေကြလေပြီ။

တစ်ရွာလုံးမှ လူများသည် ဝိုင်းအုံ၍ ကြည့်နေကြသည်။ ယောကျ်ားကလေးများနှင့် မိန်းကလေးများသာမက တာတာယောကျ်ားကြီးများနှင့် မိန်းမကြီးများ လာ၍ ကြည့်ကြခြင်းဖြစ်၏။ သူတို့သည် တအံ့တသြ စိတ်ဖြင့် စုတ်တသပ်သပ် ဖြစ်နေကြသည်။

အက်ဘဒူထံရှိ ရုရှားလုပ် နာရီတစ်လုံးသည် စက်ပျက်လျက်ရှိ၏။ သူသည် ဇဟီလင်အား ခေါ်၍ ပြသည်။

"ကျွန်တော့်ကိုပေး၊ ပြင်ပေးမယ်"

ဟု ဇဟီလင်က ပြောသည်။

သူသည် ဓားမြှောင်တစ်ချောင်းဖြင့် နာရီအတွင်းရှိ ပစ္စည်းအစအနများကို ထုတ်ယူသည်။ နေသားတကျ ပြန်တပ်လိုက်သည့်အခါ နာရီသည် ပြန်ကောင်းသွားသည်။

သူ့သခင် အက်ဘဒူသည် များစွာ ဝမ်းသာသွားသည်။ သူ့အား အပေါက်တွေ ဗရပွနှင့် ကြူးနှစ်အင်္ကျီဟောင်းကြီးတစ်ထည်ကို လက်ဆောင်အဖြစ်ပေးသည်။ ဇဟီလင်အနေဖြင့် လက်မခံ၍ မဖြစ်သဖြင့် လက်ခံလိုက်သည်။ ဘယ်လိုပဲဖြစ်ဖြစ်

mgyee.com

mgyoe.com SAMPLE BOOK

ဤအကျီစုတ်ကြီးကို ညကျလျှင် စောင်အဖြစ် အသုံးပြုနိုင်သည်မဟုတ်ပါလော။

ထို့နောက်တော့ ဇဟီလင်၏ နာမည်သည် ကျော်ကြားသွားသည်။ အလှမ်းကွာဝေးသော ကျေးရွာများမှ တာတာများသည် သေနတ်ပျက်များ၊ ပစ္စတိုပျက်များ၊ နာရီပျက်များကို ယူလာပြီး ဇဟီလင်အား ပြင်ခိုင်းတတ်သည်။ သူ့သခင်ကလည်း ဇဟီလင်အား သံနုတ်၊ ဝက်အူလှည့်နှင့် တံစဉ်း စသည်များ ပေးထားသည်။

တစ်ရက်တွင် တာတာတစ်ယောက် ဖျားသဖြင့် ဇဟီလင်အား လာခေါ်သည်။

"အိမ်လိုက်ပြီး လူနာကို ကုပေးပါ"

ဟု ဆိုသည်။ ဇဟီလင်သည် ဆေးကုတတ်သူမဟုတ်။ သို့သော်လည်း လိုက်သွားပြီး ကြည့်သည်။

"အဆင်သင့်သွားရင်လည်း ပျောက်ချင်ပျောက်သွားမှာပေါ့"

ဟုလည်း သူတွေးသည်။

သူသည် လူနာအိမ်မှ ပြန်လာပြီး ကျီထဲတွင် ရေအနည်းငယ်နှင့် သဲတစ်ဆုပ်ကို ဖျော်သည်။ ထို့နောက် တာတာများ၏ ရှေ့မှာပင် 'သဲရေ' ထည့်ထားသည့် ခွက်တွင် ပါးစပ်ဖြင့်တွေ့၍ တီးတိုးရေရွတ်သည်။ ပြီးတော့ ဖျားနေသူကို တိုက်၏။ သူ့အတွက် အလွန်ကံကောင်းသည်ဟု ဆိုရပေလိမ့်မည်။ လူနာတာတာသည် အဖျားမှ သက်သာသွားလေသည်။

ကြာလာတော့လည်း ဇဟီလင်သည် တာတာတို့၏စကားကို အနည်းငယ်မျှ ပြောတတ်လာသည်။ အချို့တာတာများကလည်း သူနှင့် ခင်မင်လာကြရသည်။ သူတို့စကားပြောချင်သည့်အခါ ဇဟီလင်အား "ဟေး... အီဗန် အီဗန်" ဟု ခေါ်တတ်သည်။ တချို့ကတော့ ယခုအချိန်ထိ သူ့အား တိရစ္ဆာန်အရိုင်းတစ်ကောင်ကို ကြည့်သလို ကြည့်နေဆဲပင်ဖြစ်၏။

မုတ်ဆိတ်နီနီနှင့် တာတာသည် ဇဟီလင်ကို လုံးဝသဘောမကျပေ။ ဇဟီလင်ကို မြင်လျှင် သူသည် မျက်မှောင်ကုတ်ကာ မျက်နှာကို လွှဲသွားတတ်သည်။ ဆဲဆိုကျိန်ဆဲသည့်အခါ ကျိန်ဆဲတတ်၏။ ဇဟီလင်ကို မနှစ်သက်သော အဘိုးအိုတစ်ယောက်လည်းရှိသေးသည်။ ယင်းအဘိုးအိုသည် ရွာထဲ၌ နေထိုင်သူမဟုတ်။ တောင်ခြေမှနေ၍ တက်လာလေ့ရှိသူဖြစ်၏။

အဘိုးအိုသည် အရပ်ပုပု၊ အဝတ်ဖြူကို ခေါင်းတွင် ပေါင်းထားတတ်သည်။ သူ့မုတ်ဆိတ်မွေးနှင့် နှုတ်ခမ်းမွေးများသည် နှင်းခဲများသဖွယ် ဖွေးဖွေးလှုပ်နေကြပြီ။

mgyoe.com

mgyoe.com SAMPLE BOOK

သူ့မျက်နှာရဲရဲတွင် ပါးရေနားရေများ တွန့်နေကြပြီ။ သူ့နှာခေါင်းသည် သိမ်းငှက်တစ်ကောင်၏ နှုတ်သီးနှင့် တူသည်။ သူ့မျက်လုံးအစုံသည် ရက်စက်ကြမ်းကြုတ်ခြင်းကို ဖော်ပြနေကြသည်။ သူ့တွင် သွားအစွယ်နှစ်ချောင်းမှတစ်ပါး သွားတစ်ချောင်းမျှ မရှိတော့။ ဘေးဘီကို ကြည့်လျှင် ဝံပုလွေတစ်ကောင်နှင့်တူသည်။ သူသည် ဇဟီလင်ကို မြင်လျှင် ရှူးရှူးရှားရှားဖြစ်ကာ မျက်နှာကို ချက်ချင်းလွှဲပစ်တတ်၏။

တစ်ခါသော် ဇဟီလင်သည် တောင်စောင်းအတိုင်းဆင်းကာ အဘိုးအိုနေသောနေရာကို သွားကြည့်သည်။ ကျောက်နံရံပတ်ပတ်လည် ဝန်းရံထားသည့် ဥယျာဉ်ကလေးတစ်ခုနောက်မှ တဲတစ်လုံးကို သူတွေ့နေရသည်။ သူဝင်းခြံနားသို့ တိုးကပ်သွားသည့်အခါ ပျားအုံများကို မြင်ရသည်။ တဝီဝီပျံသန်းနေကြသော ပျားသံများကိုလည်း ကြားရ၏။ တစ်နေရာတွင်မူ ဒူးထောက်၍ ထိုင်ကာ ပျားအုံတစ်အုံဖြင့် အလုပ်များနေသော အဘိုးအိုကို မြင်ရလေ၏။

ဇဟီလင်သည် အဘိုးအိုကို ပို၍စေ့စေ့စပ်စပ် ကြည့်လိုသဖြင့် ရှေ့သို့ တိုးလိုက်မိ၏။ ခြေထောက်မှ သံခြေချင်းများ ရိုက်ခတ်မြည်သွားသည်။ အဘိုးအိုသည် ဖျတ်ခနဲလှည့်ကြည့်ပြီး လှမ်းအော်သည်။ သူ့ခါးကြားမှ ပစ္စတိုကိုဆွဲထုတ်ကာ ဇဟီလင်အား လှမ်းပစ်သည်။ ကျောက်နံရံအောက်သို့ ကပျာကယာ ဝပ်ချလိုက်သဖြင့် ဇဟီလင်ကို မထိ။

အဘိုးအိုသည် ဇဟီလင်၏ သခင်ထံသွား၍ တိုင်သည်။ သူ့သခင်က ဇဟီလင်အား ခေါ်ပြီး...

"မင်း ဘာပြုလို့ အဘိုးကြီးအိမ်ကို သွားတာလဲ"

ဟု မေးသည်။

"ကျွန်တော် သူ့ကို အန္တရာယ်ပြုဖို့ သွားတာမဟုတ်ဘူး၊ သူ ဘယ်လိုနေသလဲ ဆိုတာ သိချင်လို့ သွားကြည့်တာပါ"

သူ့သခင်က ဇဟီလင် ပြောသည့်အတိုင်း ပြန်ရှင်းပြသော်လည်း အဘိုးအိုက မကျေနပ်။ ဒေါသူပုန်ထကာ ဆဲဆိုကြိမ်းမောင်းသည်။ ဇဟီလင်ဘက်သို့လှည့်၍ လက်သီးတဆုပ်ဆုပ် အံတကြိတ်ကြိတ်ဖြစ်နေသည်။

ဇဟီလင်သည် အဘိုးအိုပြောနေသည့် စကားအားလုံးကို နားမလည်သော်လည်း ရွာထဲတွင် ရုရှားများကို မွေးမထားသင့်၊ အားလုံးကို သတ်ပစ်သင့်သည်ဟု အက်ဘဒူအား ပြောနေမှန်း သူသိသည်။ နောက်တစ်ခဏအကြာတွင် အဘိုးအို
mgyoe.com

ပြန်ထွက်သွား၏။

ဖဟီလင်က သူ့သခင်အား အဘိုးကြီးအကြောင်း မေး၏။

"သူဟာ ထင်ရှားကျော်ကြားခဲ့တဲ့ လူကြီးတစ်ယောက်ပဲ"

ဟု အက်ဘဒူက ပြောပြသည်။

"ငါတို့ တာတာတွေထဲမှာ သတ္တိအကောင်းဆုံး လူတစ်ယောက်ပေါ့။ သူဟာ ရုရှားတွေ အများကြီး သတ်ခဲ့ဖူးတယ်။ တစ်ချိန်ကဆို သိပ်ချမ်းသာခဲ့တဲ့လူပေါ့။ သူ့မှာ မယားသုံးယောက်နဲ့ သားရှစ်ယောက်ရှိတယ်။ အားလုံး ရွာတစ်ရွာတည်းပြီးနေကြတယ်။ တစ်ရက်မှာ ရုရှားတွေရောက်လာပြီး ရွာကိုလည်း ဖျက်ဆီးပစ်တယ်၊ သားခုနစ်ယောက်ကိုလည်း သတ်ပစ်တယ်။ ကျန်တဲ့ သားတစ်ယောက်ကလည်း ရုရှားတွေဆီ အညံ့ခံလိုက်တယ်။ သူတို့သားအဖ ရုရှားတွေလက်ထဲမှာ သုံးလနေခဲ့ရတယ်။ နောက်ဆုံးတော့ အဘိုးအိုဟာ သူ့သားကို လည်ပင်းညှစ်သတ်ပြီး ရုရှားတွေလက်ထဲက ထွက်ပြေးလာခဲ့တာပဲ။ အဲဒီအချိန်ကစပြီး သူဟာ တိုက်တဲ့ခိုက်တဲ့အလုပ်ကို မလုပ်တော့ဘူး။ မက္ကာမြို့ကို သွားပြီး ဘုရားဖူးတယ်။ ဒါ့ကြောင့် သူ့ခေါင်းကို ပေါင်းထုပ်ကြီး ပေါင်းထားတာ။ မက္ကာကိုသွားပြီး ပြန်လာတဲ့လူကို 'ဟာဂျီ' လို့ ခေါ်တယ်။ ပေါင်းထုပ်လည်း ပေါင်းထားရတယ်။ အဘိုးကြီးက မင်းတို့ရုရှားတွေကို မုန်းတယ်၊ သူက မင့်ကို သတ်ပစ်ခိုင်းနေတယ်၊ ဒါပေမဲ့ ငါကတော့ မင်းကို မသတ်ရက်ဘူး၊ ငါက မင်းကို ငွေပေးပြီး ဝယ်ထားတာ၊ ပြီးတော့လည်း ငါ မင့်ကို ခင်နေပြီ အီဗန်၊ သတ်ဖို့ မပြောနဲ့၊ ငါ မင့်ကိုသာ ကတိပေးမထားရင် ပြန်မလွှတ်ချင်တော့ဘူး"

စကားဆုံးသော်လည်း သူ့သခင်က ရယ်သည်။ ရုရှားစကားဖြင့်...

"မင်း... အီဗန် ကောင်းတယ်၊ ငါ... အက်ဘဒူ ကောင်းတယ်" ဟု ပြောသည်။

*

(၄)

ဖဟီလင်သည် ဤပုံစံဖြင့် နောက်ထပ်တစ်လ ကုန်သွားပြန်သည်။ နေ့ခင်းဘက်တွင် သူသည် ရွာထဲ၌လျှောက်လည်ခြင်း၊ လက်မှုအလုပ်ဖြင့် တောက်တိုမည်ရများ လုပ်ခြင်းဖြင့် အချိန်ကုန်သည်။ ညပိုင်းရောက်၍ တစ်ရွာလုံး အိပ်မောကျကာ တိတ်ဆိတ်သွားချိန်တွင်မူ ကျီအတွင်းမှ မြေကြီးကိုတူးသည်။ တူးရသည်မှာ ကျောက်စရစ်များ ခံနေသဖြင့် လက်ဝင်လှ၏။ သို့သော်လည်း သူသည် အားမလျှော့။

mgyoe.com

ကျောက်တုံးများကို တံစဉ်းဖြင့်ကော်၍ ကလန့်၍ ဖယ်ပစ်သည်။ ဤသို့ဖြင့် နောက်ဆုံးတွင် ကျီ၏ နံရံအောက်တွင် သူထွက်နိုင်သည့် အပေါက်တစ်ပေါက်ကို ဖောက်လုပ်နိုင်ခဲ့လေပြီ။

"တကယ်လို့သာ ဒီတစ်ဝိုက်က မြေတည်နေရာနဲ့ အနေအထားကို ငါ ကောင်းကောင်းသိရင် ဘယ်ဘက်သွားရမယ်ဆိုတာ သိမှာပဲ"

ဟု တွေးသည်။

"ငါ စုံစမ်းလို့ကတော့ ဘယ်တာတာမှ ပြောမှာမဟုတ်ဘူး"

သူသည် သူ့သခင် ခရီးဝေးသွားသည့်ရက်တစ်ရက်ကို ရွေးသည်။ ထိုနေ့ ညနေစာစားအပြီးတွင် ရွာ၏တစ်ဖက်ရှိ တောင်ကုန်းပေါ်တက်၍ ပတ်ဝန်းကျင်မြေအနေအထားကို ကြည့်ရှုလေ့လာရန် စိတ်ကူးသည်။ သို့သော်လည်း သူ့သခင်သည် ခရီးဝေးသွားတိုင်း သူ့သားအား ဇဟီလင်ကို မျက်ခြည်မပြတ် စောင့်ရှောက်ရန် မှာခဲ့သည်ဖြစ်ရာ ဇဟီလင် သွားရန် ပြင်လိုက်သည်နှင့်တစ်ပြိုင်နက် သူငယ်သည် သူ့နောက်မှ ပြေးလိုက်လာသည်။

"ဟေ့လူ... ဘယ်မှမသွားနဲ့၊ အဖေက ခင်ဗျားကို သွားခွင့်မပေးရဘူးလို့ မှာထားတယ်။ ပြန်မလာရင် ကျုပ် အိမ်နားနီးချင်းတွေကို အော်ခေါ်မှာနော်"

ဇဟီလင်သည် သူငယ်အား ချော့မော့သွေးဆောင်ရန် ကြိုးစားသည်။

"ငါ အဝေးကြီးမသွားပါဘူးကွာ၊ ဟောဟို တောင်ကုန်းပေါ် တက်ချင်လို့ပါ။ ဆေးပင်ဆေးမြစ်ရှာမလို့ပါ။ ဒါမှ ဖျားနာတဲ့လူတွေကို ကုဖို့ ဆေးဖော်နိုင်မှာကွ၊ မင်းမယုံရင် ငါနဲ့လိုက်ခဲ့ပါ။ ဒီသံခြေချင်းကြီးတွေနဲ့ ငါ ထွက်ပြေးလို့ ရမှာတဲ့လားကွာ။ မနက်ဖြန်ကျရင် ငါ မင့်အတွက် လေးနဲ့မြားလုပ်ပေးပါ့မယ်"

ဤသို့ဖြင့် ဇဟီလင်သည် ကောင်ကလေးအား ခေါ်သွားနိုင်ခဲ့သည်။ အောက်မှနေ၍ ကြည့်သည့်အခါ တောင်ထိပ်သည် သိပ်မမြင့်ဟု ထင်ရသော်လည်း တကယ်တမ်းတက်သည့်အခါ သံခြေချင်းများနှင့် တက်ရခြင်းဖြစ်၍ အလွန်ပင်ပန်းလှချေသည်။ ဇဟီလင်သည် အားမလျှော့ဘဲ တက်ခဲ့သည်။ နောက်ဆုံးတွင် တောင်ထိပ်သို့ ရောက်သွားခဲ့လေ၏။

သူသည် တစ်နေရာ၌ထိုင်ကာ ပတ်ဝန်းကျင်မြေပြင် တည်နေပုံကို ကြည့်ရှုမှတ်သားသည်။ သူ့အား ချုပ်နှောင်ထားရာ ကျီ၏တောင်ဘက်တွင် တောင်ကြားတစ်ခုရှိ၏။ ထိုတောင်ကြားထဲ၌ မြင်းတစ်အုပ် အစာစားနေကြသည်။ တောင်ကြား၏

mgyoe.com

ခြေရင်းတစ်နေရာတွင် ရွာတစ်ရွာရှိသည်။ ရွာ၏ အခြားတစ်ဖက်တွင် မတ်စောက်သော တောင်တစ်လုံးရှိ၍ ထိုတောင်၏တစ်ဖက်တွင် နောက်တောင်တစ်လုံး မားမားကြီး တည်ရှိနေ၏။

တောင်ကုန်းများအကြားရှိ သစ်တောများသည် စိမ်းပျရောင် အဆင်းကို ဆောင်နေကြသည်။ သစ်တောများ၏ အခြားတစ်ဖက် အလှမ်းဝေးကွာသော နေရာများတွင်မူ ပို၍ပို၍ မြင့်မားသော တောင်တန်းကြီးများ၊ ယင်းတို့အထဲမှ အမြင့်ဆုံးတောင်၏ ထိပ်တွင် ဖြူဖွေးသော ဆီးနှင်းများ လွှမ်းခြုံလျက်ရှိ၏။ ဆီးနှင်းအုပ်ထားသော ထိုတောင်ထိပ်သည် ကျန်တောင်ထိပ်များအား အပေါ်မှ အုပ်မိုးထားလေသည်။

အရှေ့ဘက်နှင့် အနောက်ဘက်ကို မျှော်ကြည့်လိုက်သည့်အခါတွင်လည်း အလားတူ တောင်ကုန်းများကိုပင် မြင်တွေ့ရသည်။ တောင်ကုန်းများကြား ဟိုနေရာသည်နေရာဆီမှ တလိပ်လိပ် တက်လာနေသည့် မီးခိုးများမှာ တောင်ကြားရွာများဆီမှ တက်လာနေကြသော မီးခိုးများပေတည်း။

"အင်း... ဒီနေရာအားလုံးဟာ တာတာတွေရဲ့နယ်ပဲ"

ဟု ဇဟီလင်က တွေးသည်။ သူသည် ရုရှားနယ်မြေဘက်သို့ လှည့်ကြည့်သည်။ သူထိုင်နေသော တောင်ကုန်းခြေရင်းတွင် မြစ်တစ်ခုစီးဆင်းနေပြီး သူနေထိုင်ရာရွာသည် ဟင်းသီးဟင်းရွက်ခင်းများ ဝန်းရံလျက်ရှိ၏။ မြစ်ကမ်းဘေး၌ ထိုင်၍ အဝတ်လျှော်နေကြသော အမျိုးသမီးများသည် အရုပ်ကလေးများနှင့် တူလှ၏။

ရွာ၏အခြားတစ်ဖက်ရှိ တောင်ကုန်းတစ်ခုသည် တောင်ဘက်ရှိ တောင်ကုန်းလောက်မမြင့်။ ထိုတောင်ကုန်း၏ အခြားတစ်ဖက်တွင် သစ်တောများ လွှမ်းနေသည့် တောင်ကုန်းနှစ်ခုတည်ရှိသည်။ ထိုတောင်ကုန်းများ၏ကြားတွင် ပြာရောင်သန်းနေသည့် မြေပြန့်လွင်ပြင်။ ယင်း၏တစ်ဖက် အလှမ်းအလွန်ဝေးကွာလှသော နေရာတစ်ခုဆီမှ မီးခိုးလုံးတစ်လုံး။

ဇဟီလင်သည် သူ့ခံတပ်တွင်နေစဉ်က မှတ်သားခဲ့ဖူးသည့် နေထွက်ရာအရပ်နှင့် နေဝင်ရာအရပ်တို့ကို ပြန်၍စဉ်းစားသည်။ ဘယ်နည်းနှင့်မျှ သူ့အတွက်မလွဲနိုင်။ ရုရှားခံတပ်သည် ထိုလွင်ပြင်ပေါ်၌ ရှိရမည်။ သူထွက်ပြေးသည့်အခါ ထိုတောင်ကုန်းနှစ်ခုကြားမှ ပြေးနိုင်မှဖြစ်မည်။

နေသည် ဝင်လုလုဖြစ်နေပြီ။ ဆီးနှင်းများ အုပ်ထား၍ ဖွေးဖွေးလှုပ်နေကြသော တောင်တန်းများသည် အနီရောင်သို့ပြောင်းသွားသည်။ မည်းနက်နေကြသော

mgyoe.com

mgyee.com
SAMPLE BOOK

တောင်ကုန်းများသည် ပို၍မည်းနက်လာကြသည်။ ချောက်ကြိုမြောင်များကြားမှ မြူများသည် တရိပ်ရိပ် တက်လာနေကြပြီ။ ရှရှားခံတပ်ရှိရမည်ဟု သူ တွက်ထားသော တောင်ကြားဘက်တွင်လည်း မြူများဆိုင်းကာ မှိုင်းမှုန်လာပြီ။ ဇဟီလင်သည် ထိုနေရာကို အသေအချာထပ်ကြည့်၏။ တောင်ကြားထဲတွင် လှုပ်ရှားနေသော အရာ တစ်ခုကို မြင်နေရ၏။ ခေါင်းတိုင်မှ ထွက်နေသည့် မီးခိုးလိုလို ဘာလိုလို။ သူ့စိတ်ထဲ တွင် ထိုနေရာ၌ ရှရှားခံတပ်ရှိရမည်ဟု အခိုင်အမာ တွက်မိသည်။

အချိန်သည် အတော်နောက်ကျသွားပြီ။ ဗလီဆရာ၏ အော်သံကို ကြားနေရပြီ။ နွားအုပ်များ တစ်အုပ်ပြီးတစ်အုပ် ရွာထဲသို့ မောင်းသွင်းသွားနေကြပြီ။

"လာဗျာ.... အိမ်ပြန်ကြစို့"

ဟု သူ့အဖော် သူငယ်က တတွတ်တွတ် နားပူနားဆာလုပ်နေသည်။ ဇဟီလင် ကတော့ ပြန်လိုစိတ်မရှိ။

မည်သို့ပင်ဖြစ်စေ နောက်ဆုံးကျတော့လည်း ဇဟီလင်သည် သူငယ်နှင့်အတူ ရွာသို့ ပြန်လာခဲ့ရ၏။

"အခုဆိုရင် ငါလမ်းသိပြီ"

ဟု သူတွေးသည်။

"ထွက်ပြေးဖို့ အချိန်ရောက်ပြီ"

သူသည် ထိုညမှာပင် ထွက်ပြေးရန် စိတ်ကူးသည်။

ညသည် မှောင်မည်းလျက်ရှိ၏။ လသည်ဝင်သွားခဲ့ပြီ။ ဇဟီလင်အတွက် ကံမကောင်းဟု ဆိုရမည်။ ထိုညတွင် တာတာများ ပြန်လာကြသည်။ အများအားဖြင့် သူတို့သည် နွားအုပ်ကြီးများကိုမောင်း၍ ပျော်ရွှင်မြူးထူးစွာ ပြန်လာလေ့ရှိကြသော် လည်း ယခုတစ်ကြိမ်တွင်မူ နွားအုပ်ပါမလာ။ သူတို့နှင့် ပြန်ပါလာသည်မှာ တာတာ အလောင်းတစ်လောင်း၊ မှတ်ဆိတ်နီ၏ ညီဖြစ်သည်။ အသတ်ခံထားရခြင်းဖြစ်၏။ ပြန်လာကြသူအားလုံး၏ မျက်နှာများသည် ကြည်လင်ရွှင်ပျခြင်းမရှိ။ သူတို့သည် အလောင်းကို မြေမြှုပ်ရန် စုဝေးနေကြသည်။ ဇဟီလင်သည် အသုဘအခမ်းအနားကို ထွက်ကြည့်သည်။

သူတို့သည် အလောင်းကို အဝတ်တစ်ထည်ဖြင့်ပတ်၍ ထုပ်သည်။ အလောင်း ကို ခေါင်းထဲမသည်။ ထို့နောက် ဝိုင်း၍မကာ ရွာပြင်သို့ ထုတ်သွားကြပြီး သစ်ပင်များ အောက် မြက်ခင်းပြင်ပေါ် ချထားသည်။ ဗလီဆရာနှင့် အမျိုးသားများသည် သူတို့

mgyee.com

mgyoe.com
SAMPLE BOOK

ဦးထုပ်များကို အဝတ်များနှင့်ပတ်ကာ ဖိနပ်များကိုချွတ်၍ အလောင်းနားတွင် တင်ပျဉ်ခွေထိုင်ကြသည်။ ဗလီဆရာက ရှေ့ဆုံးမှ၊ သူ့နောက်တွင် ပေါင်းထုပ်ကြီးများနှင့် အဘိုးအိုသုံးဦး။ သူတို့နောက်တွင် အခြားတာတာများ။

အားလုံး မျက်လွှာများချကာ ငြိမ်ဆိတ်နေကြသည်။ ဤပုံစံအတိုင်း ထိုင်နေကြသည်မှာ အချိန်အတော်ကြီးကြာသည်။ နောက်ဆုံးတွင် ဗလီဆရာသည် ဦးခေါင်းကို မော့၍...

"အလ္လာဟ်..."

ဟု ရေရွတ်သည်။ အားလုံး မျက်လွှာများပြန်ချကာ ငြိမ်ဆိတ်နေကြပြန်၏။ ကိုယ်ခန္ဓာလည်း လှုပ်ရှားခြင်းမရှိ၊ အသံလည်း မထွက်။

ဗလီဆရာသည် ဦးခေါင်းကိုမော့၍ နောက်တစ်ကြိမ်...

"အလ္လာဟ်..."

ဟု ရေရွတ်ပြန်သည်။ ကျန်လူများကလည်း...

"အလ္လာဟ်... အလ္လာဟ်..."

ဟု လိုက်၍ ရေရွတ်ကြပြီး ငြိမ်ဆိတ်နေကြပြန်သည်။

မြက်ခင်းပြင်ထက်မှအလောင်းသည် လှုပ်ရှားခြင်းမရှိသကဲ့သို့ ထိုင်နေသူအားလုံးသည်လည်း နည်းနည်းကလေးမျှ ရွေ့လျားခြင်းမရှိ။ တိတ်ဆိတ်လွန်းသဖြင့် တရှဲရှဲမြည်နေသည့် သစ်ရွက်လေတိုးသံများမှတစ်ပါး အခြား ဘာသံမျှမကြားရ။ ထို့နောက် ဗလီဆရာထံမှ အလ္လာဟ်ဟူသော ရေရွတ်သံတစ်သံ ထပ်မံထွက်ပေါ်လာပြီးနောက် အားလုံးထိုင်ရာမှ ထကြသည်။

သူတို့သည် အလောင်းကို မဏ္ဍာတွင်းဆီသို့ သယ်ဆောင်သွားကြသည်။ တွင်းမှာ ရိုးရိုးတွင်းမဟုတ်။ လိုဏ်သဖွယ် အနက်ကြီးတူးထားသော တွင်းဖြစ်၏။ သူတို့သည် အလောင်းကို တွင်းထဲသို့ ထိုင်လျက်အနေအထား ဖြည်းဖြည်းချင်းချသည်။ လက်နှစ်ဖက်ကို ရှေ့တွင်ကွေး၍ တင်ပေးထားသည်။

တစ်ဦးက ကျူပင်များသယ်ယူလာပြီး တွင်းထဲသို့ အပြည့်အသိပ်ချသည်။ ထို့နောက် အပေါ်မှ မြေကြီးများဖုံး၍ မာသွားအောင် ဝိုင်းပြီးနင်းကြ၊ ဆောင့်ကြသည်။ မြေပုံ၏ ထိပ်ဘက်တွင် ကျောက်တိုင်တစ်တိုင် စိုက်ကြသည်။ ပြီးသွားသည့်အခါ အားလုံး မြေပုံရှေ့၌ တန်းစီ၍ထိုင်ကာ ငြိမ်ဆိတ်စွာ နေကြပြန်သည်။

နောက်ဆုံးတွင် အားလုံး ထိုင်ရာမှထကာ...
mgyoe.com

"အလ္လာဟ်... အလ္လာဟ်... အလ္လာဟ်"

ဟု ရေရွတ်ကြသည်။

မုတ်ဆိတ်နီတာတာသည် အဘိုးအိုများအား ငွေထုတ်ပေးပြီး ထိုင်ရာမှထကာ ကျာပွတ်ဖြင့် သူ့နဖူးကို သုံးကြိမ်တိတိ ရိုက်သည်။ ထို့နောက် သူ့အိမ်ဘက်သို့ ပြန်သွားသည်။

နောက်နေ့ မနက်တွင် ဇဟီလင်သည် အခြားတာတာသုံးယောက်နှင့်အတူ မြင်းမတစ်ကောင်ဆွဲ၍ ထွက်လာသော မုတ်ဆိတ်နီတာတာကို မြင်ရပြန်သည်။ ရွာပြင်တစ်နေရာအရောက်တွင် မုတ်ဆိတ်နီသည် သူ့ကြူးနစ်အင်္ကျီကိုချွတ်၍ ဓား တစ်ချောင်းကိုထုတ်ကာ ကျောက်တုံးတစ်တုံးပေါ် တင်၍သွေးသည်။ ကျန်တာတာများက မြင်းမ၏ ဦးခေါင်းကို ကိုင်ပေးထားသည်။

မုတ်ဆိတ်နီသည် လက်ထဲမှဓားဖြင့် မြင်းမ၏ လည်ပင်းကို ဖြတ်သည်။ ထို့နောက် အားလုံးဝိုင်း၍ ဖျက်ကြသည်။ မြင်းသေကောင်သည် တစ်ပိုင်းစီ တစ်ခြမ်းစီ ဖြစ်သွားသည်။ ရွာထဲမှ မိန်းမကြီးများနှင့် မိန်းကလေးများ ထွက်လာကြသည်။ ဝိုင်း၍ ဆေးကြကြောကြ ကူညီကြသည်။ အသားများကို မုတ်ဆိတ်နီ၏တဲဆီသို့ သယ်ပို့ပေးကြသည်။ တစ်ရွာလုံးမှ လူများသည် အသုဘအခမ်းအနား စားသောက်ပွဲအတွက် စုရုံးရောက်ရှိလာကြသည်။

တာတာများသည် သုံးရက်တိတိ မြင်းသားကိုစား၍ ဘူဇာ (ဘီယာ) ကို သောက်ကာ သေသွားသူအတွက် ဆုတောင်းကြသည်။ တာတာအားလုံး ခရီးမထွက်ကြ။ လေးရက်မြောက်နေ့ ညစာစားချိန်တွင် တာတာများ ခရီးထွက်ရန် ပြင်ဆင်နေကြသည်ကို ဇဟီလင် မြင်ရသည်။ မြင်းများ ထုတ်လာကြပြီး မုတ်ဆိတ်နီအပါအဝင် တာတာ ၁၀ ယောက်ခန့်သည် ရွာထဲမှ မြင်းများကိုစိုင်း၍ ထွက်သွားကြသည်။ သို့သော်လည်း အက်ဘဒူ ပါသွားသည်ကို မတွေ့ရ။ လဆန်းရက်ဝင်ချိန်ဖြစ်၍ ညသည် မှောင်မည်းလျက်ပင် ရှိလေသည်။

"ဒီညဟာ ထွက်ပြေးဖို့ကောင်းတဲ့ အချိန်ပဲ"

ဟု ဇဟီလင်က တွေးသည်။ သူသည် သူ့အစီအစဉ်ကို ကော့စတီလင်အား ဖွင့်ပြောသည်။ သို့သော်လည်း ကော့စတီလင်၏ စိတ်ဓာတ်ပျော့ညံ့မှုကြောင့် သူများစွာ စိတ်ပျက်သွားမိ၏။

"ကျွန်တော်တို့ ဘယ်လိုလုပ်ပြီး လွတ်မလဲဗျာ"

mgyoe.com

ဟု ကော့စတီလင်က ပြောသည်။

"ကျွန်တော်တို့ လမ်းတောင် သိတာမှမဟုတ်ဘဲ"

"ကျွန်တော် လမ်းသိတယ်ဗျာ"

ဟု ဖဟီလင်က ပြန်ပြောသည်။

"ခင်ဗျား လမ်းသိလည်း တစ်ညတည်းနဲ့တော့ ခံတပ်ကို မရောက်နိုင်ပါဘူး"

"တကယ်လို့ မရောက်တော့လည်း ကျွန်တော်တို့ သစ်တောထဲ ဝင်အိပ်မယ်၊ ဟောဒီမှာ တွေ့လား၊ လမ်းမှာစားဖို့ ကျွန်တော်ရထားတဲ့ ဒိန်ခဲတွေ။ ကျွန်တော်တို့ ဒီမှာထိုင်ပြီး စိတ်ဓာတ်ကျနေလို့ ဘာမှထူးလာမှာမဟုတ်ဘူး၊ တကယ်လို့ သူတို့တောင်းတဲ့ငွေ ရောက်လာရင်တော့ ခင်ဗျားအဆင်ပြေမှာပေါ့။ တကယ်လို့ ဟိုမှာ ငွေစုလို့ မရဘူးဆိုပါတော့ ခင်ဗျား ဘယ်လိုလုပ်မလဲ၊ အခုဆို တာတာတွေ ဒေါပွနေပြီ၊ ရုရှားတွေက သူတို့လူတစ်ယောက်ကို သတ်လို့တဲ့၊ သူတို့က ကျွန်တော်တို့ကို သတ်ဖို့တောင် ပြောနေကြပြီ"

ကော့စတီလင်သည် ဖဟီလင်၏ စကားကို စဉ်းစားနေသည်။

"ကောင်းပြီလေ... ဒီလိုဆိုလည်း ထွက်ပြေးကြတာပေါ့"

ဟု ကော့စတီလင်က ပြောသည်။

*

(၅)

ဖဟီလင်သည် သူတူးထားသည့် တွင်းပေါက်ထဲသို့ လေးဖက်တွား၍ ဝင်ကာ ကော့စတီလင် ထွက်သာအောင် ထပ်၍ချဲ့သည်။ ထို့နောက် နှစ်ယောက်သား တစ်ရွာလုံး တိတ်ဆိတ်ငြိမ်သက်သွားချိန်အထိ ထိုင်၍စောင့်ကြသည်။

တစ်ရွာလုံး ငြိမ်တိတ်သွားသည်နှင့်တစ်ပြိုင်နက် ဖဟီလင်သည် နံရံအောက်ဘက်ရှိ တွင်းပေါက်မှ အပြင်သို့တွားထွက်သည်။ သူ့နောက်မှ ကော့စတီလင်အား "လာတော့" ဟု တီးတိုးလေသံဖြင့် လှမ်းခေါ်သည်။ အပေါက်မှ လေးဖက်ထောက်၍ ထွက်လာသော ကော့စတီလင်သည် ကျောက်ခဲတစ်လုံးကို နင်းမိသဖြင့် အသံတစ်ချက် မြည်သွားသည်။

သူတို့သခင်ထံတွင် အလွန်အနံ့ခံကောင်းပြီး နားပါးသော ယူလီယာရှင်းဟု ခေါ်သည့် ခွေးတစ်ကောင်ရှိသည်။ ဖဟီလင်သည် ထိုခွေးအား အစာကျွေးပြီး ခင်အောင်

mgyoe.com

ကြိုတင်၍ လုပ်ထားခဲ့သည်မှာ ကြာခဲ့ပြီ။ ယူလီယာရှင်းသည် အသံကြားသည်နှင့် တစ်ပြိုင်နက် တစ်ချက်မျှ ထိုးဟောင်ကာ ခုန်ပေါက်ပြီး ပြေးလာသည်။ သူ့အသံကြောင့် အခြားခွေးများကပါ လိုက်ဟောင်သည်။ ဇဟီလင်က လေတစ်ချက်ချွန်၍ အသံပေးလိုက်ပြီး ဒိန်ခဲတစ်လုံးကို ယူလီယာရှင်းထံ ပစ်ပေးသည်။ ဇဟီလင်ကို သိနေသော ယူလီယာရှင်းသည် အဟောင်ရပ်သွားပြီး အမြီးတနှန့်နှန့်လုပ်လျက်ရှိလေ၏။

သို့သော်လည်း ခွေးဟောင်သံကို ကြားလိုက်ရသော သူတို့သခင်သည် တဲထဲမှနေ၍ သူ့ခွေး ယူလီယာရှင်းအား လှမ်းအသံပေးသည်။

ဇဟီလင်သည် ခွေး၏နားရွက်ဖျားနောက်ဘက်ကို အသာအယာပွတ်၍ ချော့သည်။ ခွေးသည် ငြိမ်တိတ်သွားပြီး ဇဟီလင်၏ခြေထောက်များကို ခေါင်းနှင့် ခွေ့ကာ အမြီးတနှန့်နှန့်လုပ်နေသည်။

သူတို့သည် တစ်နေရာတွင်ဝပ်ကာ အသာကလေး ငြိမ်ကုပ်နေကြသည်။ ပတ်ဝန်းကျင်သည် ပြန်လည်တိတ်ဆိတ်သွားသည်။ တင်းကုပ်တစ်ခုအတွင်းမှ သိုးတစ်ကောင်၏ ချောင်းဆိုးသံမှတစ်ပါး အခြားဘာသံမျှမကြားရ။ မှောင်မိုက်နေသော်လည်း ကောင်းကင်ထက်ရှိ ကြယ်များကတော့ အရောင်တလက်လက်၊ တောင်ကုန်းနောက်ဘက်သို့ လျှောဆင်းနေသည်။ လရောင်သည် ဝင်တော့မည်ဖြစ်၍ နီရောင်သမ်းနေသည်။ တောင်ကြားများထဲတွင်မူ မြူများသည် ဖွေးဖွေးလှုပ်နေကြသည်။

ဇဟီလင်သည် ဝပ်နေရာမှ ဖျတ်ခနဲထကာ သူ့အပေါ်ဘက်လှည့်၍...

"ကဲ... သူငယ်ချင်း၊ လာ... သွားကြစို့"

ဟု ပြောသည်။

သူတို့သည် ပုန်းနေသည့်နေရာမှ ထွက်လာကြသည်။ သို့သော်လည်း ခြေလှမ်းလေးငါးလှမ်းမျှအရောက်တွင် ဗလီမျှော်စင်ဆီမှ "အလ္လာဟ်... ဗိစ်မိလ်လားဟိရ်... ရဟ်မားနိရ် ရဟီးမ်" ဟု အော်သံထွက်ပေါ်လာသည်။ ဤအသံသည် ရွာထဲမှလူများအား ဗလီသို့သွားကြရန် နှိုးဆော်နေခြင်းပေတည်း။ သူတို့သည် နံရံတစ်ခုနောက်တွင် ကပ်ထိုင်ကာ လူတွေ ဖြတ်သန်းသွားပြီးသည်အထိ စောင့်နေကြရပြန်၏။ နောက်ဆုံးတွင် အားလုံးတိတ်ဆိတ်ငြိမ်သက်သွားပြန်လေ၏။

"ကဲ... သွားကြစို့၊ ဘုရားသခင်သည် တပည့်တော်တို့နှင့်အတူတကွ ရှိတော်မူပါ"

mgyoe.com

 mgyoe.com SAMPLE BOOK

သူတို့သည် နောက်တစ်ကြိမ် ထွက်ကြပြန်သည်။ သူတို့သည် ခြံတစ်ခုအတွင်း မှဖြတ်ကာ တောင်ကုန်းအောက်ဘက် မြစ်ဆီသို့ဆင်းသည်။ မြစ်ကိုဖြတ်ကာ တောင်ကြားအတိုင်း ခရီးဆက်သည်။

မြူများသည် မြေပြင်နှင့်အနီးကပ်ဆုံး နေရာများ၌ ထူထပ်သိပ်သည်းစွာ ကျနေကြသည်။ အထက်ကောင်းကင်ယံတွင် ကြယ်များသည် ဝင်းလက်နေကြဆဲ။ ဇဟီလင်သည် ကြယ်များကိုကြည့်၍ လမ်းကိုရှာသွားသည်။ မြူများကြားမှ ဖြတ်နေရသဖြင့် အအေးဓာတ်ကို ရရှိနေသည်ဖြစ်ရာ လမ်းလျှောက်ရသည်မှာ သက်သာလှချေသည်။ သို့သော်လည်း ဖိနပ်များကတော့ ပေါက်ပြဲနေသဖြင့် သွားလာလှုပ်ရှားကြရသည်မှာ မသက်သာလှ။

ဇဟီလင်သည် သူ့ဘွတ်ဖိနပ်ကြီးကို ချွတ်၍ လွှင့်ပစ်လိုက်ပြီး ဖိနပ်မပါဘဲ လျှောက်သည်။ ကျောက်တုံးတစ်တုံးမှ တစ်တုံးသို့ ခုန်၍ကူးသွားသည်။ ကော့စတီလင်သည် သူ့နောက်ခပ်လှမ်းလှမ်း၌ ကျန်ရစ်ခဲ့သည်။

"မြန်မြန်သွားပါဗျာ"

ဟု ကော့စတီလင်က ပြောသည်။

"ဖိနပ်တွေကြောင့် ခြေထောက်တွေပေါက်ကုန်ပြီ"

ဟု ဇဟီလင်က ပြန်ပြောသည်။

"ဖိနပ်မပါဘဲ လျှောက်ရတာ ပိုသက်သာတယ်"

ကော့စတီလင်သည် ဖိနပ်မပါဘဲ လျှောက်သည်။ သို့သော်လည်း ယခင်ကထက် ပိုဆိုးလာသည်။ ကျောက်တုံးများက စူးသဖြင့် သူ့ခြေထောက်များ ကွဲပြဲကုန်သည်ဖြစ်ရာ ယခင်ကထက်တိုး၍ နောက်တွင်ကျန်ခဲ့သည်။

"ခြေထောက်တွေကွဲပြဲကုန်တာက ဆေးထည့်ရင် ပြန်ပျောက်သွားမှာ၊ တာတာတွေက ကျွန်တော်တို့ကို မိသွားလို့ကတော့ ပိုဆိုးမယ်၊ အသတ်ခံရမှာ"

ဟု ဇဟီလင်က ပြောသည်။

ကော့စတီလင်သည် ဘာမျှပြန်မပြောဘဲ တညည်းညည်း တညူညူ လုပ်ကာ ဆက်လျှောက်လာသည်။

သူတို့ခရီးသည် တောင်ကြားထဲတွင် အချိန်များစွာ ကုန်လျက်ရှိ၏။ ထို့နောက် သူတို့၏ညာဘက်တစ်နေရာမှ ခွေးဟောင်သံများ ကြားရသည်။ ဇဟီလင်သည် ဖျတ်ခနဲရပ်ကာ ပတ်ဝန်းကျင်ကို ကြည့်သည်။ ပြီးတော့ တောင်ကုန်းပေါ် တွားတက်သည်။

mgyoe.com

"ဟာ... ခွကျတာပဲ"

ဟု သူ့နှုတ်မှ ရေရွတ်သည်။

"ကျွန်တော်တို့ လမ်းမှားနေပြီ၊ ညာဘက်ကို လျှောက်လာတာ သိပ်များသွားပြီ၊ ဒီနေရာမှာ ရွာတစ်ရွာရှိတာကို ကျွန်တော် တောင်ကုန်းပေါ် တက်ကြည့်တုန်းက မြင်ထားခဲ့တာ။ ကျွန်တော်တို့ နောက်ရင်း ပြန်လှည့်ပြီး ဟိုဘယ်ဘက်က တောင်ကုန်းပေါ် တက်မှဖြစ်မယ်။ အဲဒီဘက်မှာ တောအုပ်တစ်ခုရှိရမယ်"

"ခဏ နားပါဦးဗျာ၊ ကျွန်တော် သိပ်မောနေပြီ၊ ခြေထောက်နှစ်ဖက်စလုံးလည်း စုတ်ပြဲပြီး သွေးတွေထွက်နေပြီ"

ဟု ကော့စတီလင်က ပြောသည်။

"ကိစ္စမရှိပါဘူး သူငယ်ချင်းရာ၊ ခြေထောက်က ကုလို့ရမှာပါ၊ ခင်ဗျား ဟောဒီလို ခုန်ခုန်ပြီးသွားရင် ပိုကောင်းမယ်"

ဇဟီလင်သည် ပြောပြောဆိုဆို လာလမ်းဘက် ပြန်ပြေးပြီး ဘယ်ဘက်တောင်ကုန်းပေါ်မှ တောအုပ်ဆီသို့ ဆက်လျှောက်သည်။ ကော့စတီလင်ကတော့ နောက်တွင် ကျန်ရစ်ခဲ့သည်။ ဇဟီလင်သည် စိတ်ပျက်လက်ပျက် တစ်ချက်ညည်းညူလိုက်ပြီး ရှေ့မှ မရပ်မနား ဆက်လျှောက်သည်။

သူတို့ တောင်ကုန်းပေါ်ရောက်သည့်အခါ ဇဟီလင်ပြောခဲ့သည့် တောအုပ်ကို တွေ့ရသည်။ တောအုပ်တွင်း ဝင်ခဲ့ကြသည်။ ဆူးချုံများကြားမှ တိုးဝှေ့သွားရသဖြင့် အင်္ကျီများ စုတ်ပြဲကုန်သည်။ နောက်ဆုံးတွင် လူသွားလမ်းတစ်လမ်း တွေ့သဖြင့် ထိုလမ်းအတိုင်း လိုက်ကြသည်။

"ရပ်ဦး"

လမ်းပေါ်မှ ခွာသံများလိုလို ကြားလိုက်ရသဖြင့် ရပ်၍ နားစွင့်နေကြသည်။ မြင်းခွာသံများနှင့်တူ၏။ သို့သော်လည်း အသံများရပ်သွားသည်။ သူတို့ ဆက်လျှောက်ကြပြန်သည်။ ခြေနင်းသံများ ထပ်မံ၍ကြားရပြန်၏။ သူတို့ရပ်လျှင် ခြေသံရပ်သွားသည်။ ဇဟီလင်သည် အသာ လေးဖက်ထောက်ကာ သိပ်မမှောင်သည့် လမ်းပေါ်မှ ရပ်နေသောအရာကို လှမ်းကြည့်သည်။ မြင်းနှင့် တူသယောင်ယောင် ရှိသည်။ သို့သော်လည်း သိပ်ပြီးတူလှသည်တော့မဟုတ်၊ သူ့အပေါ်တွင် တစ်ခုခု ရှိနေ၏။ လူနှင့်တော့မတူ၊ နှာမှုတ်သံကို ကြားနေရ၏။

"ဘာများပါလိမ့်"

mgyoe.com

ဇဟီလင်က လေချွန်သံတစ်ချက် ပေးလိုက်သည့်အခါ ထိုအရာသည် လမ်းမပေါ်မှ တစ်ရှိန်ထိုး ပြေးထွက်သွားပြီး ချုံပုတ်ကြီးများကြားသို့ ဝင်ရောက်ပျောက်ကွယ်သွားသည်။ တောအုပ်အတွင်းမှ တိုးသံ ဖွေ့သံများ၊ သစ်ကိုင်းကျိုးသံများ သောသောညံသွားသည်။

အလွန်ထိတ်လန့် ကြောက်ရွံ့လျက်ရှိသော ကော့စတီလင်သည် မြေပေါ်သို့ ဒူးထောက်လျက် လဲကျသွားသည်။ သို့သော်လည်း ဇဟီလင်က ရယ်၍...

"သမင်ဖိုကြီးတစ်ကောင်ပါ ကိုယ့်လူရ၊ သူ့ချိုတွေနဲ့ သစ်ကိုင်းတွေကို တိုက်ချသွားတဲ့အသံတွေ ခင်ဗျား မကြားလိုက်ဘူးလား၊ ကျွန်တော်တို့ကလည်း သူ့ကိုလန့်၊ သူကလည်း ကျွန်တော်တို့ကိုလန့် ဖြစ်နေကြတာ"

ဟု ပြောသည်။

သူတို့သည် ဆက်လျှောက်ကြသည်။ နံနက်လင်းတော့မည်။ သူတို့သွားနေသောလမ်း မှန်သည်၊ မှားသည်ကိုမူ ဝေခွဲ၍မရ။ ဇဟီလင်ကတော့ ဤလမ်းသည် သူ့အား တာတာတွေ ခေါ်လာခဲ့သည့်လမ်းဟု ထင်နေသည်။ သို့ဆိုလျှင် ရှရှားခံတပ်နှင့် ခုနစ်မိုင်ခန့်ဝေးလိမ့်ဦးမည်ဟု ယူဆရ၏။ သို့သော်လည်း မသေမချာဖြစ်နေသည်က ခက်၏။ ညဆိုလျှင် မည်သူမဆို လမ်းမှားနိုင်သည်မဟုတ်ပါလား။ အတန်ကြာသည့်အခါ ကွင်းပြင်တစ်ခုထဲသို့ ရောက်ကြသည်။ ကော့စတီလင်သည် တစ်နေရာတွင် ထိုင်ချလိုက်ပြီး...

"ခင်ဗျားကြိုက်သလိုသာ လုပ်တော့ဗျာ။ ကျွန်တော် ဆက်မသွားနိုင်တော့ဘူး၊ ကျွန်တော့်ခြေထောက်တွေ မသယ်နိုင်တော့ဘူး"

ဟု ပြောသည်။

ဇဟီလင်က ချော့မော့ဖျောင်းဖျပြီး ခေါ်သည်။

"မလိုက်တော့ဘူး၊ ကျွန်တော် ခံတပ်ကိုရောက်မှာ မဟုတ်တော့ပါဘူး၊ ဆက်မသွားနိုင်တော့ဘူး"

ဇဟီလင်က ဒေါပွလာသည်။

"ဒါဆိုရင်လည်း ခင်ဗျားသဘောပဲ၊ နေရစ်ခဲ့တော့၊ ကျွန်တော် တစ်ယောက်တည်းပဲ ဆက်သွားတော့မယ်"

ဟု စိတ်ဆိုးမာန်ဆိုး ပြောသည်။

ကော့စတီလင်သည် ထိုင်နေရာမှခုန်ထကာ နောက်မှ လိုက်ပြန်သည်။ သူတို့

mgyoe.com

SAMPLE BOOK

ဤပုံစံဖြင့် နောက်ထပ် ခရီးသုံးမိုင်ခန့် ပေါက်ခဲ့ကြသည်။ တောအုပ်တွင်းရှိ မြူများသည် ပို၍ ထူထပ်သိပ်သည်းလာသည်။ သူတို့ရှေ့တစ်ကိုက်ခန့်အကွာကို ပီပီပြင်ပြင် မမြင်ရ။ ကြယ်ရောင်များသည်လည်း မှေးမှိန်စပြုလာပြီ။

ရုတ်တရက် သူတို့ရှေ့မှမြင်းခွာသံများ ပေါ်လာသည်။ မြင်းခွာများနှင့် ကျောက်တုံးများ ထိခိုက်နေသည့်အသံများဖြစ်သည်။ ဇဟီလင်သည် အလျားမှောက်ကာ မြေပြင်တွင် နားနှင့်ကပ်၍ နားထောင်သည်။

"ဟုတ်တယ်၊ ကျွန်တော် ထင်ထားတဲ့အတိုင်းပဲ၊ ကျွန်တော်တို့ဘက်ကို မြင်းတစ်ကောင်လာနေတယ်"

သူတို့သည် လမ်းပေါ်မှပြေးဆင်းကာ ချုံပုတ်များကြားသို့ တိုးဝင်ပြီး စောင့်ကြည့်ကြသည်။ ဇဟီလင်သည် လမ်းပေါ်သို့တွားရှ၍တက်ကာ ချောင်းကြည့်သည်။ နွားမတစ်ကောင်ကို မောင်းလာနေသည့် မြင်းတစ်ကောင်ပေါ်မှ တာတာတစ်ယောက်။ တာတာသည် သီချင်းတညည်းညည်းဖြင့် သူတို့ရှေ့မှ ကျော်ဖြတ်သွားသည်။ ဇဟီလင်သည် ကော့စတီလင်ထံ ပြန်လာသည်။

"ကျွန်တော်တို့ကို မမြင်ဘူး၊ ဘုရားသခင်ကျေးဇူးပဲ၊ ကဲ... ထ၊ ဆက်သွားကြမယ်"

ကော့စတီလင်သည် ဝပ်နေရာမှ ကြိုးစား၍ထသော်လည်း မရ၊ ပြန်၍ လဲကျသွားသည်။

"ကျွန်တော် မသွားနိုင်တော့ဘူး၊ အားမရှိတော့ဘူး"

တုတ်ခိုင်ကြီးမားလွန်းလှသည့် ကော့စတီလင်၏ တစ်ကိုယ်လုံးတွင် ချွေးများဖြင့် စိုရွှဲနေသည်။ မြူများကြောင့် တစ်ကိုယ်လုံး အေးစက်ကာ ခိုက်ခိုက်တုန်နေသည်။ ခြေထောက်များမှလည်း သွေးများယိုကျလျက်ရှိ၏။ သူ့ခန္ဓာကိုယ်သည် ပင်ပန်းနွမ်းရိကာ ခွေပျော့နေ၏။

ဇဟီလင်သည် ကော့စတီလင်အား တွဲ၍ထူသည်။

"အား... နာလိုက်တာ"

ဟု ကော့စတီလင်က အော်သည်။ ဇဟီလင်သည် အကြီးအကျယ် စိတ်ပျက်သွားသည်။

"ခင်ဗျား ဘာပြုလို့အော်ရတာလဲဗျာ၊ ဟိုတာတာက သိပ်ဝေးဝေးကို ရောက်သေးတာမဟုတ်ဘူး။ ခင်ဗျားအော်သံကို သူကြားသွားရင် ချောက်ပဲ"

mgyoe.com

ဇဟီလင်သည် ကြံရာမရဖြစ်ကာ စဉ်းစားကြံဆလျက်ရှိသည်။

"ဘယ်လိုလုပ်ရင် ကောင်းမလဲ။ ဒီလူကတော့ သွားပြီ၊ လိုက်နိုင်မှာ မဟုတ်တော့ဘူး။ ကိုယ့်ရဲဘော်တစ်ယောက်ကို ပစ်ထားခဲ့လို့ တော်ပါ့မလား"

"ကဲဗျာ၊ ဒီလိုဆိုရင်လည်း ခင်ဗျား ကျွန်တော့်ကျောပေါ်တက်၊ ခင်ဗျားကို ကုန်းပိုးပြီး ခေါ်သွားမယ်"

သူသည် ကော့စတီလင်အား ကျောပိုးကာ လမ်းပေါ်ပြန်တက်ပြီး ခရီးဆက်သည်။

"ခင်ဗျား ဖက်ထားတာက ကျွန်တော့်လည်ပင်းကို ညှစ်ထားသလိုဖြစ်နေပြီ၊ ပခုံးနှစ်ဖက်ကို ပြောင်းကိုင်ပါလားဗျာ"

ဇဟီလင်သည် ကော့စတီလင်၏ ကိုယ်ခန္ဓာ အဆမတန် လေးလံသည်ကို တဖြည်းဖြည်းနှင့် သတိထားမိလာသည်။ ခြေနှစ်ဖက်မှ သွေးများ ထွက်နေသည်ကိုလည်း သတိထားမိလာသည်။ သူသည် အလွန်အမင်း ပင်ပန်းနွမ်းဟိုက်နေပြီဖြစ်၏။ သူသည် ကျောပေါ်မှ မကြာခဏ လျှောကျသွားနေသော ကော့စတီလင်အား သွားရင်းလာရင်း မ၍ မ၍ တင်ပေးသွားနေရသဖြင့် ပို၍ ပင်ပန်းလျက်ရှိ၏။

သို့သော်လည်း စောစောကဖြတ်သွားခဲ့သော တာတာသည် ကော့စတီလင်၏ အသံကို ကြားသွားဟန်တူသည်။ သူတို့နောက်မှ စိုင်းလိုက်လာသော မြင်းခွာသံနှင့် အော်သံများကို ဇဟီလင် ကြားသည်။ သူသည် ချုံပုတ်များဆီသို့ ပြေးသည်။ တာတာက သေနတ်ဖြင့် လှမ်းပစ်သည်။ သို့သော်လည်း ကျည်ဆန်သည် သူတို့ကို မထိ။ တာတာ၏ အော်သံနှင့် မြင်းခွာသံများ။

"ကျွန်တော်တို့ ရှုံးပြီ သူငယ်ချင်း"

ဟု ဇဟီလင်က စိတ်ပျက်လက်ပျက်ဖြင့် ပြောသည်။

"ဒီခွေးကောင်က သူ့အဖော်တွေသွားစုပြီး လိုက်လာမှာသေချာတယ်။ ကျွန်တော်တို့ ခရီးနှစ်မိုင်လောက်ပေါက်အောင် သွားမှဖြစ်မှာ၊ မသွားနိုင်လို့ကတော့ သွားပြီ"

ထို့နောက် သူ့ဘာသာသူ တစ်ယောက်တည်း ကျိတ်၍တွေးသည်။

"ဘာဖြစ်လို့ ငါ ဒီမနိုင်ဝန်ကြီးကို ထမ်းလာမိတာပါလိမ့်။ အမှန် ငါတစ်ယောက်တည်းပဲ ပြေးဖို့ကောင်းတာ"

"ခင်ဗျားတစ်ယောက်တည်း ဆက်သွားပါတော့ဗျာ"

ဟု ကော့စတီလင်က ပြောသည်။

mgyoe.com

mgyoe.com SAMPLE BOOK

"ကျွန်တော့်ကြောင့် ခင်ဗျား ဘာပြုလို့ ဒုက္ခအရောက်ခံတော့မှာလဲ"

"ဘယ်ဖြစ်မလဲဗျာ၊ အခုအချိန်ကျမှတော့ တစ်ယောက်တည်း မသွားတော့ဘူး၊ ကိုယ့်ရဲဘော်တစ်ယောက်ကို ပစ်ထားခဲ့လို့ ဘယ်ကောင်းမလဲ"

ဇဟီလင်သည် ကော့စတီလင်အား ကျောပိုးကာ ဒယီးဒယိုင်ဖြင့် ခရီးဆက်သည်။ ဤပုံစံဖြင့် သူတို့သည် နောက်ထပ် ခရီးမိုင်ဝက်ကျော်ကျော်ခန့် ရောက်လာခဲ့သည်။ သူတို့သည် ယခုအချိန်အထိ တောထဲမှမထွက်နိုင်သေး။ တောအုပ်၏ အဆုံးကိုလည်း မမြင်ရသေး။ မြူများကတော့ ပြယ်လွင့်စပြုနေပြီ။ ကောင်းကင်တွင်လည်း တိမ်များ စုစပြုနေပြီ။ ကြယ်များကို လုံးဝမမြင်ရတော့။ သူတို့သည် လမ်းဘေးတစ်နေရာရှိ ကျောက်တုံးများ ဝန်းရံနေသည့် စမ်းချောင်းတစ်ခုဆီသို့ ရောက်ကြသည်။ ဇဟီလင်သည် ကျောပေါ်မှ ကော့စတီလင်ကို အောက်သို့ချကာ ခဏမျှ ရပ်နားသည်။

"ခဏနားပြီး ရေလေးဘာလေး သောက်ဦးမှ"

ဟု ပြောသည်။

"ဒိန်ခဲလည်း နည်းနည်းစီ မျှစားကြရအောင်၊ အခုလောက်ဆိုရင် ခံတပ်ကသိပ်ပြီး ဝေးမယ် မထင်တော့ပါဘူး"

သူသည် ခဲယဉ်းပင်ပန်းစွာ အလျားမှောက်လိုက်ပြီး ရေသောက်သည်။ သူ့နောက်ဘက်မှ မြင်းခွာသံများ ကြားရပြန်သည်။ သူတို့သည် ချုံပုတ်များကြားသို့ တိုးဝင်ကာ မတ်စောက်စောက် ဆင်ခြေလျှောတစ်ခုတွင် ကပ်၍ ဝပ်နေကြသည်။

တာတာများ၏ စကားပြောသံကို ကြားကြရသည်။ တာတာများသည် လမ်းပေါ်မှ ဇဟီလင်တို့ ဆင်းလာသည့်နေရာ၌ရပ်ကာ ဆူဆူညံညံဖြစ်နေကြသည်။ ခွေးတစ်ကောင်အား အနံ့ခံခိုင်းနေဟန်တူ၏။ ထို့နောက် သစ်ကိုင်းကျိုးသံများ၊ ချုံများကြားမှ ဘွားခနဲပေါ်လာသည့် ခွေးတစ်ကောင်။ ခွေးသည် တန့်ခနဲရပ်၍ တအားထိုးဟောင်သည်။

ထို့နောက် မျက်နှာစိမ်းတာတာများသည် ဆင်ခြေလျှောအတိုင်း..ဆင်းလာသည်။ ဇဟီလင်နှင့် ကော့စတီလင်အား ဖမ်း၍ ကြိုးများဖြင့် တုပ်ကာ မြင်းများပေါ်သို့ တင်ပြီး ထွက်ခွာကြသည်။

နှစ်မိုင်ခန့်သွားမိသောအခါ သူတို့သခင် အက်ဘဒူနှင့် ဆုံမိသည်။ အက်ဘဒူနှင့်အတူ အဖော်နှစ်ယောက် ပါလာသည်။ မျက်နှာစိမ်း တာတာများနှင့် စကားပြောအပြီးတွင် အက်ဘဒူသည် ဇဟီလင်နှင့် ကော့စတီလင်တို့အား သူ့မြင်းနှစ်ကောင်ပေါ်

mgyoe.com

mgyoe.com SAMPLE BOOK

တင်၍ ရွာသို့ပြန်ခေါ်လာသည်။ အခုတစ်ကြိမ်တွင် အက်ဘဒူသည် ရယ်လည်းမရယ်၊ ပြုံးလည်းမပြုံး၊ စကားလည်း တစ်ခွန်းမျှမပြော။

မိုးစင်စင်လင်းသည့်အချိန်တွင် သူတို့ရွာသို့ ပြန်ရောက်လာကြသည်။ ရွာလယ်လမ်းပေါ်ရောက်သည်နှင့် တစ်ပြိုင်နက် ကလေးများသည် အုပ်လိုက်သင်းလိုက် ရောက်လာကြသည်။ ခဲများဖြင့်ပေါက်သည်။ အော်ဟစ်ဆဲဆိုကြသည်။ ကျာပွတ်များနှင့် လှမ်းရိုက်ကြသည်။

တာတာများသည် စုပြုံကာ တစ်ယောက်တစ်ပေါက် ငြင်းခုံ ပြောဆိုနေကြသည်။ လူအုပ်ထဲတွင် တောင်ခြေရင်းတဲမှ အဘိုးအိုလည်း ပါသည်။ သူနှင့် ကော့စတီလင်တို့အား ဘယ်လိုလုပ်ရမည်ကို တိုင်ပင်နေကြခြင်းဖြစ်၏။ တချို့က သူတို့နှစ်ယောက်ကို အလှမ်းအလွန်ဝေးသော တောင်တန်းများဆီသို့ ပို့ထားသင့်သည်ဟု ပြောကြသည်။ အဘိုးအိုကတော့...

"သူတို့ကို သတ်ပစ်တာ အကောင်းဆုံးပဲ"

ဟု ဆိုသည်။

အက်ဘဒူသည် အဘိုးအိုနှင့် အငြင်းအခုံဖြစ်သည်။

"ကျုပ် သူတို့ကို ငွေပေးဝယ်ထားတာ၊ သူတို့အတွက် တောင်းထားတဲ့ငွေကို မရလို့မဖြစ်ဘူး"

"ဒီကောင်က မင့်ကို ဘာမှပေးမှာမဟုတ်ဘူး၊ သူတို့ဆီက ကံကြမ္မာဆိုးပဲ မင်းရမယ်၊ ရုရှားတွေကို အစားအစာကျွေးနေတာဟာ ဒုစရိုက်မှုတစ်ခုပြုနေတာ၊ သူတို့ကို သတ်သာပစ်လိုက်၊ ဒါဆိုရင် အေးသွားမှာပဲ"

ဟု ပြန်ပြောသည်။

လူအုပ်သည် ကွဲသွားသည်။ လူတစ်ဦးမျှ မရှိတော့သည့်အခါ အက်ဘဒူသည် ဇဟီလင်ထံ ရောက်လာသည်။

"တကယ်လို့ ငါတောင်းထားတဲ့ငွေ ၁၅ ရက်အတွင်း ရောက်မလာရင် မင်းတို့ကို ငါ ကျာပွတ်စာကျွေးမယ်။ မင်းတို့ နောက်တစ်ကြိမ် ထပ်ပြီး ထွက်ပြေးရင် ခွေးတစ်ကောင် သတ်သလို သတ်ပစ်မယ်၊ စာတစ်စောင်စီ ထပ်ရေးပေး။ ကောင်းကောင်းရေးနော်"

ဟု ပြောသည်။

စာရွက်များ ယူလာပေးသဖြင့် စာထပ်ရေးကြရသည်။ သူတို့ခြေထောက်များ

mgyoe.com

တွင် သံခြေချင်းများ ပြန်ခတ်ပြီး ဗလီနောက်ရှိ ၁၂ ပေခန့်နက်သော တွင်းတစ်တွင်းထဲသို့ ချထားခြင်း ခံခဲ့ကြရလေ၏။

*

(၆)

ယခုအခါတွင်မူ ဘဝသည် သူတို့အတွက် များစွာခက်ခဲပင်ပန်းလာသည်။ သံခြေချင်းများကို လုံးဝဖြုတ်မပေးတော့။ လေကောင်းလေသန့် ရှုခွင့်ကိုပင် မပေးတော့။ မုန့်များကို အပေါ်မှပစ်ချပေးပြီး ခွေးကျွေးသလို ကျွေးသည်။ ရေကိုလည်း ပုံးတစ်ပုံးတွင် ကြိုးတပ်၍ ချပေးသည်။

တွင်းထဲတွင် အမြဲတစေ စိုစွတ်လျက်ရှိသဖြင့် အနံ့အသက်များသည် ကြောက်စဖွယ်ကောင်းလောက်အောင် ဆိုးရွားလျက်ရှိ၏။ ကော့စတီလင်သည် ဖျားလျက်ရှိလေပြီ။ သူ့တစ်ကိုယ်လုံး ရောင်ရမ်းကိုက်ခဲ နာကျင်လျက်ရှိသည်။ ဇဟီလင်မှာ အချိန်ရှိသမျှ စိတ်ညှိုးငယ်ကာ မှိုင်တွေငေးမောလျက်ရှိ၏။ ယခုတစ်ကြိမ် လုပ်ထားပုံသည် ဆိုးရွားလွန်းလှချေသည်။ ထွက်ပြေးလွတ်မြောက်စရာ နည်းလမ်းဟူ၍ ရှာမရနိုင်လောက်အောင်ပင် တင်းကျပ်လျက်ရှိလေပြီ။

ဇဟီလင်သည် ဥမင်လိုဏ်ခေါင်းတစ်ခုဖောက်ရန် အားထုတ်ပြန်သည်။ သို့သော်လည်း တူးထားသည့်မြေထားစရာနေရာမရှိ။ သူ့သခင်က သတိထားမိသွားသဖြင့် သူ့အား သတ်ပစ်မည်ဟု ကြိမ်းသည်။

တစ်ရက်တွင် သူသည် တွင်းထဲ၌ထိုင်၍ လွတ်မြောက်ရေးကို တွေးကာ စိတ်ဓာတ် အလွန်အမင်းကျလျက်ရှိ၏။ ထိုအခိုက်တွင် ရုတ်တရက် အပေါ်မှ ကိတ်မုန့်တစ်လုံး သူ့ရင်ခွင်ထဲသို့ ကျလာသည်။ ထို့နောက် နောက်တစ်လုံး၊ ပြီးတော့ ချယ်ရီသီးများ...။ သူအပေါ်သို့ မော့ကြည့်လိုက်သည့်အခါ ဒိုင်နာကိုမြင်သည်။ ဒိုင်နာသည် သူ့ကိုကြည့်ပြီး ရယ်နေသည်။ ခဏနေတော့ ထွက်ပြေးသွားသည်။ ဇဟီလင်သည်...

"ငါ့ကို ဒိုင်နာ ကူညီမလား မသိဘူး"

ဟု တွေးနေမိ၏။

သူသည် တွင်းတစ်နေရာကိုတူးကာ အထဲမှရွှံ့များကို ကော်ထုတ်ပြီး အရုပ်မျိုးစုံလုပ်သည်။ လူရုပ်များ၊ မြင်းရုပ်များနှင့် ခွေးရုပ်များဖြစ်သည်။

"ဒီတစ်ခေါက် ဒိုင်နာလာရင် ဒီအရုပ်တွေကို ပစ်တင်ပေးမယ်"

mgyoe.com

ဟုလည်း စိတ်ကူးသည်။

သို့သော်လည်း နောက်တစ်ရက်တွင် ဒိုင်နာပေါ်မလာ။ ဇဟီလင်သည် မြင်းခွာသံများကို ကြားသည်။ တာတာတချို့က မြင်းစီး၍ အများစုက ခြေကျင်လျှောက်ကာ ဗလီအနီးတွင် စုရုံးနေကြသည်။ သူတို့အားလုံး ငြင်းကြ၊ ခုံကြ၊ အော်ကြ၊ ဟစ်ကြ။ ရုရှားတွေဟူသော စကားလုံးကို အကြိမ်ပေါင်းများစွာ ထပ်တလဲလဲပြောကြသည်။ တောင်ခြေမှ အဘိုးအိုအသံကိုလည်း ကြားရသည်။

ဇဟီလင်သည် ပြောနေကြသည့် စကားအကုန်လုံးကို ပြတ်ပြတ်သားသား မကြားရသော်လည်း ခြုံ၍စဉ်းစားလိုက်သည့်အခါ ရုရှားတပ်များ ဤအနီးတစ်ဝိုက်သို့ ရောက်နေသဖြင့် ရွာထဲဝင်လာမည်ကို ကြောက်ရွံ့နေကြဟန်တူသည်ဟု ခန့်မှန်းသည်။ သူတို့ ရွာထဲရှိနေသည့် ရုရှားအကျဉ်းသားများအား ဘယ်လိုလုပ်ရလျှင် ကောင်းမည်ကို စဉ်းစားဆွေးနွေးကြဟန်လည်း ရှိသည်ဟု တွေးမိသည်။

အတန်ကြာသည့်အခါ တာတာများ ပြန်ထွက်သွားကြသည်။ မကြာခင် တွင်းအပေါ်မှ အသံတစ်သံ ကြားရသဖြင့် မော့ကြည့်၏။ တွင်းနှုတ်ခမ်းမှနေ၍ ငုံ့ကြည့်နေသော ဒိုင်နာ…။ ဖွတ်မြီးထိုးထားသည့် ဆံပင်သည် တွင်းနှုတ်ခမ်းတွင် တွဲလောင်းကျလျက်။ သူသည် အင်္ကျီအကြားတွင် ဝှက်လာသည့် ဒိန်ခဲများကို ထုတ်၍ ဇဟီလင်ထံ ပစ်ချပေးသည်။ ဇဟီလင်သည် ဒိန်ခဲများကို ကောက်ထားလိုက်ပြီး စကားလှမ်းပြောသည်။

"မင်း မနေ့က ဘာပြုလို့မလာတာလဲ။ ငါ အရုပ်တွေလုပ်ထားတာ၊ ရော့ အပေါ်ကနေ ဆီးဖမ်း"

ပြောပြောဆိုဆို ဇဟီလင်သည် အရုပ်များကို တစ်ရုပ်ပြီးတစ်ရုပ် ပစ်တင်ပေးသည်။

ဒိုင်နာသည် ခေါင်းကိုခါပြသည်။ အရုပ်များကိုလည်း မကြည့်။

"ကျွန်မ အရုပ်မလိုချင်တော့ဘူး"

ဟု ပြောကာ ငြိမ်နေသည်။ ထို့နောက်…

"အီဗန်… သူတို့ ရှင့်ကိုသတ်တော့မယ်"

ဟု ပြောကာ လည်ပင်းကို လက်ညှိုးနှင့်လှီးပြသည်။

"ဘယ်သူတွေက သတ်မှာလဲ"

"အဖေက သတ်မှာ၊ ဟို… အဘိုးကြီးကပြောတယ်၊ သတ်ပစ်တဲ့၊ ကျွန်မ

mgyoe.com

စိတ်မကောင်းဘူး"

"မင်း စိတ်မကောင်းဖြစ်ရင် ငါ့အတွက် ဝါးလုံးကြီးတစ်လုံး ယူလာပေးပါလား"

"ဟင့်အင်း ယူမပေးရဲဘူး"

ဟုပြောကာ ဒိုင်နာက ခေါင်းယမ်းသည်။

ဇဟီလင်သည် လက်နှစ်ဖက်ကိုယှက်ကာ ဒိုင်နာအား တောင်းပန်တိုးလျှိုးသည်။

"ဒိုင်နာရယ်၊ ငါ့ကို ကူညီပါကွယ်၊ ငါ တောင်းပန်ပါတယ်"

"ယူမပေးရဲဘူး"

ဟု ဒိုင်နာက ပြန်ပြောသည်။

"ယူလာရင် သူတို့ကမြင်သွားမှာ၊ သူတို့ ဘယ်မှမထွက်ကြဘူး"

သူသည် ဖျတ်ခနဲ ပြေးထွက်သွားသည်။

ညမိုးချုပ်သည့်အခါ ဇဟီလင်သည် တွင်းပေါ်သို့ မကြာမကြာ မော့ကြည့်သည်။ ဘာများဖြစ်လာမလဲဟုလည်း တွေးသည်။ ကောင်းကင်တွင် ကြယ်တွေ မြင်နေရပြီ။ လကတော့ အခုအချိန်ထိ မထွက်သေး။ ဗလီဆရာ၏အော်သံကို ကြားရပြီ။ ထို့နောက် တိတ်ဆိတ်ခြင်း။ ဇဟီလင် ဒိုက်မျဉ်းစပြုပြီ။ စိတ်ကတော့...

"ကောင်မလေးခမျာ ကြောက်ရှာမှာပေါ့၊ ဘယ်လုပ်ပေးရဲပါ့မလဲ"

ဟု တွေးသည်။

ရုတ်တရက် သူ့ခေါင်းပေါ်သို့ မြေကြီးခဲများ ကျလာသဖြင့် ဖျတ်ခနဲ မော့ကြည့်သည်။ တွင်း၏ နံရံတစ်ဖက်လာ၍ ထောက်နေသည့် ဝါးလုံးရှည်တစ်လုံး၊ ဖြည်းဖြည်းချင်း တွင်းထဲသို့ ကျလာနေသည်။ ဇဟီလင် ဝမ်းသာသွားသည်။ သူသည် ဝါးလုံးကို လှမ်း၍ဖမ်းကာ ဆွဲချသည်။ အလွန်ခိုင်မာတောင့်တင်းသည့် ဝါးလုံးဖြစ်၏။ သူ့သခင်၏ တဲခေါင်မိုးပေါ် တင်ထားသည်ကို သူ မြင်ဖူးခဲ့၏။

သူ မော့ကြည့်သည်။ ကောင်းကင်တွင် ကြယ်ရောင်များ တလက်လက်။ ဒိုင်နာ၏ မျက်လုံးအစုံသည် ကြောင်တစ်ကောင်၏ မျက်လုံးများသဖွယ် တောက်ပနေသည်။ ဒိုင်နာသည် ခေါင်းကို တအားကုန်ငုံ့၍ စကားတိုးတိုးလှမ်းပြောသည်။

"အိဗန်... အိဗန်"

ဒိုင်နာသည် လက်တစ်ဖက်ကို မြှောက်ယမ်းပြကာ စကားတိုးတိုးပြောရန် အချက်ပေးနေသည်။

mgyoe.com

"ဘာလဲ... ဒိုင်နာ"

"အစောင့်နှစ်ယောက်ကလွဲပြီး အားလုံးအပြင်သွားကုန်ကြပြီ"

ဇဟီလင်သည် နောက်သို့လှည့်၍...

"ကဲ... ကော့စတီလင်၊ ကျွန်တော်တို့ နောက်ဆုံး ကြိုးစားတဲ့အနေနဲ့ တစ်ချီ ပြေးကြဦးစို့၊ ကျွန်တော် ခင်ဗျားကိုအပေါ်ရောက်အောင် တင်ပေးမယ်"

ဟု ပြောသည်။

ကော့စတီလင်ကတော့ သူ့စကားတွင် အာရုံစူးစိုက်ပုံမပေါ်။

"ဟင့်အင်းဗျာ၊ ကျွန်တော် မလိုက်တော့ဘူး"

ဟု ပြန်ပြောသည်။

"ကျွန်တော့်မှာ အားမှမရှိတော့တာ၊ ဘယ်လိုလုပ်ပြီး လွတ်အောင် ပြေးနိုင်တော့မှာလဲ"

"ဒီလိုဆိုလည်း ကျွန်တော် ခင်ဗျားကို နှုတ်ဆက်ခဲ့ပါတယ်ဗျာ။ ကျွန်တော့် အပေါ်မှာ တလွဲတော့ မထင်ပါနဲ့"

ဟု ဇဟီလင်က ပြောသည်။ တစ်ယောက်နှင့်တစ်ယောက် ဖက်ယမ်းနမ်းရှုပ်ပြီး နှုတ်ဆက်ကြသည်။ ဇဟီလင်သည် ဝါးလုံးကို ဆုပ်ကိုင်ထားပြီး ဒိုင်နာအား အပေါ်မှ ကိုင်ပေးထားရန် လှမ်းပြောကာ တွယ်၍တက်သည်။ သံခြေချင်းများကြောင့် တစ်ကြိမ် နှစ်ကြိမ် ချော်ကျတော့မလိုဖြစ်သည်။

ကော့စတီလင်က ဝင်ကူပေးသည်။ ဤသို့ဖြင့် ဇဟီလင်သည် တွင်းထိပ်သို့ ချောချောမောမော တက်သွားနိုင်ခဲ့၏။ ဒိုင်နာသည် သူ၏သေးသွယ်သွယ် လက်ကလေးများဖြင့် ဇဟီလင်၏အင်္ကျီစကို ဆွဲဆုပ်ကာ ဆွဲတင်ပေးသည်။

အပေါ်ရောက်သည်နှင့်တစ်ပြိုင်နက် ဇဟီလင်က...

"ဒီဝါးလုံးကို သူ့နေရာသူပြန်ထားလိုက် ဒိုင်နာ၊ သူတို့တွေ့သွားရင် မင်းကို ရိုက်လိမ့်မယ်"

ဟု ပြောသည်။

ဒိုင်နာက ဝါးလုံးကို ဆွဲယူသွားသည်။ ဇဟီလင်သည် တောင်ကုန်းပေါ်မှ ဆင်းသည်။ သူသည် ကျောက်တုံး အချွန်တစ်တုံးကို ကောက်ယူကာ သံခြေချင်းများကို ထုရိုက်၍ဖြုတ်သည်၊ သို့သော်လည်း မရ။ တောင်ကုန်းပေါ်မှ ပြေးဆင်းလာနေသည့် ခြေသံများ ကြားသည်။ သူသည် ဆတ်ခနဲ ခုန်ထလိုက်ပြီး...

mgyoe.com

mgyoe.com SAMPLE BOOK

"ဒိုင်နာ ထင်ပါရဲ့"

ဟု တွေးသည်။

ဒိုင်နာသည် ကျောက်ခဲတစ်လုံးကို ကောက်ယူလာပြီး...

"ကျွန်မ ထုကြည့်ပေးမယ်"

ဟု ပြောသည်။

ဒိုင်နာသည် ဒူးထောက်ထိုင်ကာ သံခြေချင်းတွင် ခတ်ထားသည့် သော့ကို ကျောက်ခဲနှင့်ထုသည်။ သစ်ကိုင်းသေးသေးတစ်ကိုင်းကဲ့သို့ ပိန်လှီလှီနိုင်လွန်းလှသော ဒိုင်နာလက်များသည် အားရှိလှသည်မဟုတ်။ သူသည် ကျောက်ခဲကို လွှင့်ပစ်လိုက်ပြီး ငိုသည်။ ဇဟီလင်သည် နောက်တစ်ကြိမ် ထပ်၍ ထုရိုက်ပြီး ချိုးကြည့်ပြန်သည်။ ဒိုင်နာသည် သူ့ဘေးတွင်ထိုင်ကာ လက်တစ်ဖက်ကို ပခုံးပေါ်တင်၍ စိတ်ဝင်စားကြည့်နေသည်။

ဇဟီလင်သည် ပတ်ဝန်းကျင်ကို တစ်ချက်မျှလှည့်ကြည့်သည်။ သူ့ဘယ်ဘက် တောင်ကုန်း၏ နောက်ကွယ်တွင် နီရဲရဲအလင်းရောင်တစ်ခု။ လထွက်လာနေခြင်း ဖြစ်၏။

"မထွက်ခင် တောင်ကြားကို ဖြတ်မိပြီး တောအုပ်ထဲဝင်မိအောင် သွားမှဖြစ်မယ်"

ဟု ဇဟီလင် တွေးသည်။ သူသည် ထိုင်ရာမှထကာ လက်ထဲမှ ကျောက်ခဲကို လွှင့်ပစ်လိုက်သည်။ သံခြေချင်း ပါပါ၊ မပါပါ သူသွားမှဖြစ်မည်။

"သွားမယ်... ဒိုင်နာ၊ ငါ မင်းကို တစ်သက်လုံးမမေ့ပါဘူး"

ဒိုင်နာက ဇဟီလင်အား ဆွဲထားပြီး သူယူလာသည့် ဒိန်ခဲများ ထပ်ပေးသည်။ ဇဟီလင်က လှမ်းယူသည်။

"ကျေးဇူးတင်ပါတယ် ကလေးရယ်၊ တို့ မရှိရင် မင်းကိုအရုပ်ကလေးတွေ ဘယ်သူလုပ်ပေးမလဲ"

ပြောပြောဆိုဆို ဒိုင်နာ၏ခေါင်းကို အသာအယာပွတ်သည်။

ဒိုင်နာ၏မျက်လုံးအစုံတွင် မျက်ရည်များ ပြည့်လာသည်။ မျက်နှာကို လက်ဖဝါးများနှင့် အုပ်ထားသည်။ ထို့နောက် ဆိတ်မလေးတစ်ကောင်သဖွယ် တောင်ကုန်းပေါ် ပြေးတက်သွားသည်။

ဇဟီလင်သည် သံခြေချင်း သော့တွဲသံကြိုးများကို အသံမမြည်စေလိုသဖြင့် လက်ဖြင့် မ၍ ကိုင်ထားသည်။ လမ်းမပေါ်အတိုင်း လျှောက်လာသည်။ ယခုဆိုလျှင်

mgyoe.com

mgyoe.com SAMPLE BOOK

သူ လမ်းကိုသိနေပြီ။ အကယ်၍ တည့်တည့်မတ်မတ် လျှောက်သွားမည်ဆိုပါက အနည်းဆုံး ခြောက်မိုင်နီးပါးခန့် လျှောက်ရပေလိမ့်မည်။ သူ့အနေဖြင့် လအတော် မမြင့်မီ တောအုပ်ဆီ ရောက်နိုင်မည်ဆိုပါက...။

သူသည် မြစ်ကိုဖြတ်ကူးခဲ့သည်။ တောင်ကုန်း၏ နောက်ဘက်မှ အလင်းရောင်သည် ပို၍ ဖြူလာလျက်ရှိသည်။ သူသည် လကို မျက်ခြည်မပြတ်ကြည့်ကာ တောင်ကြားအတိုင်း မရပ်မနား ဆက်လျှောက်သည်။ လကို ကောင်းစွာ မမြင်ရသေး။ အလင်းရောင်သည် ပို၍တောက်ပလာနေပြီ။ တောင်ကြား၏ တစ်ဖက်တွင်လည်း စောစောကထက် လင်း၍ လင်း၍ လာနေသည်။ အရိပ်များသည် တောင်ခြေဘက်သို့ ဆင်းလာနေကြသည်။

ဇဟီလင်သည် အရိပ်များကိုခို၍ ဆက်လျှောက်သည်။ သူသည် ရှိသမျှအား ကို ထုတ်ကာ လျင်မြန်စွာ လျှောက်သွားသည်။ သို့သော်လည်း လမြင့်တက်နေပုံက သူ့ထက်ပို၍ မြန်နေသည်ဟုထင်၏။ ညာဘက်တောင်ကုန်းထိပ်များသည် လင်း၍ လင်း၍ လာလျက်ရှိသည်။ သူတောအုပ်အနီးသို့ ချဉ်းကပ်မိချိန်တွင် လသည် တောင်ကုန်းများနောက်မှ အထက်သို့ တက်လာခဲ့လေပြီ။

ပတ်ဝန်းကျင်တွင် အလင်းရောင် ထိုးဖောက်ဝင်ရောက်စပြုနေပြီ။ သစ်ပင်များ ထက်မှ သစ်ရွက်များကိုပင် ပြက်ပြက်ထင်ထင်။ တိတ်ဆိတ်မှုကတော့ မင်းမူဆဲ။ သက်ရှိဟူ၍ ဘာမျှမရှိတော့သည့်နှယ် ဖြစ်၏။ အောက်ဘက်ရှိ မြစ်ဆီမှ ရေစီးသံ သဲ့သဲ့သာလျှင် ကြားနေရသည်။

ဇဟီလင်သည် လူတစ်ဦးတစ်ယောက်နှင့်မျှ မဆုံမိဘဲ တောအုပ်ဆီသို့ ရောက် သွားသည်။ တောအုပ်တွင်း မှောင်ရိပ်ကျကျနေရာကို ရွေးကာ ထိုင်၍အမောဖြေသည်။ ဒိန်ခဲတစ်လုံးစားသည်။ ကျောက်ခဲတစ်လုံးနှင့် သံခြေချင်းများကို ထုဖြုတ်ရန် အားထုတ် ပြန်သည်။ သူ့လက်များသာလျှင် ရောင်လာသည်။ သံခြေချင်းများကတော့ မပြုတ်။

သူသည် ထိုင်ရာမှထကာ ဆက်သွားသည်။ တစ်မိုင်နီးပါး လျှောက်သွားမိပြီး နောက် သူ့ကိုယ်သူ ထိန်း၍မရနိုင်အောင် ပင်ပန်းမောဟိုက်လာသည်။ ခြေထောက် များမှလည်း နာကျင်ကိုက်ခဲနေကြပြီး ခြေလှမ်း ၁၀ လှမ်းခန့် လျှောက်ပြီးတိုင်း တစ်ခဏမျှရပ်၍ နားရသည်။

"ဒီနည်းကလွဲပြီး တခြားလုပ်စရာလမ်းက ရှိမှမရှိတော့တာ"

ဟု သူတွေးသည်။

mgyoe.com

"ငါ့မှာ ရှိသမျှအားကိုထုတ်ပြီး သွားနိုင်သမျှ သွားရမှာပဲ၊ အခုအချိန်မှာ ငါ့ထိုင်ပြီး နားလိုက်ရင် ပြန်ထနိုင်မှာမဟုတ်တော့ဘူး။ ဒါဆိုရင် ခံတပ်ကို ရောက်မှာမဟုတ်တော့ဘူး၊ တကယ်လို့ နေထွက်လာရင့်တော့ တောထဲမှာ ပုန်းနေမှဖြစ်မယ်၊ ညကျမှ ဆက်သွားမယ်"

သူသည် တစ်ညလုံး ခရီးဆက်သည်။ မြင်းစီးသမား တာတာနှစ်ယောက်သည် သူ့ကို ကျော်ဖြတ်သွားကြသည်။ သူသည် သစ်ပင်ကြီးတစ်ပင် နောက်ကွယ်နောက်မှ ပုန်း၍ ကြည့်နေသည်။

လရောင်သည် မှေးမှိန်ဖျော့တော့လာသည်။ နှင်းမြူများ တဖွဲဖွဲ ကျလာနေပြီ။ အရုဏ်တက်လု နီးနေပြီဖြစ်သော်လည်း ဇဟီလင်သည် တောအုပ်အထွက်သို့ မရောက်သေး။

"နောက်ထပ် ခြေလှမ်း ၃၀ လောက် လျှောက်ပြီးရင် သစ်ပင်တွေကြားသွားပြီး ထိုင်မှဖြစ်တော့မယ်"

ဟု တွေးသည်။

နောက်ထပ် ခြေလှမ်း ၃၀ ခန့် လျှောက်လိုက်သောအခါ တောအုပ်၏ အစွန်းတစ်ဖက်သို့ ရောက်သွားသည်။ သူသည် တောအုပ်အစပ်ထိ လျှောက်သွားသည်။ အလင်းရောင် လွှမ်းခြုံနေပြီ။ သူ့ရှေ့တည့်တည့်တွင် ကွင်းပြင်နှင့်ခံတပ်။ သူ့ ဘယ်ဘက် တောင်ကုန်း ဆင်ခြေလျှောခြေရင်းနှင့် အနီးကပ်ဆုံးနေရာ၌ မီးသေစပြုနေသော မီးဖိုတစ်ဖို။ မီးခိုးငွေ့များသည် အနီးတစ်ဝိုက်၌ ပျံ့လွင့်နေဆဲ။ ပြီးတော့ မီးဖိုကို ဝိုင်းထိုင်နေကြသည့်လူများ။

ဇဟီလင်သည် အတိုင်းအဆမသိနိုင်လောက်အောင် ပျော်မြူးသွားသည်။ ကျန်ရှိနေသမျှခွန်အားကို ထုတ်ကာ တောင်ကုန်းအောက်သို့ ဆင်းသည်။ နှုတ်ကလည်း...

"ကွင်းထဲရောက်သွားချိန်မှာ တာတာ မြင်းစီးသမားတစ်ယောက်နဲ့ မဆုံမိအောင် ဘုရားသခင်ကတော့ ကယ်မှာပါ"

ဟု ရေရွတ်မိသည်။

ထိုအခိုက်တွင် တောင်ကုန်းဘယ်ဘက် ကိုက် ၂၀၀ ခန့်အကွာမှ တာတာ သုံးယောက် ဘွားခနဲ ပေါ်လာသည်ကို မြင်လိုက်ရ၏။

တာတာများသည် သူ့ကိုမြင်လိုက်သည်နှင့် တစ်ပြိုင်နက် ကဆုန်စိုင်းလာ

mgyoe.com

ကြသည်။ ဇဟီလင်သည် အကြီးအကျယ် စိတ်ခတ်ကျသွားသည်။ လက်နှစ်ဖက်ကို မြှောက်ကာ ရှိသမျှအားကိုထုတ်၍ အော်သည်။

"အစ်ကိုတို့... အစ်ကိုတို့၊ ကယ်ကြပါဦး... ကယ်ကြပါဦး"

သူ့အော်သံကို ကော့ဆက်များ ကြားသည်။ မြင်းစီးသမား ကော့ဆက်တစ်စုသည် တာတာများနှင့် ဇဟီလင်ကြားမှဖြတ်ရန် အားထုတ်ကြသည်။ ဇဟီလင်နှင့် ကော့ဆက်များသည် အလှမ်းဝေးကွာလျက်ရှိသည်။ သို့သော်လည်း ဇဟီလင်သည် ကျန်ရှိသမျှအားကို ညှစ်ထုတ်ကာ နောက်ဆုံး အားထုတ်မှုကို ပြုသည်။

သူသည် သံခြေချင်းများကို လက်တစ်ဖက်ဖြင့် ကိုင်မကာ ကော့ဆက်များဆီသို့ တအားကုန်ပြေးသည်။ သူ့ကိုယ်သူ ဘာလုပ်၍ ဘာပြောနေမိသည်ကို မသိ။

"အစ်ကိုတို့... အစ်ကိုတို့... အစ်ကိုတို့"

ဟု အဆက်မပြတ် အော်လျက်ရှိသည်။

ကော့ဆက်များသည် ၁၅ ယောက်ခန့်ရှိ၏။ တာတာများသည် ကော့ဆက်များကို ရပ်ကြည့်ကာ ထိတ်လန့်နေကြသည်။ ဇဟီလင်သည် ကော့ဆက်များဘက်သို့ ဒယီးဒယိုင် လျှောက်သွားလျက်ရှိ၏။

ကော့ဆက်များသည် ဇဟီလင်အား ဝန်းရံထားကြပြီး မေးခွန်းများ အဆက်မပြတ် မေးနေကြသည်။

"ခင်ဗျား ဘယ်သူလဲ၊ ဘာလဲ၊ ဘယ်ကလာတာလဲ"

သို့သော်လည်း ဇဟီလင်သည် သူတို့မေးခွန်းများကို မဖြေနိုင်။ သူသည် ရှိုက်ကြီးတငင် ငိုကြွေးကာ...

"အစ်ကိုတို့ရယ်... အစ်ကိုတို့ရယ်"

ဟုသာ ထပ်တလဲလဲ ရေရွတ်လျက်ရှိ၏။

ထို့နောက် စစ်သားအားလုံး ရောက်လာကြသည်။ ဇဟီလင်အား ဝိုင်း၍ ပေါင်မုန့်ပေးသူက ပေးသည်၊ ဖော့ဒ်ခါ တိုက်သူက တိုက်သည်။ ဂရိတ်ကုတ်အကျႌကြီး ခြုံပေးသူက ခြုံပေးသည်။ တချို့က သူ့ခြေထောက်မှ သံခြေချင်းများကို ဝိုင်းဖြုတ်ပေးကြသည်။

အရာရှိများက ဇဟီလင်ကို မှတ်မိကြသဖြင့် ချက်ချင်းပင် ခံတပ်ဘက်သို့ ခေါ်သွားကြသည်။ စစ်သားများသည် သူ့ကိုကြည့်ကာ ဝမ်းသာကြသည်။ သူ့ရဲဘော်များသည် သူ့အနားတွင် ဝိုင်းအုံနေကြသည်။

mgyoe.com

 SAMPLE BOOK

ဇဟီလင်က သူကြုံခဲ့ရသည့်အဖြစ်ကို အစမှအဆုံး ပြောပြသည်။

"ကျွန်တော် လက်ထပ်ဖို့အိမ်ပြန်တာ အဲဒါပဲရတယ်"

ဟု သူက ပြောသည်။

"လက်မထပ်ခဲ့ရဘူး၊ ကံက လက်မထပ်ဖြစ်အောင် ပိတ်ပင်တားဆီးလိုက်တာပဲ"

ဤသို့ဖြင့် သူသည် ကော့ကေးဆပ်စ်တောင်တန်းဒေသရှိ စစ်တပ်တွင် ဆက်လက်၍ အမှုထမ်းသည်။ တစ်လခန့်အကြာတွင် ကော့စတီလင် လွတ်မြောက်လာသည်။ ရူဘယ်ငွေ ၅,၀၀၀ ပေး၍ ရွေးယူသဖြင့် လွတ်လိုက်ခြင်းဖြစ်၏။ သူ့ကိုပြန်၍ သယ်ယူလာသောအခါ အသက်သေလုမြောပါးဖြစ်နေခဲ့လေပြီ။

(၁၈၇၀ ပြည့်နှစ်တွင် ရေးခဲ့သည်။)

Leo Tolstoy ၏ Twenty Three Tales မှ

A Prisoner In The Caucasus ကို ပြန်ဆိုသည်။

□

mgyoe.com

mgyoe.com SAMPLE BOOK

[၃]
ဝက်ဝံတစ်ကောင် အမဲလိုက်ခြင်း

ဤထူးခြားသောဖြစ်ရပ်သည် ၁၈၅၈ ခုနှစ်အတွင်းက တော်လ်စတွိုင်းကိုယ်တိုင် ကြုံတွေ့ခဲ့ရသော ဖြစ်ရပ်တစ်ခုပေတည်း။ နောက် နှစ် ၂၀ ကျော် အကြာတွင် တော်လ်စတွိုင်းသည် သတ္တဝါများအပေါ် ကရုဏာထားကာ ကိုယ်ချင်းစာနာစိတ်ဖြင့် အမဲလိုက်ဝါသနာကို လုံးဝစွန့်လွှတ်လိုက်လေသည်။

ကျွန်တော်တို့ ဝက်ဝံတစ်ကောင် အမဲလိုက်နေစဉ်ဖြစ်သည်။ ကျွန်တော့်မိတ်ဆွေသည် ဝက်ဝံတစ်ကောင်ကို သေနတ်ဖြင့်ပစ်ခဲ့သည်။ သို့သော်လည်း သူ့ကျည်ဆန်သည် ချက်ကောင်းကိုမထိ။ အပေါ်ယံရှပ်ထိ၍ မှန်သဖြင့် ဒဏ်ရာသာရသွားခဲ့သည်။ ဆီးနှင်းပြင်ပေါ်တွင် သွေးစက်များ ကျကျန်ရစ်ခဲ့သော်လည်း ဝက်ဝံကတော့ လွတ်သွားခဲ့သည်။

ကျွန်တော်တို့သည် တောအုပ်ထဲတွင် လူပြန်စုကြသည်။ ဒဏ်ရာရသွားသော ဝက်ဝံနောက်သို့ အခုချက်ချင်းလိုက်ကြလျှင် ကောင်းမလား သို့မဟုတ် ဝက်ဝံ စိတ်အေး၊ နားအေးဖြစ်ပြီး တစ်နေရာရာတွင် ငြိမ်ငြိမ်ဆိတ်ဆိတ်နေသွားသည်အထိ နှစ်ရက်၊ သုံးရက်ခန့် စောင့်နေပြီးမှ လိုက်ကြလျှင် ကောင်းမလား စဉ်းစားကြသည်။ ကျွန်တော်တို့သည် ဝက်ဝံခြေရာခံသည့် လယ်သမားများအား အခုချက်ချင်းလိုက်လျှင် ဝက်ဝံကို ရနိုင်၊ မရနိုင် မေးမြန်းကြည့်သည်။

"ဒါကတော့ ဖြစ်နိုင်မယ် မထင်ဘူးဗျ"

mgyoe.com

ဟု ဝက်ဝံ ခြေရာခံသူ အဘိုးအိုတစ်ယောက်က ပြောသည်။

"ဝက်ဝံ ငြိမ်သွားအောင်တော့ စောင့်ဦးမှ ဖြစ်မှာ၊ နောက် ငါးရက်လောက် ဆိုရင်တော့ ဒီအကောင်ကို ဝိုင်းမိနိုင်လောက်ပါတယ်၊ အခုချက်ချင်း လိုက်လို့ကတော့ သူ့ကို လိုက်ပြီးခြောက်သလိုဖြစ်သွားမှာ"

သို့သော်လည်း ဝက်ဝံခြောက်သူ လူငယ်တစ်ဦးက အဘိုးအို၏အမြင်ကို လက်မခံ။ အခုချက်ချင်းလိုက်လျှင် မိနိုင်သည်ဟု ပြောရာမှအစ အငြင်းအခုံဖြစ်လာကြသည်။

"အခုလို ဆီးနှင်းပြင်ပေါ်မှာဆိုရင် ဒီအကောင် သိပ်မပြေးဘူးဗျ" ဟု လူငယ်က ပြောသည်။

"ဘာကြောင့်လဲဆိုတော့ ဒီကောင်က ဝဝတုတ်တုတ်ကောင်ကြီး၊ မိုးမချုပ်ခင် တစ်နေရာရာမှာ ဝင်ခိုမှာ သေချာတယ်၊ ဘာပဲဖြစ်ဖြစ် နှင်းထဲစီး ဖိနပ်နဲ့သာဆိုရင် ကျုပ် သူ့ကို မီအောင်လိုက်ပြမယ်"

ကျွန်တော့်မိတ်ဆွေကမူ ယခုချက်ချင်း မလိုက်ချင်။ အဘိုးအို ပြောသည့်အတိုင်း စောင့်ချင်သည်။ သို့သော်လည်း ကျွန်တော်က...

"ကျွန်တော်တို့ ငြင်းခုံနေစရာမလိုပါဘူး၊ ခင်ဗျားလည်း ခင်ဗျားကြိုက်သလို လုပ်ပါ။ ကျွန်တော်ကတော့ ဒီမီယန်နဲ့အတူ အခုချက်ချင်းပဲ ခြေရာခံပြီး လိုက်မယ်။ တကယ်လို့ ဝက်ဝံကို တွေ့ရင် ကိစ္စက ပြီးပြီ။ မတွေ့ဘူးဆိုရင်လည်း ဘာမှ နစ်နာစရာမရှိပါဘူး။ အခုဆို အချိန်က စောနေသေးတာပဲ။ ဒီနေ့အဖို့ ကျွန်တော်တို့မှာ တခြားလုပ်စရာလည်း ဘာမှရှိတာမှမဟုတ်ပဲ"

ဟု ပြောသည်။

ဤသို့ဖြင့် ဝက်ဝံနောက်လိုက်ရန် စီစဉ်ကြသည်။

အခြားလူများသည် စွတ်ဖားများစီးကာ ရွာသို့ပြန်ကြသည်။ ဒီမီယန်နှင့် ကျွန်တော်ကတော့ ပေါင်မုန့်များ ခွဲဝေယူစားလိုက်ပြီး တောအုပ်တွင်း၌ နေခဲ့ကြသည်။

သူတို့လူစု ထွက်ခွာသွားကြသည့်အခါ ဒီမီယန်နှင့် ကျွန်တော်သည် ကျွန်တော်တို့၏ သေနတ်များကို စစ်ဆေးကြသည်။ ကုတ်အင်္ကျီကလနားများကို ခါးပတ်အောက်သို့ ထိုးသွင်းကြပြီးသော် ဝက်ဝံ၏သွေးစက်များကို ခြေရာခံ၍ လိုက်ခဲ့ကြပါသည်။

ရာသီဥတုသည် အေးမြသာယာလျက်ရှိ၏။ သို့သော်လည်း နှင်းစီးဖိနပ်များနှင့် သွားရသည်မှာ ခက်ခဲပင်ပန်းလှ၏။ ဆီးနှင်းပြင်သည် ပျော့လွန်းလှသည်။ ဆီးနှင်းခဲ

mgyoe.com

များသည် ယခုအထိ မာကျောခြင်းမရှိကြသေး။ တမြန်မနေ့ကမှ အသစ်တစ်ဖန်ပြန်ကျထားသော ဆီးနှင်းများသည် လတ်ဆတ်နေဆဲဖြစ်၏။ ထို့ကြောင့်လည်း ကျွန်တော်တို့ ဖိနပ်များသည် နှင်းလိုက်သည့်အခါတိုင်း ဆီးနှင်းပြင်အတွင်းသို့ ခြောက်လက်မခန့်အထိ နစ်ဝင်သွားတတ်သည်။ တစ်ခါတစ်ရံတွင် ထိုမျှမကပါ။

ဝက်ဝံ၏ ခြေရာများကို အတော်လှမ်းလှမ်းမှပင် မြင်နေရသည်။ သူဘယ်လိုလှုပ်ရှားသွားလာသည်ကို ကောင်းစွာခန့်မှန်း၍ ရသည်။ တစ်ခါတစ်ရံတွင် သူသည် ဆီးနှင်းပြင်ထဲသို့ ဝမ်းဗိုက်အထိ ကျွံဝင်သွားသည့် အရိပ်လက္ခဏာများကိုလည်း တွေ့ရ၏။ ပထမတွင် သစ်ပင်ကြီးများအောက်၌ သူ့ခြေရာများကို ကျွန်တော်တို့ ပီပီပြင်ပြင်မြင်တွေ့နေရသော်လည်း ထင်းရှူးပင် ပုပုနိမ့်နိမ့်များကြား ရောက်သည့်အခါ တစ်မျိုးဖြစ်လာသည်။ ဤတွင် ဒီမီယန်သည် တစ်ခဏမျှ ရပ်၍ စဉ်းစားနေသည်။

"ကျုပ်တို့ ခြေရာကောက်ပြီး လိုက်ဖို့မလိုတော့ဘူး"

ဟု ဒီမီယန်က ပြောသည်။

"ဒီကောင်ကြီး ဒီနားတစ်ဝိုက်မှာ ကပ်နေပြီလို့ထင်တယ်။ သူ ဒီအနားမှာ ဆောင့်ကြောင့်ထိုင်သွားတာ သခင်ကြီး မြင်နေတာပဲ။ ကျုပ်တို့ ဒီဘက်က ပတ်သွားကြရအောင်။ ဒါပေမဲ့ တိတ်တိတ်ကလေး သွားမှဖြစ်မှာ၊ မအော်နဲ့၊ ချောင်းမဆိုးနဲ့၊ လန့်ပြီး ထွက်ပြေးလိမ့်မယ်"

ထို့ကြောင့် ကျွန်တော်တို့သည် ဘယ်ဘက်သို့ ကွေ့ပတ်သွားကြသည်။ ကိုက် ၅၀၀ ခန့် လျှောက်မိသောအခါ ကျွန်တော်တို့ ရှေ့တည့်တည့်တွင် ဝက်ဝံခြေရာများ ထပ်တွေ့ရပြန်သည်။ ကျွန်တော်တို့ ခြေရာကောက်၍ လိုက်သွားကြရာ လမ်းတစ်လမ်းပေါ် ရောက်သွားကြသည်။ လမ်းပေါ်၌ ခဏရပ်ကာ ဝက်ဝံ ဘယ်ဘက်ထွက်သွားသည်ကို ကြည့်ကြသည်။ ဝက်ဝံခြေရာများမှာ ထင်ရှားလွန်းသဖြင့် ခြေသည်းရာများကိုပင် မြင်နေရသည်။ လယ်သမားတစ်ယောက်၏ သစ်ခေါက်ဖိနပ်ရာများကိုလည်း တွေ့နေရ၏။ ဝက်ဝံသည် ရွာဘက်သို့ ဦးတည်ထွက်သွားသည်မှာ ထင်ရှားလျက်ရှိပါသည်။

ကျွန်တော်တို့ လမ်းမအတိုင်း လိုက်အသွားတွင် ဒီမီယန်က ... "အခုအချိန်မှာတော့ လမ်းပေါ်မှာ ခြေရာခံနေလို့ အလကားပဲ၊ သူ ဘယ်ဘက်ထွက်သွားတယ်ဆိုတာ ကြည့်ဖို့ပဲလိုတယ်။ လမ်းဘေးက ခြေရာကိုခံမှ ရတော့မယ်။ သူ လမ်းပေါ်က ဆင်းသွားတာတော့ မှန်တယ်။ ဒါပေမဲ့ ရွာဆီကိုတော့ သွားမှာမဟုတ်ဘူး"

mgyoe.com

ဟု ပြောသည်။

ကျွန်တော်တို့ လမ်းပေါ်အတိုင်း တစ်မိုင်ခန့်လျှောက်မိသောအခါ ရှေ့တည့်တည့်တွင် လမ်းဘေးသို့ ဖဲ့ဆင်းသွားသော ဝက်ဝံခြေရာများ မြင်ရပြန်သည်။ ကျွန်တော်တို့ အသေအချာဂရုစိုက်၍ ကြည့်ကြသည်။ ထူးဆန်းလွန်းလှချေသည်။ လမ်းမပေါ် ဖဲ့ဆင်းပြီး တောအုပ်ထဲ ဝင်သွားသည့် ဝက်ဝံတစ်ကောင်၏ ခြေရာများကိုသာမက တောအုပ်ဆီမှ လမ်းပေါ်တက်လာသည့် ခြေရာများကိုပါ တွေ့နေရ၏။ ခြေချောင်းများသည် လမ်းမဘက်သို့ ဦးတည်လျက်ရှိသည်ကို အပီအပြင် မြင်နေရပါသည်။

"ဒီခြေရာဟာ တခြားဝက်ဝံတစ်ကောင်ရဲ့ ခြေရာဖြစ်မယ်"

ကျွန်တော်က ပြောသည်။

ဒီမိယန်သည် ကျွန်တော် ပြသည့်ခြေရာကို ကြည့်ကာ အတန်ကြာမျှ ငြိမ်၍ စဉ်းစားနေသည်။

"မဟုတ်ဘူးဗျ"

ဟု သူက ရေရွတ်သည်။

"ကျုပ်တို့ လိုက်နေတဲ့ ဝက်ဝံပဲ၊ သူက ကျုပ်တို့ကို လှည့်နေတာ၊ လမ်းပေါ်က ဆင်းသွားပြီးမှ လမ်းဘက်က ပြန်လှည့်လာတာ"

ကျွန်တော်တို့သည် ခြေရာများနောက်သို့ လိုက်သွားကြသည်။ ဒီမိယန်ပြောသည့်အတိုင်းဖြစ်နေသည်ကို တွေ့ရ၏။ သူသည် ခြေလှမ်း ၁၀ လှမ်းခန့် လမ်းပေါ်မှ ဆင်းသွားပြီး ထင်းရှူးပင်တစ်ပင်ကို ပတ်၍ ပြန်လှည့်လာခြင်းဖြစ်သည်။ ဒီမိယန်သည် တစ်ခဏမျှရပ်ကာ ကျွန်တော့်အား လှမ်းပြောသည်။

"ဒီကောင် ဒီအနားတစ်ဝိုက်မှာ ရှိမယ်ဆိုတာ သေချာသွားပြီ၊ ကျုပ်တို့ ရှေ့တည့်တည့်မှာ ရွှံ့ဗွက်တစ်ခုရှိတယ်၊ ဒီကောင်ကြီး အဲဒီမှာ ရောက်နေပြီ၊ သွားကြစို့"

ကျွန်တော်တို့သည် ထင်းရှူးပင်ငယ်များ ကြားမှဖြတ်၍ ပတ်သွားရသည်။ ထိုအချိန်တွင် ကျွန်တော်သည် အတော်ကြီး ပင်ပန်းနွမ်းနယ်နေပြီ။ ထင်းရှူးပင်ပေါက်များပေါ်လဲကာ ဖိနပ်များသည် ကိုင်းများနှင့်ငြိပြီး ကျွတ်ကျန်ခဲ့ကြသည်။ တစ်ချီသော် ကျွန်တော်သည် ဆီးနှင်းခဲများ ဖုံးအုပ်နေသည့် သစ်ငုတ်တစ်ခုနှင့် ဝင်တိုက်မိသည်။ တစ်ကိုယ်လုံးတွင် ချွေးများရွှဲနေသဖြင့် သားမွေးကုတ်အင်္ကျီကိုပင် ချွတ်ပစ်ရသည်။

ဒီမိယန်၏ နှင်းစီးဖိနပ်များကတော့ လျင်မြန်စွာ လှုပ်ရှားလျက်ရှိကြ၏။ သူ့ဖိနပ်များကျတော့ မည်သည့်အရာနှင့်မျှ ထိမိ၊ တိုက်မိခြင်းလည်း မရှိ။ ချော်လည်း

 mgyoe.com SAMPLE BOOK

မချော်။ ကျွန်တော့်ကုတ်အင်္ကျီကြီးကို ပခုံးပေါ်တင်ကာ ရှေ့မှနေ၍ မရပ်မနား သွားလျက် ရှိလေသည်။

နောက်ထပ် နှစ်မိုင်ခန့်လျှောက်မိသောအခါ ကျွန်တော်တို့သည် ရွံ့ဗွက်၏ တစ်ဖက်သို့ ရောက်သွားသည်။ ကျွန်တော်ကတော့ နောက်တွင် ကျန်ရစ်ခဲ့သည်။ ကျွန်တော့် ဖိနပ်များသည် ချော်မြဲတိုင်း ချော်နေသည်မဟုတ်ပါလား။ ရှေ့မှသွားနေသော ဒီမီယန်သည် ရုတ်တရက် ဖျတ်ခနဲရပ်လိုက်ပြီး ကျွန်တော့်အား လက်ယမ်းပြနေသည်။ ကျွန်တော် သူ့အနားရောက်သွားသည့်အခါ သူသည် ခါးကိုကုန်း၍ တစ်နေရာသို့ လက်ညှိုးထိုးပြပြီး တိုးတိုးပြောသည်။

"ဟိုချုံပင်တွေအထက်နားက တကျိကျိ အော်နေတဲ့ သပိတ်လွယ်ငှက်ကို မြင်တယ်မဟုတ်လား၊ သူ ဝက်ဝံနံ့ကိုရလို့ အော်နေတာ၊ ဝက်ဝံဟာ အဲဒီနားတစ်ဝိုက်မှာ ရှိရမယ်"

ကျွန်တော်တို့သည် နောက်ထပ် မိုင်ဝက်ကျော်ကျော်ခန့် ဆက်လျှောက်ကြသည်။ ဝက်ဝံခြေရာများကို ထပ်၍ တွေ့မြင်နေကြရလေပြီ။ ကျွန်တော်တို့နှင့် မနီးမဝေးတွင် ရှိနေမည်မှာ သေချာလျက်ရှိ၏။ ကျွန်တော်တို့သည် ထိုနေရာတွင် ရပ်လိုက်ကြသည်။ ကျွန်တော်သည် ဦးထုပ်ကို ချွတ်လိုက်သည်။

အင်္ကျီကြယ်သီးများကို ဖြုတ်ကာ ရင်ဘတ်ဟောင်းလောင်းနှင့် ထားလိုက်သည်။ တစ်ကိုယ်လုံး ပူလောင်လျက်ရှိပါသည်။ ရေနစ်ထားသည့် ကြွက်တစ်ကောင် သဖွယ် ချွေးတွေဖြင့် ရွဲရွဲစိုနေသည်။ ဒီမီယန်မှာလည်း တစ်မျက်နှာလုံး နီရဲနေသည်။ သူ့မျက်နှာမှ ချွေးသီးချွေးပေါက်ကြီးများကို ရှပ်အင်္ကျီလက်ဖြင့် သုတ်နေသည်။

"ကျုပ်တို့အလုပ်ကတော့ ပြီးသလောက် ဖြစ်သွားပြီ သခင်ကြီး"

ဟု ဒီမီယန်က ပြောသည်။

"အခုဆိုရင် ဒီနေရာမှာ ထိုင်နားရုံပဲ ရှိတော့တယ်"

ညနေခင်း နေရောင်သည် နီရဲသောအဆင်း ဆောင်နေသည်။ ကျွန်တော်တို့သည် နှင်းစီးဖိနပ်များကို ချွတ်၍ ဖင်ခုထိုင်ကာ ကျောပိုးအိတ်များထဲမှ ပေါင်မုန့်နှင့် ဆားများ ထုတ်ယူကြသည်။ ပထမဆုံး ကျွန်တော်သည် နှင်းခဲတစ်ဆုပ်ယူပြီး ပါးစပ်ထဲ ထည့်၍ ဝါးစားလိုက်သည်။ ထို့နောက်မှ ပေါင်မုန့်ကို ဖဲ့စားသည်။ ဤမျှလောက် အရသာထူးသည့် ပေါင်မုန့်ကို ဘယ်တုန်းကမှ မစားခဲ့စဖူးဟုပင် စိတ်ထဲက ထင်နေမိသည်။ ကျွန်တော်တို့သည် နေဝင်မိုးချုပ်သည်အထိ ထိုနေရာ၌ ထိုင်၍ အမောဖြေကြ

mgyoe.com

mgyoe.com
SAMPLE BOOK

သည်။ ကျွန်တော်က ဒီမီယန်အား ရွာနှင့် အလှမ်းဝေး မဝေး မေးကြည့်သည်။

"နည်းနည်းဝေးတယ်"

ဟု သူကဖြေသည်။

"ရှစ်မိုင်ခရီးလောက်တော့ ရှိမယ်ထင်တယ်ဗျ၊ ကျုပ်တို့ ဒီည ရွာကိုအရောက်သွားကြမှာပဲ၊ လောလောဆယ်တော့ နားဦးမှဖြစ်မယ်။ ရော့... သခင်ကြီးရဲ့ အနွေးထည်ပြန်ဝတ်ထား၊ အအေးမိသွားမှာ စိုးရတယ်"

ဒီမီယန်သည် ထင်းရှူးပင်ပုများမှ အကိုင်းများကို ချိုး၍ ဆီးနှင်းပြင်ပေါ် ခင်းသည်။ နှစ်ယောက်သား ဘေးချင်းကပ်ကာ လက်မောင်းများပေါ် ခေါင်းတင်၍ လှဲလိုက်ကြသည်။ ဘယ်လိုဖြစ်ပြီး အိပ်ပျော်သွားမှန်း ကျွန်တော် မသိလိုက်ပါ။ နှစ်နာရီခန့်ကြာ အိပ်ပျော်သွားပြီးမှ ချိုးချိုးချွတ်ချွတ်အသံများ ကြားရသဖြင့် လန့်နိုးလာသည်။

နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျသွားခြင်းဖြစ်၍ လန့်နိုးလာသည့်အခါ နားဝေတိမ်တောင် ဖြစ်နေသည်။ ကိုယ့်ကိုယ်ကိုယ် ဘယ်ရောက်နေမှန်းပင်မသိ။ ပတ်ဝန်းကျင်ကို လှည့်ကြည့်သည်။ မည်မျှ အံ့သြစရာကောင်းပါသနည်း။ ကျွန်တော်သည် အရောင်တလက်လက် တောက်ပနေသော တိုင်ကြီးများရှိသည့် ခန်းမကြီးတစ်ခုထဲ ရောက်နေသည်။ ရောင်စုံမီးလုံးများ ထွန်းညှိထားသည့် ဥမင်လိုဏ်ခေါင်းကြီး တစ်ခုလိုလို ဘာလိုလို အရာဝတ္ထုကြီးကိုလည်း မြင်နေရ၏။ အသေအချာ ထပ်၍ ကြည့်လိုက်သည့်အခါတွင်မူ ခန်းမကြီးနှင့် တိုင်များဟု ကျွန်တော်ထင်သမျှ အားလုံးလွဲနေသည်ကို တွေ့ရသည်။ အမှန်တော့ ကျွန်တော်တို့ တောအုပ်ထဲ ရောက်နေကြခြင်းဖြစ်၏။ တိုင်များဟု ထင်နေသော အရာအားလုံးသည် ဆီးနှင်းများ လွှမ်းခြုံနေသည့် သစ်ပင်ကြီးများသာဖြစ်၏။ ရောင်စုံမီးလုံးများဟု အမှတ်မှားနေသည်မှာလည်း သစ်ကိုင်းများကြားမှ လှမ်းမြင်နေရသည့် မိုးကောင်းကင်ထက်မှ ကြယ်များပေတည်း။

ညအမှောင်ထဲတွင် ဖြူဖွေးသော ဆီးနှင်းများသည် တဖွဲဖွဲကျနေသည်။ သစ်ခက်သစ်ရွက်များတွင်လည်း ဆီးနှင်းများ ကပ်ငြိနေကြသည်။ ဒီမီယန်၏တစ်ကိုယ်လုံးတွင်လည်း ဆီးနှင်းများ လွှမ်းခြုံဖုံးအုပ်နေသဖြင့် ဖွေးဖွေးလှုပ်နေသည်။ ကျွန်တော်၏ သားမွေးကုတ်အင်္ကျီပေါ်တွင်လည်း ဆီးနှင်းများ ဖုံးအုပ်လျက်ရှိ၏။ သစ်ပင်ကြီးများမှတစ်ဆင့် ကျဆင်းလာသော ဆီးနှင်းများပေတည်း။

ကျွန်တော်သည် ဒီမီယန်ကိုလှုပ်၍နှိုးသည်။ နှစ်ယောက်သား နှင်းစီးဖိနပ်များစီးကာ ခရီးဆက်ကြသည်။ တောထဲတွင် တိတ်ဆိတ်ခြင်းသာလျှင် မင်းမူလျက်

mgyoe.com

mgyoe.com SAMPLE BOOK

ရှိပါသည်။ ဆီးနှင်းပြင်ပေါ် နင်းသွားနေသည့် နှင်းစီးဖိနပ်များ အသံမှတစ်ပါး တခြား အသံများ မကြားရပါ။ ရံဖန်ရံခါတွင် သစ်ကိုင်းချင်းပွတ်မိသံများ ပေါ်လာတတ်သည်။

တစ်ကြိမ်တွင် သက်ရှိသတ္တဝါတစ်ကောင်၏ လှုပ်ရှားသံ ကြားရသည်။ ကျွန်တော်တို့အနီးမှကပ်၍ လှုပ်ရှားနေခြင်းဖြစ်၏။ မကြာမီ ထိုအသံသည် ပျောက်သွားသည်။ အဝေးသို့ ပြေးထွက်သံများ ကြားရ၏။ ဝက်ဝံများလားဟု ကျွန်တော် ထင်လိုက်မိ၍ သွားကြည့်သည့်အခါ ယုန်ခြေရာများကို မြင်ရသည်။ ကျွန်တော်တို့ကြောင့် အစာစားနေကြသော ယုန်များ လန့်ဖျပ်ကာ ထွက်ပြေးကြခြင်းပေတည်း။

ကျွန်တော်တို့ လမ်းပေါ် ပြန်ရောက်လာကြသည်။ ခဲဆွဲထားသလို လေးလံလျက်ရှိသော နှင်းစီးဖိနပ်များဖြင့် နှေးကွေးစွာ ဆက်လျှောက်ခဲ့ကြသည်။ ယခုကျတော့လည်း လမ်းလျှောက်ရသည်မှာ သက်သောင့်သက်သာ ရှိနေပြန်၏။ ဖိနပ်များနှင့် နင်းလိုက်တိုင်း ရေခဲများကွဲအက်သံကို ကြားနေကြရသည်။ ကောင်းကင်သို့ မော့ကြည့်လိုက်တိုင်း ကြယ်များသည် သစ်ကိုင်းများမှ ဖြတ်၍ ကျွန်တော်တို့ထံ ပြေးလာနေသည်ဟု ထင်ရသည်။ မှိတ်တုတ်... မှိတ်တုတ်ဖြစ်သွားလိုက်၊ ပျောက်သွားလိုက်နှင့် ကောင်းကင်တစ်ခုလုံး ရွေ့လျားနေသည့်နှယ် ရှိသည်။

*

ကျွန်တော်တို့ ရောက်သွားချိန်တွင် ကျွန်တော့်မိတ်ဆွေသည် အိပ်မောကျနေဆဲ။ ကျွန်တော် သူ့ကိုနှိုး၍ ဝက်ဝံတွေ့ခဲ့ပြီဟု အသိပေးလိုက်သည်။ ကျွန်တော်တို့ အိမ်ရှင်လယ်သမားများအား မနက်ကျလျှင် တောခြောက်သမားများ စုထားပေးဖို့မှာပြီး ညလယ်စာ စားကာ အိပ်ရာဝင်ကြသည်။

ကျွန်တော်သည် ပင်ပန်းလွန်းသဖြင့် ချက်ချင်းပင် အိပ်မောကျသွားခဲ့သည်။ ကျွန်တော့်မိတ်ဆွေသာ လာမနှိုးလျှင် နောက်နေ့ နေမွန်းတည့်ချိန်အထိ အိပ်ပျော်နေဖို့ရှိပါသည်။ သူလာနှိုး၍ အိပ်ရာမှ ခုန်ထလိုက်သည့်အခါ သူသည် အဝတ်ပင်လဲဖယ်ပြီးနေပြီ။ သူသည် သူ့သေနတ်ကို တိုက်ချွတ်သည့်အလုပ်ဖြင့် အလုပ်ရှုပ်နေသည်။

"ဒီမိယန် ဘယ်ရောက်နေလဲ"

ဟု ကျွန်တော်က မေးသည်။

"တောအုပ်ဘက် ထွက်သွားတာ ကြာလှပြီ၊ ခင်ဗျားတို့ တွေ့ခဲ့တဲ့ ခြေရာတွေကို တစ်ခေါက်သွားကြည့်ပြီး ဒီကိုပြန်လာတယ်။ အခု သူ တောခြောက်သမားတွေဆီ

mgyoe.com

SAMPLE BOOK

သွားပြီး အစီအစဉ်လုပ်နေတယ်"

ကျွန်တော် ကပျာကယာ မျက်နှာသစ်ကာ အဝတ်လဲသည်။ သေနတ်များတွင် ကျည်ထည့်သည်။ ထို့နောက် စွတ်ဖားပေါ်တက်ကာ ခရီးဆက်ခဲ့ကြပါသည်။

စူးစူးရှရှ နိုင်လွန်းလှသော ဆီးနှင်းများသည် ဆက်လက်၍ ကျနေဆဲ။ ပတ်ဝန်းကျင်သည် တိတ်ဆိတ်ငြိမ်သက်လျက်ရှိသည်။ နေထွက်လာသည်ကို လုံးဝ မမြင်ကြရသေး။ ကျွန်တော်တို့ခေါင်းများ၏ အပေါ်ဘက်တွင် မြူများသည် ထူထပ် သိပ်သည်းစွာ ကာဆီးနေသည်။ ဖြူဖွေးသော နှင်းမှုန်များသည် အရာရာတိုင်းကို ဖုံးလွှမ်းနေဆဲဖြစ်၏။

လမ်းပေါ်အတိုင်း နှစ်မိုင်ခန့် သွားမိကြပြီးနောက် တောအုပ်ဘက်သို့ နီးကပ် လာသည့်အခါ ရှေ့တစ်နေရာ အနိမ့်ပိုင်းထဲမှ မီးခိုးများ တလူလူတက်နေသည်ကို မြင်ရသည်။ နောက်ဆုံး ကျွန်တော်တို့ ရောက်သွားသည့်အခါ လယ်သမား ယောကျ်ား မိန်းမတစ်စုနှင့် ဆုံမိသည်။ သူတို့သည် တုတ်များ၊ တင်းပုတ်များ ကိုင်ဆောင်ထား ကြသည်ကို တွေ့ရပါသည်။

ကျွန်တော်တို့ စွတ်ဖားပေါ်မှဆင်းကာ သူတို့ထံ လျှောက်သွားကြသည်။ ယောကျ်ားများသည် အာလူးများကို မီးဖုတ်ရင်း မိန်းမများနှင့် စကားပြောကာ တသော သော ရယ်မောနေကြသည်။

ဒီမီယန်သည် ထိုအုပ်စုထဲ၌ရောက်နေသည်။ ကျွန်တော်တို့ ရောက်သွား သည့်အခါ လူအားလုံး မီးဖိုဘေးမှ ထရပ်ကြသည်။ ဒီမီယန်သည် သူတို့ကို ဦးဆောင် ၍ ခေါ်သွားပြီး စက်ဝိုင်းပုံ နေရာချပေးသည်။ ထို့နောက် တန်းစီ၍ ထွက်ခွာသွားကြ သည်။ လူအားလုံး ၃၀ မျှရှိ၏။ သူတို့သည် ရှေ့မှနေ၍ တောအုပ်အတွင်းသို့ ဝင်ရောက် သွားကြသည်။

ကျွန်တော့်မိတ်ဆွေနှင့် ကျွန်တော်သည် သူတို့နောက်မှ ခြေရာခံ၍ လိုက်သွား ကြပါသည်။ သူတို့ လျှောက်သွားနေကြရသည်မှာ ခက်ခဲလှ၏။ ဆီးနှင်းနံရံနှစ်ခုကြား၌ လျှောက်သွားနေရသည်နှင့် တူလှပါသည်။

ကျွန်တော်တို့သည် ထိုပုံစံအတိုင်း မိုင်ဝက်နီးပါးခန့် လျှောက်သွားကြရသည်။ ထိုအခိုက်တွင် ဒီမီယန်သည် အခြားတစ်ဖက်မှနေ၍ ကျွန်တော်တို့ဘက်သို့ ပြေးလာ သည်။ လက်ဟေ့ယမ်းပြကာ သူ့ဆီသို့ လာရန်ခေါ်သည်။ ကျွန်တော်တို့သည် သူ့ဆီသို့ ရှေးရှု၍ သွားကြသည်။ သူက ဆီးကြိုပြီး ကျွန်တော်တို့ ရပ်နေရမည့်နေရာကို

mgyoe.com

mgyoe.com SAMPLE BOOK

ပေးသည်။ ကျွန်တော်သည် ဒီမီယန် ချပေးထားသည့်နေရာ၌ ရပ်ကာ ပတ်ဝန်းကျင်ကို အကဲခတ်မိသည်။

ကျွန်တော့်ဘယ်ဘက်တွင် အလွန်မြင့်မားသော ထင်းရှူးပင်များရှိသည်။ ပင်စည်ကြီးများကြားမှ လမ်းတစ်လမ်းကို ကောင်းစွာ မြင်တွေ့နေရ၏။ သစ်ပင်များနောက်၌ ကွယ်ရပ်နေသော တောခြောက်သမားတစ်ဦးကိုပင် လှမ်းမြင်နေရသည်။ ထင်းရှူးပင်ငယ်များ အစုလိုက် အပြုံလိုက် တည်ရှိနေသည်။ ယင်းတို့၏ ကိုင်းများသည် အောက်သို့ညွတ်ကျကာ ဆီးနှင်းပြင်ကြားတွင် ကပ်ညပ်နေကြသည်။

ယင်းတို့ကြားတွင် ဆီးနှင်းပြင် ဖုံးအုပ်နေသော လူသွားလမ်းတစ်လမ်းရှိရာ ထိုလမ်းသည် ကျွန်တော်တို့ထံ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်သည့်လမ်းဖြစ်၏။ ကျွန်တော့်ညာဘက်မှ တန်းစီ၍ ထွက်သွားသော ချုံပင်၊ နွယ်ပင်များအဆုံးတွင် ကျွန်တော့်မိတ်ဆွေအား နေရာချထားပေးနေသည့် ဒီမီယန်ကို ကောင်းစွာ မြင်တွေ့နေရပါသည်။

ကျွန်တော်သည် သေနတ်နှစ်လက်စလုံးကို ပြန်၍ စစ်ဆေးကြည့်ပြီး ဘယ်နေရာ၌ ရပ်စောင့်လျှင် အကောင်းဆုံးဖြစ်မည်ကို စဉ်းစားသည်။ ကျွန်တော့်နောက် ခြေလှမ်း သုံးလှမ်းခန့်အကွာတွင် ထင်းရှူးပင် မြင့်မြင့်ကြီးတစ်ပင် ရှိနေ၏။

"အဲဒီမှာ ငါသွားရပ်ရင် ပိုကောင်းလိမ့်မယ်"

ဟု တွေးမိသည်။

"အဲဒီနေရာကိုရောက်ရင် ငါ့သေနတ်တစ်လက်ကို သစ်ပင်မှာ ထောင်ထားနိုင်တယ်"

ကျွန်တော်သည် ထင်းရှူးပင်ဆီသို့ လျှောက်လာခဲ့သည်။ ခြေလှမ်းလှမ်းတိုင်း ဆီးနှင်းထဲသို့ ဒူးအထိမြုပ်မြုပ်သွားသည်ကို သတိထားမိသည်။ ကျွန်တော်သည် သစ်ပင်နောက်ဘက်ရှိ ဆီးနှင်းခဲများကို ထုရိုက်ဖြိုဖွဲ့ကာ ရပ်၍ ကောင်းအောင်ညှိလိုက်သည်။ စတုရန်း တစ်ကိုက်ခန့် အကျယ်ရအောင် ရှင်းလင်းပစ်လိုက်ခြင်းဖြစ်သည်။

ကျွန်တော်သည် သေနတ်တစ်လက်ကို ကိုင်ထားပြီး မောင်းအသင့်တင်ထားသော ဒုတိယသေနတ်ကို ထင်းရှူးပင်တွင်မှီ၍ ထောင်ထားလိုက်သည်။ ထို့နောက် မြေရှင်းစဉ်က ထုတ်ထားသော ဓားကို ဓားအိမ်ထဲ ပြန်ထည့်လိုက်သည်။ အရေးတကြီး လိုအပ်လာလျှင် အလွယ်တကူ ထုတ်နိုင်အောင် သတိထား၍ ပြန်ထည့်ခဲ့ခြင်းဖြစ်ပါသည်။

mgyoe.com

ဤကြိုတင်ပြင်ဆင်မှုများ လုပ်ပြီးသည်နှင့် တစ်ပြိုင်နက် တောအုပ်တွင်းမှ ဒီမီယန်၏ အော်ဟစ်သံကို ကျွန်တော် ကြားလိုက်ရသည်။

"သူ ထလာပြီဟေ့၊ သူ ထလာပြီ"

ဒီမီယန် စတင်ပြီး အော်လိုက်သည့်အတွက် အဝိုင်းလိုက် လူခွဲ၍ ရပ်နေကြသော လယ်သမားများထံမှ အသံမျိုးစုံဖြင့် အော်သံများ ထွက်ပေါ်လာသည်။

"ဟူး... အား၊ ဝူး... ဝူး၊ ဝါး... ဝေး"

"အေး... ဟေး... ဟေး"

မိန်းမများ၏ စူးစူးရဲရဲအော်သံများလည်း ထွက်ပေါ်လာနေသည်။

ဝက်ဝံသည် လူအုပ်၏အလယ်တွင် ရောက်နေပြီဖြစ်သည်။ ဒီမီယန်သည် ဝက်ဝံအား နောက်မှနေ၍ မောင်းနှင်ပေးလျက်ရှိပြီး ကျန်လူစုက အဆက်မပြတ် ငြာသံပေး၍အော်ကာ ခြောက်လှန့်ပေးနေကြသည်။ ကျွန်တော့်မိတ်ဆွေနှင့် ကျွန်တော်သည် မလှုပ်မယှက်ရပ်ကာ ကျွန်တော်တို့ဘက် ဝက်ဝံရောက်အလာကို စောင့်မျှော်နေကြသည်။ ကျွန်တော့်နှလုံးခုန်သံသည် ပြင်းထန်လာလျက်ရှိသကဲ့သို့ တစ်ကိုယ်လုံး တုန်ယင်လှုပ်ရှားနေသည်။ သို့သော်လည်း လက်ထဲမှ သေနတ်ကိုတော့ သတိကြီးစွာထား၍ မြဲမြံစွာ ဆုပ်ကိုင်ထားပါသည်။

"ဒီကောင် ရောက်လာတော့မယ်၊ ငါ့သေနတ်နဲ့ ကျကျနန ချိန်ပစ်ရင် လဲမှာပဲ၊ ဒီတော့ကာ"

ကျွန်တော့်အတွေးမဆုံးမီ ကျွန်တော့်ဘယ်ဘက်အတော်ဝေးဝေး တစ်နေရာရှိ ဆီးနှင်းပြင်ပေါ် လေးလံသော အရာဝတ္ထုတစ်ခု လဲကျသံ ကြားလိုက်ရ၏။ ကျွန်တော်သည် ထင်းရှူးပင် မြင့်မြင့်ကြီးများကြားသို့ ဖျတ်ခနဲ လှည့်ကြည့်သည်။ ခြေလှမ်း ၅၀ ခန့်အကွာ သစ်ပင်စည်ကြီးများနောက်တွင် ကြီးမားသော မည်းမည်းသဏ္ဍာန်ကြီးတစ်ခု၊ ကျွန်တော် သေနတ်နှင့် လှမ်းချိန်ထားသည်။

"ဒီအကောင် ငါ့ဘက်ကို ပိုပြီးနီးအောင် လာလေမလား"

ဟု တွေးမိသည်။

ကျွန်တော် စောင့်ကြည့်နေခိုက်မှာပင် နားရွက်များ ခတ်ကာ နောက်ပြန်လှည့်သွားသည်ကို တွေ့လိုက်ရ၏။ ထို့နောက်တော့ သူ့တစ်ကိုယ်လုံးကို ပီပြင်ထင်ရှားစွာ မြင်လာရသည်။ ရောမ အကောင်ကြီးပေတည်း။ အလွန်စိတ်လှုပ်ရှားနေသော ကျွန်တော်သည် ဝက်ဝံကြီးဘက်သို့ သေနတ်ဖြင့်ချိန်၍ ပစ်လိုက်သည်။ ကျွန်တော့်

mgyoe.com

ကျည်ဆန်သည် သစ်ပင်တစ်ပင်ကို ဝင်မှန်သည်။ ယမ်းငွေ့များကြားမှနေ၍ တစ်ချက်မျှ ချောင်းကြည့်လိုက်မိ၏။ ဝက်ဝံသည် ချာလပတ်လှည့်ကာ သစ်ပင်များကြားတွင် ဝင်ရောက် ပျောက်ကွယ်သွားပါသည်။

"သွားပြီ"

ဟု ကျွန်တော် တွေးလိုက်မိသည်။

"အခွင့်ကောင်းတော့ လွတ်သွားပြီ။ ဒီကောင် ငါ့ဘက်ကို ပြန်လာမှာ မဟုတ်တော့ဘူး။ ငါ့မိတ်ဆွေက ပစ်လို့မိရင်မိ၊ မမိရင် တောခြောက်သမားတွေကြားက လွတ်ထွက်သွားမှာပဲ၊ ဘယ်လိုပဲဖြစ်ဖြစ် ငါ့အဖို့တော့သွားပြီ၊ ဒီကောင် နောက်တစ်ကြိမ် ငါ့ဘက်ပြန်မလာမှာတော့ သေချာသွားပြီ"

ကျွန်တော့်သေနတ်တွင် ကျည်ဆန်ထပ်ထည့်ကာ နောက်တစ်ကြိမ် ရပ်၍ နားစွင့်နေသည်။ တောခြောက်သူများ၏ အော်ဟစ်သံများသည် သောသောညံလျက်ပင် ရှိနေသေးသည်။ တစ်ခဏမျှအကြာတွင် ကျွန်တော့်မိတ်ဆွေ ရပ်နေသော နေရာနှင့် မလှမ်းမကမ်း ညာဘက် တစ်နေရာမှ မိန်းမတစ်ယောက်၏ အလန့်တကြား အော်ဟစ်သံ ကြားရသည်။

"သူ... ဒီဘက်မှာ၊ သူ... ဒီဘက်ကို ရောက်နေပြီ၊ ဒီဘက်ကို လာကြပါ။ ဒီဘက်ကို လာကြပါ၊ အိုး... အိုး... အင်း"

ထိုမိန်းမ ဝက်ဝံကို မြင်သည်မှာ ထင်ရှားသည်။ ကျွန်တော်ကတော့ ကျွန်တော့်ဘက် ရောက်လာလိမ့်မည်ဟူသော မျှော်လင့်ချက်ကို စွန့်လွှတ်လိုက်ပြီ။ ထို့ကြောင့်လည်း ကျွန်တော်သည် ကျွန်တော့်ညာဘက်ရှိ မိတ်ဆွေထံသို့ လှမ်းမျှော်ကြည့်နေမိသည်။ ထိုအခိုက်တွင် လက်တစ်ဖက်မှ တုတ်ကိုမြှောက်၍ နှင်းစီးဖိနပ်မပါဘဲ ကျွန်တော့်မိတ်ဆွေဘက်သို့ ပြေးသွားနေသော ဒီမီယန်ကို မြင်လိုက်ရ၏။ ဒီမီယန်သည် မိတ်ဆွေ၏ဘေးတွင် လေးဖက်ကုန်းကာ လက်ထဲမှ တုတ်ဖြင့် တစ်စုံတစ်ခုကို ညွှန်ပြနေသည်။ ထို့နောက် ကျွန်တော့်မိတ်ဆွေသည် သူ့သေနတ်ကို မြှောက်၍ ချိန်ရွယ်ပစ်လိုက်သည်ကို တွေ့လိုက်ရ၏။

"သူ့လက်ချက်နဲ့ ဝက်ဝံတော့ ကြွသွားပြီ"

ဟု ကျွန်တော် တွေးမိသည်။

သို့သော်လည်း ကျွန်တော့်မိတ်ဆွေ ဝက်ဝံဘက်ပြေးသွားသည်ကို မမြင်ရပါ။ ဤပုံကို မြင်ရုံမျှဖြင့် သူ့ပစ်ချက်သည် ဝက်ဝံကို မထိသည်မှာ သေချာလျက်ရှိသည်။

mgyoe.com

mgyoe.com SAMPLE BOOK

"ဝက်ဝံတော့ လွတ်ပြေးဦးတော့မှာပဲ"

ဟု ကျွန်တော် တွေးသည်။

"နောက်ဘက်ကို လှည့်ပြေးမယ်ထင်တယ်၊ ငါ့ဘက်ကိုတော့ ဘယ်နည်းနဲ့မှ ဒုတိယတစ်ခေါက် လာမှာမဟုတ်ဘူး၊ ဒါပေမဲ့ ဟား... ဟိုကလာနေတာ ဘာပါလိမ့်"

ကျွန်တော့်ဘက်သို့ အရှိန်အဟုန်ဖြင့် ရွေ့လျားနေသည့် အရာတစ်ခု။ နှာမှုတ်သံ ရှူးရှူးရှဲရှဲများကိုလည်း ကြားနေရသည်။ ပြီးတော့ အပေါ်သို့ လွင့်တက်နေသည့် နှင်းမှုန် နှင်းခဲများ။ ကျွန်တော် ရှေ့တည့်တည့်ကို အသေအချာ ထပ်ကြည့်သည်။ ထင်းရှူးပင်များကြားရှိ လူသွားလမ်းပေါ်အတိုင်း ကျွန်တော့်ဘက် ပြေးလာနေသည့် ဝက်ဝံ။ ကြောက်လန့်တကြား ပြေးလာနေခြင်းဖြစ်၏။

ကျွန်တော်နှင့် ခြေလှမ်း ခြောက်လှမ်းအကွာသို့ ရောက်လာသည့်အခါတွင်မူ သူ့တစ်ကိုယ်လုံးကို ကျွန်တော် ပြက်ပြက်ထင်ထင် မြင်ရသည်။ သူ၏ မည်းနက်သော ရင်ဘတ်ထိပ်လယ်တွင် အနီကွက်တစ်ကွက်နှင့် အလွန်ကြီးမားသော ဦးခေါင်း၊ ကျွန်တော့်ထံသို့ ကမူးရှူးထိုးနှင့် ပြေးလာနေခြင်းဖြစ်၏။

သူပြေးလာနေသော လမ်းတစ်လျှောက်တွင် ဆီးနှင်းများသည် ဖွာလန်ကြဲကာ လွင့်စဉ်နေကြသည်။ သူ့မျက်လုံးများ၏ အရိပ်အခြည်ကို ကြည့်ရှုံမှုဖြင့် သူ ကျွန်တော့်ကို မမြင်သည်မှာ ထင်ရှားနေပါသည်။

အမှန်တော့လည်း သူသည် ကြောက်စိတ်ဖြင့် အရူးအမူးဖြစ်နေခြင်းဖြစ်၏။ သူ့အနေဖြင့် ကျွန်တော့်ကို မမြင်သည်မှာလည်း တကယ်မမြင်ခြင်းဖြစ်၏။ သူပြေးလာနေသည့်လမ်းက ကျွန်တော်ရပ်နေသော သစ်ပင်ဆီသို့ တည့်တည့်မတ်မတ် ရှိနေ၍သာ ကျွန်တော့်ထံ ရောက်လာခြင်းပေတည်း။

ကျွန်တော်သည် လက်ထဲမှ သေနတ်ဖြင့် ဆီး၍ပစ်သည်။ သူသည် ကျွန်တော်နှင့် ဝင်တိုက်မိတော့မလိုပင် ဖြစ်လာသည်။ ကျွန်တော့်ကျည်ဆန်သည် လွဲသွားပြန်လေပြီ။ သူ့ကိုကြည့်ရသည်မှာ ကျွန်တော် ပစ်လိုက်သည့် သေနတ်သံကိုပင် ကြားဟန်မတူပါ။ ကျွန်တော်သည် သေနတ်ကို အောက်သို့ နှိမ့်ကာ နောက်တစ်ချက် ထပ်ပစ်သည်။ သည်တစ်ချီတော့ ကျွန်တော့်ကျည်ဆန်သည် သူ့ကိုထိမှန်သည်။ သို့သော်လည်း သေလောက်သည့်ဒဏ်ရာ ဟုတ်ပုံမရ။

ဝက်ဝံ၏ ဦးခေါင်းသည် ထောင်လာသည်။ နားရွက်များကို နောက်ပစ်ကာ ပါးစပ်ကိုဖြဲ၍ ကျွန်တော့်ထံ ပြေးဝင်လာသည်။

mgyoe.com

mgyoe.com SAMPLE BOOK

ကျွန်တော်သည် ထင်းရှူးပင်၌ ထောင်ထားသည့် သေနတ်ကို လှမ်းယူသည်။ သို့သော်လည်း ကျွန်တော့်လက် သေနတ်ဆီမရောက်မီ ဝက်ဝံက ကျွန်တော့်အပေါ် ခုန်အုပ်သည်။ ကျွန်တော် ဆီးနှင်းပြင်ပေါ် လဲကျသွားသည်။ သူသည် အရှိန်လွန်ကာ ကျွန်တော့်အပေါ်မှ ကျော်သွားသည်။

"ဒီအကောင်ကြီး ငါ့ကိုလွတ်ထားခဲ့ပြီ၊ တော်ပါသေးရဲ့"

ကျွန်တော်သည် လဲနေရာမှကျုံးထသည်၊ သို့သော်လည်း ထ၍မရ။ ကျွန်တော့် အပေါ်မှ လေးလံသော အရာကြီးတစ်ခုက ဖိထားသည်။ ဘာများပါလိမ့်။ အမှန်တော့ ဝက်ဝံသည် အရှိန်လွန်ကာ ကျွန်တော့်အပေါ်မှ ကျော်သွားခဲ့ခြင်းဖြစ်သည်။ ထို့နောက် ချက်ချင်းပြန်လှည့်ပြီး ကျွန်တော့်ဘက်အလာတွင် ကျွန်တော့်အပေါ် လဲကျလာခြင်း ဖြစ်၏။

ကျွန်တော့်မျက်နှာကို လာ၍ဟပ်နေသည့် အပူငွေ့၊ ကျွန်တော့်မျက်နှာကို သူ့ပါးစပ်ထဲ ဆွဲသွင်းနေခြင်းဖြစ်သည်။ ကျွန်တော့်နှာခေါင်းသည် သူ့ပါးစပ်ထဲ ရောက် နေပြီ။ ကျွန်တော့်နှာခေါင်းသည် အပူရှိန်ကိုသာမက သွေးနံ့ကိုပါ ရှူရှိုက်နေရသည်။ သူ့လက်သည်းများက ကျွန်တော့်ပခုံးများကို တအားကုန် ဖိနှိပ်ထားသဖြင့် ကျွန်တော် လှုပ်ရှား၍ မရပါ။ ရုန်းကန်လှုပ်ရှားဖို့ အားထုတ်ပါသော်လည်း အချည်းနှီး ဖြစ်ရပါ သည်။

ကျွန်တော် လုပ်နိုင်သည့်အရာဆို၍ တစ်ခုတည်းသာ ရှိပါသည်။ ကျွန်တော့် ဦးခေါင်းကို သူ့ပါးစပ်နှင့်ဝေးရာသို့ တိမ်းဖယ်နေရခြင်းဖြစ်သည်။ ဝက်ဝံက ကိုက်ရန် အားထုတ်နေသည့် ကျွန်တော့်နှာခေါင်းနှင့် မျက်လုံးများကို သူ့ပါးစပ်နှင့်ဝေးအောင် ရှောင်တိမ်းဖုံးကာနေရခြင်းဖြစ်ပါသည်။ ဤအတောအတွင်းမှာပင် သူ့အောက်သွား များသည် ကျွန်တော့်နဖူးကို ခဲမိသည်။ မျက်လုံးများအောက်ရှိ အသားများသည် သူ့အပေါ်သွားများ၏ ခြစ်ဆွဲခြင်းကို ခံရသည်။ ကျွန်တော့်မျက်နှာကို ဓားနှင့် အလှီး ခံနေရသည့်နှယ် ခံစားရပါသည်။ ကျွန်တော် အတင်းအဓမ္မ အကျောက်အကန် ရုန်းသည်။ သူကလည်း မိမိရရကို မိရန် အဆက်မပြတ် အားထုတ်သည်။ ကျွန်တော့် မျက်နှာတစ်ခုလုံး သူ့ပါးစပ်တွင်းသို့ ရောက်လုလုဖြစ်နေလေပြီ။

"သွားပြီ၊ ငါသေတော့မှာပဲ"

ဟု ကျွန်တော် တွေးသည်။

ထို့နောက် ကျွန်တော့်အား အပေါ်မှဖိထားသည့် အလေးချိန်သည် ဖျတ်ခနဲ

mgyoe.com

ပျောက်သွားသည်။ ကျွန်တော် မော့ကြည့်လိုက်သည့်အခါ ကျွန်တော့်ကိုယ်ပေါ်မှ ခုန်ထကာ ထွက်ပြေးသွားသည့် ဝက်ဝံကြီးကို မြင်လိုက်ရပါသည်။

ကျွန်တော့်အဖြစ်ကို မြင်လိုက်ကြသော ကျွန်တော့်မိတ်ဆွေနှင့် ဒီမီယန်တို့သည် ကျွန်တော့်အား ကူညီရန် ပြေးလာကြသည်။ သို့သော်လည်း ကျွန်တော့်မိတ်ဆွေသည် ကျွန်တော့်ထံ ရောက်မလာ။ ဆီးနှင်းပြင်ထဲ နစ်ဝင်ကာ ပြန်အထတွင် ချော်လဲသည်။ သူပြန်ထရန် ကြိုးပမ်းနေခိုက်တွင် ဝက်ဝံက ကျွန်တော့်အား ကိုက်ခဲစပြုနေပြီ။ ထိုအခါ လက်ထဲတွင် တုတ်တစ်ချောင်းသာရှိနေသော ဒီမီယန်သည် လမ်းမအတိုင်း အော်ဟစ်ပြီး ပြေးလာသည်။

"သခင့်ကို ဝက်ဝံကိုက်နေပြီ... သခင့်ကို ဝက်ဝံကိုက်နေပြီ"

ပြေးလာနေရင်းမှာပင် ဒီမီယန်သည် ဝက်ဝံကို အော်ငေါက်ပြီး ခြောက်သည်။

"ဟေ့ကောင်... သွား... ထွက်သွား... သွားလိုက်... လွှတ်လိုက်"

ဝက်ဝံသည် သူခြောက်သည့်အတိုင်း ကျွန်တော့်အား လွှတ်ချထားခဲ့ပြီး ထွက်ပြေးသည်။ ကျွန်တော်သည် လဲကျနေရာမှ ကုန်းရုန်း၍ ထသည်။ ဆီးနှင်းပြင်ပေါ်တွင် သွေးများသည် ခြင်းခြင်းနီသွားသည်။ ကျွန်တော့်မျက်လုံးများ အထက်ရှိ အသားများသည် စုတ်ပြဲကာ တွဲလောင်းကျနေကြသည်။ သို့သော်လည်း စိတ်လှုပ်ရှားပြီး သွေးပူနေသဖြင့် နာကျင်သည့်ဝေဒနာကို လုံးဝမသိ။

ထိုအချိန်တွင် ကျွန်တော့်မိတ်ဆွေသည် ကျွန်တော့်အနီးသို့ ရောက်လာသည်။ အခြားလူများလည်း ဝိုင်းအုံလာကြသည်။ သူတို့သည် ကျွန်တော့်ဒဏ်ရာများကို ကြည့်ကာ နှင်းခဲများဖြင့် အုပ်ပေးကြသည်။ ကျွန်တော်သည် ကိုယ်ရထားသည့် ဒဏ်ရာများကိုပင် သတိမရ၊ ဝက်ဝံအကြောင်းကိုသာ မေးမိသည်။

"ဝက်ဝံ ဘယ်ရောက်သွားပြီလဲ၊ သူ ဘယ်ဘက်ထွက်ပြေးသွားသလဲ"

ထိုအခိုက်တွင် ရုတ်တရက် အော်လိုက်သည့်အသံကို ကျွန်တော် ကြားရသည်။

"ဝက်ဝံကြီး ဒီမှာဗျို့၊ ဒီမှာဗျ"

ကျွန်တော်တို့ထံပြေးလာနေသည့် ဝက်ဝံကို မြင်ကြရပြန်သည်။ ကျွန်တော်တို့အားလုံး သေနတ်များကို ဆွဲကိုင်ကြသည်။ သို့သော်လည်း တစ်ဦးတစ်ယောက်ကမျှ သေနတ်နှင့် မပစ်နိုင်မီ ဝက်ဝံသည် ကျွန်တော်တို့အား ကျော်ဖြတ်သွားသည်။ ဝက်ဝံသည် ရက်စက်ကြမ်းကြုတ်သော စိတ်ဝင်နေပြီဖြစ်၍ ကျွန်တော့်အား ထပ်မံကိုက်ခဲရန် ပြန်လာခြင်းဖြစ်၏။ သို့သော်လည်း လူအများစုဝေးနေသည်ကို မြင်သဖြင့် လန့်ဖျပ်ပြီး

mgyone.com

ထွက်ပြေးသွားခြင်းပေတည်း။

သူ ပြေးသွားနေခိုက်တွင် သူ့ခေါင်းမှသွေးများ ယိုစိမ့်ထွက်နေသည်ကို ကျွန်တော် မြင်တွေ့လိုက်ရသည်။ ကျွန်တော်တို့သည် ဝက်ဝံနောက်သို့ လိုက်လိုကြသည်။ သို့သော်လည်း ကျွန်တော့်ဒဏ်ရာများက များစွာ နာကျင်လျက်ရှိသဖြင့် ဝက်ဝံနောက် မလိုက်တော့ဘဲ ဆရာဝန်ပြရန် မြို့ပေါ်သို့ အလျင်အမြန် ပြန်လာခဲ့ကြလေသည်။

ဆရာဝန်က ကျွန်တော့်ဒဏ်ရာများကို ချုပ်ပေးသည်။ မကြာခင်မှာပင် ဒဏ်ရာများ ပျောက်ကင်းသွားခဲ့ပါသည်။

နောက် တစ်လခန့်အကြာတွင် ကျွန်တော်တို့သည် ထိုဝက်ဝံကိုဖမ်းမိရန် အမဲလိုက်ထွက်ခဲ့ပြန်သည်။ သို့သော်လည်း ကျွန်တော် သူ့ကို လက်စသတ်ခွင့် မရလိုက်ပါ။ သူသည် တောထဲ၌ တလည်လည် လှည့်သွားကာ ကြောက်မက်ဖွယ်ကောင်းသည့် အသံဖြင့် အော်ဟစ်ညည်းညူလျက်ရှိပါသည်။

ဝက်ဝံကို ဒီမီယန်က သတ်ပစ်လိုက်သည်။ ကျွန်တော့်ကျည်ဆန်ကြောင့် ဝက်ဝံသည် အောက်မေးရိုးကျိုးကာ သွားများပြုတ်ထွက်နေသည်ကို တွေ့ရသည်။ အလွန့်အလွန်ကြီးမားသော ဝက်ဝံကြီးဖြစ်သဖြင့် သူ၏အနက်ရောင်သားမွေးသည် တခမ်းတနား ရှိလှပါဘိခြင်း။

ကျွန်တော် အဆာသွတ်ထားသည့် သူ့ရုပ်တုသည် ယခုအခါတွင် ကျွန်တော့်အခန်းထဲ၌ ရှိနေပါသည်။ ကျွန်တော့်နဖူးမှ ဒဏ်ရာများမှာမူ လုံးဝပျောက်ကင်းသွားပြီဖြစ်၍ အမာရွတ်ကိုပင် မမြင်နိုင်တော့ပါ။

(၁၈၇၂ ခုနှစ်တွင် ရေးသည်။)

Leo Tolstoy ၏ Twenty-Three Tales မှ

The Bear-Hunt ကို ပြန်ဆိုသည်။

□

mgyoe.com

mgyoe.com SAMPLE BOOK

အပိုင်း–နှစ်
လူအများကြိုက် ပုံပြင်များ

mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

[၄]
လူတွေ ဘာနဲ့နေကြသလဲ

ကျွန်ုပ်တို့သည် သေခြင်းမှ လွတ်မြောက်ကာ တစ်ဖန်ပြန်၍ ရှင်သန်ခြင်းသို့ ရောက်ကြရ၏။ အဘယ်ကြောင့်နည်း။ ညီအစ်ကိုတော်အချင်းချင်း မေတ္တာထားနိုင်ကြ၍ဖြစ်၏။ မေတ္တာတရားထားနိုင်သူသည် သေခြင်းတွင် မေ့လျော့ခြင်းမရှိ။

ကောင်းမြတ်သော စိတ်နေစိတ်ထားနှင့် အကျင့်စရိုက်ရှိသူ၊ ဆင်းရဲဒုက္ခရောက်နေသူများအား ကူညီစောင့်ရှောက်သူ၊ အချင်းချင်း ကရုဏာတရားထားသူ မည်သူတွင်မဆို ဘုရားသခင်၏ မေတ္တာတော်သည် ကိန်းအောင်းမွေ့လျော်၏။ အို... ကျွန်ုပ်၏ သားသမီးများ၊ သင်တို့၏ ပါး၊ သင်တို့၏လျှာဖြင့်သာ မေတ္တာထားခြင်းသည် ပြည့်စုံလုံလောက်ခြင်းမရှိ။ မေတ္တာဟူသည် လက်တွေ့ပြရသောအရာဖြစ်သည်။ လက်တွေ့ အပြုအမူဖြင့်ပြမှသာ ပြည့်စုံလုံလောက်သောအရာဖြစ်၏။

မေတ္တာသည် ဘုရားသခင်၏အရာဖြစ်သည်။ မေတ္တာထားသူတိုင်း၏ ရင်တွင် ဘုရားသခင်သည် တည်ရှိ၏။ မေတ္တာထားသူတိုင်းသည် ဘုရားသခင်ကို သိ၏။ မေတ္တာမထားသူသည် ဘုရားသခင် မသိ၊ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်သည် မေတ္တာဖြစ်ခြင်းကြောင့်ပေတည်း။

ဘုရားသခင်သည် မည်သူ့ထံမှ အမြဲတစေ တည်ရှိနေသည်မဟုတ်။ အကယ်၍သာ ကျွန်ုပ်တို့သည် တစ်ဦးအပေါ်တစ်ဦး မေတ္တာထားနိုင်ကြပါမူကား ဘုရားသခင်သည် ကျွန်ုပ်တို့ထံတွင် အမြဲတစေ ကိန်းအောင်းနေလိမ့်မည်။

mgyoe.com

ဘုရားသခင်သည် မေတ္တာဖြစ်၏။ မေတ္တာနှင့် နေသူသည် ဘုရားသခင်နှင့် နေသူဖြစ်၍ ဘုရားသခင်သည် ထိုသူ၏ထဲတွင် အမြဲတစေ ရှိနေပေလိမ့်မည်။

အကယ်၍ လူတစ်ယောက်သည် ဘုရားသခင်အား ချစ်မြတ်နိုးပါသည်ဟု ဆို၏။ သူ့ညီအစ်ကိုတော်ကို မုန်းတီး၏။ ထိုလူ လူလိမ်တစ်ဦးဖြစ်သည်။ အဘယ်ကြောင့်နည်း။ သူ့မျက်စိဖြင့် တွေ့နေရသည့် ညီအစ်ကိုတော်အား မချစ်၊ မခင်နိုင်သော ထိုသူသည် သူ့မျက်စိဖြင့် မမြင်မတွေ့နိုင်သော ဘုရားသခင်အား အဘယ်မှာလျှင် ချစ်နိုင်ပါမည်နည်း၊

*

(၁)

ဆိုင်မွန်အမည်ရှိ ဖိနပ်ချုပ်သမားတစ်ယောက်သည် အိမ်ပိုင်လည်းမရှိ။ မြေပိုင်၊ ယာပိုင်လည်းမရှိ။ သူ့မိန်းမ၊ သူ့ကလေးများနှင့်အတူ လယ်သမားတစ်ယောက်၏ တဲတွင် နေထိုင်ကာ သူ့လုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုနေသည်။ အလုပ်က ဈေးပေါသော်လည်း ပေါင်မုန့်ကတော့ ရှားပါးလှချေသည်။ သူ့အလုပ်မှ ရလာသမျှ ငွေကို အစားအစာအတွက် သုံးရသည်နှင့်ပင် ကုန်ခန်းလျက်ရှိ၏။

ဆိုင်မွန်တို့ လင်မယားနှစ်ယောက်တွင် ဆောင်းရာသီဝတ်ဖို့ အနွေးထည်ဆို၍ သိုးရေကုတ်အင်္ကျီတစ်ထည်သာ ရှိ၏။ ထိုတစ်ထည်တည်းသော အနွေးထည်မှာလည်း မြင်မကောင်းအောင်ပင် အပေါက်အပြဲတွေ ဗရပွဖြစ်နေပြီ။ ထိုအနွေးထည်ကို သုံးလာခဲ့ရသည်မှာ ဒုတိယနှစ်အတွင်းသို့ပင် ဆိုက်ရောက်လာခဲ့လေပြီ။ ဤဒုတိယနှစ်တွင်မူ သူသည် နောက်ထပ် အနွေးထည် အသစ်တစ်ထည်ချုပ်ဖို့အတွက် သိုးရေများ ဝယ်လို၏။

ထို့ကြောင့် ထိုနှစ်ဆောင်းဥတုမဝင်မီ ဆိုင်မွန်သည် ငွေအနည်းငယ်စုသည်။ သူ့မိန်းမ၏ ဘူးကလေးထဲတွင် ငွေစက္ကူ သုံးရူဘယ် ဝှက်ထားနိုင်ခဲ့ပြီ။ ရွာထဲရှိ သူ့ဖောက်သည်များထံမှ သူရစရာရှိသည့် အကြွေးမှာ ငါးရူဘယ်နှင့် ကိုပက် ၂၀ (*) ပင် ရှိနေပြီဖြစ်၏။

ဤသို့ဖြင့် ဆိုင်မွန်သည် တစ်နေ့သော နံနက်တွင် ရွာထဲသို့သွား၍ သိုးရေများ

---

* ကိုပက်ပြား ၁၀၀ သည် တစ်ရူဘယ်ဖြစ်၍ တစ်ကိုပက်သည် အင်္ဂလိပ်ငွေ တစ်ဖာသင်နှင့် ညီမျှသည်။

mgyoe.com

ဝယ်ရန် ပြင်ဆင်သည်။ သူသည် ရှပ်အင်္ကျီပေါ်မှထပ်၍ သူ့မိန်းမ၏ ဂွမ်းခံထားသည့် ဂျက်ကက်အင်္ကျီကို ဝတ်သည်။ ပြီးမှ သူ့ကုတ်အင်္ကျီကို ထပ်ဝတ်သည်။ သူစုထားသည့် သုံးရူဘယ် ငွေစက္ကူများကို အိတ်ကပ်ထဲထည့်သည်။ တောင်ဝှေးအဖြစ် အသုံးပြုသွားရန်အတွက် တုတ်တစ်ချောင်းဖြတ်ယူသည်။ ထို့နောက် နံနက်စာစားပြီးပြီးချင်း ခရီးထွက်သည်။

"ငါ့အကြွေး ငါးရူဘယ်ကို ဝင်တောင်းမယ်"

ဟု သူတွေးသည်။

"အဲဒီ ငါးရူဘယ်နဲ့ စုထားတဲ့သုံးရူဘယ် ပေါင်းလိုက်ရင် ဆောင်းတွင်းအနွေးထည်အတွက် သိုးရေဝယ်ဖို့တော့ လုံလောက်မှာပါ"

သူသည် ရွာထဲသို့ဝင်လာခဲ့ပြီး လယ်သမားတစ်ယောက်တဲသို့ သွားသည်။ သို့သော်လည်း အိမ်တွင် အိမ်ရှင်လယ်သမားမရှိပေ။ လယ်သမား၏မိန်းမက ပေးစရာရှိသောကြွေးကို နောက်အပတ်တွင် ပေးပါမည်ဟုသာ ကတိပြုသည်။

သူကိုယ်တိုင်ကတော့ ငွေကို မပေးပေ။ ထိုအခါ ဆိုင်မွန်သည် နောက်တစ်တဲသို့ သွားပြန်သည်။ ဤလယ်သမားကမူ သူ့တွင်ငွေမရှိကြောင်း ကျိန်တွယ်ပြောဆိုပြီး ဆိုင်မွန် ပြင်ပေးခဲ့သော ရှူးဖိနပ်နှစ်ရန်အတွက် ကိုပက် ၂၀ သာလျှင် ပေးမည်ဟု ပြောလိုက်သည်။ ဤသို့ဖြင့် ဆိုင်မွန်သည် သူရလိုသည့်သိုးရေကို အကြွေးဝယ်ရန် အားထုတ်သည်။ သို့သော်လည်း ဈေးသည်က ဆိုင်မွန်အား မယုံကြည်။

"ငွေသာ ယူခဲ့ပါ"

ဟု ဆိုင်ရှင်က ပြောသည်။

"အဲ... ဒီကျတော့ ခင်ဗျားလိုချင်တဲ့သိုးရေ ရမှာပေါ့။ ကြွေးဆိုတာမျိုးက တောင်းရတာ ခက်တယ်မဟုတ်လား"

ဤသို့ဖြင့် ဖိနပ်ချုပ်သမား ဆိုင်မွန်သည် သူပြင်ပေးခဲ့သည့် ရှူးဖိနပ် နှစ်ရန်အတွက် ရလာသော အကြွေး ကိုပက် ၂၀ နှင့် လယ်သမားတစ်ယောက်က သားရေခွာ အသစ်ပြန်ရိုက်ရန် အပ်လိုက်သော ရှူးဖိနပ်တစ်ရန်ကိုယူကာ အိမ်ပြန်ရမည့်အဖြစ်နှင့် ရင်ဆိုင်ရသည်။

ဆိုင်မွန်သည် များစွာ စိတ်ထိခိုက်ကြေကွဲခြင်းဖြစ်သည်။ ရလာသည့် အကြွေးငွေ ကိုပက် ၂၀ နှင့် ဗော့ဒ်ခါ ဝယ်သောက်ပြီး သိုးရေဟူ၍ တစ်ချပ်မျှမပါဘဲ အိမ်သို့ပြန်လာခဲ့ရ၏။ မနက်တုန်းကတော့ သူသည် ဆီးနှင်းကြောင့် အအေးဒဏ်ကို

mgyoe.com

ခံခဲ့ရသော်လည်း အခုအပြန်ကျတော့ သိုးရေ ကုတ်အင်္ကျီမပါသော်လည်း သောက်လာခဲ့သည့် ဗော့ဒ်ခါအရှိန်ကြောင့် နွေးနွေးထွေးထွေးရှိလာသည်။ သူသည် ဆီးနှင်းခဲနေသော မြေပြင်ကို တုတ်ဖြင့်ထောက်ကာ လက်တစ်ဖက်ဖြင့် ဆွဲလာသော ရှူးဖိနပ်များကို ယမ်း၍ နှေးကွေးလေးကန်စွာ လျှောက်သွားလျက်ရှိသည်။

"အခုကျတော့လည်း သိုးရေကုတ်အင်္ကျီမပါဘဲနဲ့ နွေးနေသားပဲ"

ဟု သူ့ကိုယ်သူ ပြောသည်။

"အရက်တစ်စက်လောက်က ငါ့တစ်ကိုယ်လုံးမှာရှိတဲ့ အကြောတွေထဲ စိမ့်ဝင်သွားတာကိုး၊ ငါ့မှာ သိုးရေရှိဖို့ မလိုတော့ဘူး၊ အခြားပူစရာလည်း ဘာမှမရှိတော့ဘူး။ ငါဆိုတဲ့ကောင်က အဲသလို လူစားကွ၊ ငါ့အဖို့ ဘာဂရုစိုက်နေစရာလိုလဲ၊ သိုးရေမရှိဘဲလည်း နေလို့ရတာပဲ၊ ငါ့အတွက် သိုးရေမလိုပါဘူး"

"အင်း... ငါ့မိန်းမကတော့ စိတ်ဆိုးမှာပဲ၊ ဒါကတော့ သေချာတယ်။ ဟုတ်တာပေါ့၊ စဉ်းစားကြည့်ရင် ရှက်စရာကောင်းတယ်။ လူတစ်ယောက်ဟာ တစ်နေ့လုံး အလုပ်လုပ်ရပြီး၊ လုပ်ခငွေကျတော့ မရဘူး။ အဲဒါ ကောင်းသလား၊ တော့်မှာ ငွေမပါလာလို့ကတော့ အရေခွံခွာပစ်မယ်လို့ ပြောရင် ဘယ့်နှယ်လုပ်မလဲ"

"သူပေးလိုက်တာက ကိုပက် ၂၀ တည်းရယ်၊ ဒီကိုပက် ၂၀ နဲ့ ငါဘာလုပ်လို့ရမှာလဲ၊ အခု အရက်သောက်ပစ်လိုက်ပြီ။ ဒီငွေလောက်ကတော့ ဒါပဲလုပ်လို့ရမှာပေါ့။ သူပြောလိုက်တာ ဘာတဲ့၊ သိပ်ကို ကျပ်တည်းတာပဲတဲ့။ ဟုတ်ချင် ဟုတ်မှာပေါ့လေ။ ဒါပေမဲ့ ငါ့မှာကော ဘယ်လိုလဲ၊ ခင်ဗျားက အိမ်နဲ့နွားတွေရှိသေးတယ်၊ ကျုပ်မှာ ဘာမှမရှိဘူး။ ခင်ဗျားက ဂျုံကို ခင်ဗျားဘာသာ ခင်ဗျားစိုက်တာ၊ ကျုပ်က အပြင်က ဝယ်စားရတာ၊ ပေါင်မုန့်တစ်မျိုးတည်းအတွက် တစ်ပတ်ကို သုံးရူဘယ် သုံးနေရတယ်။ ကျုပ်အိမ်ပြန်ရောက်ရင် ပေါင်မုန့်က ကုန်ပြီ။ နောက်ထပ် တစ်ရူဘယ် ထပ်သုံးရဦးမှာ။ အဲဒီတော့ ခင်ဗျား ပေးစရာရှိတာသာ ပေးပါ။ ပေါက်ကရတွေ ပြောမနေပါနဲ့ဗျာ"

ထိုအချိန်တွင် သူသည် လမ်းကွေ့ရှိ တန်ဆောင်းတစ်ခုဘက်သို့ နီးကပ်လာနေပြီး သူ လှမ်းကြည့်လိုက်သည့်အခါ တန်ဆောင်းနောက်ရှိ ဖြူဖြူအရာတစ်ခုကို မြင်ရသည်။ အလင်းရောင်သည် မှေးမှိန်စပြုနေပြီ။ ဆိုင်မွန်သည် ဖြူဖြူအရာကို ထပ်၍ ချောင်းကြည့်သည်။ သို့သော်လည်း ဘာရယ်ဟု ခွဲခြား၍မသိ။

"အရင်က ဒီနေရာမှာ ကျောက်တုံးအဖြူလည်းမရှိပါဘူး။ နွားတစ်ကောင်များလား၊ နွားနဲ့လည်း မတူပါဘူး။ ခေါင်းကတော့ လူခေါင်းနဲ့တူသလိုပဲ။ ဒါပေမဲ့ သိပ်ဖြူ

mgyoe.com

mgyoe.com SAMPLE BOOK

လွန်းတယ်။ လူဆိုရင် သူဒီနေရာလာပြီး ဘာလုပ်နေတာလဲ"

သူသည် တန်ဆောင်းဘက်သို့ နီးကပ်လာသည်။ ပို၍ ပီပီပြင်ပြင် မြင်လာသည်။ လူတစ်ယောက်ဖြစ်နေသဖြင့် သူ အံ့အားသင့်လျက်ရှိ၏။ အသေလား အရှင်လား။ အကျႌမပါဘဲ ထိုင်နေခြင်း။ တန်ဆောင်းတွင်း၌ ကျောနှင့်မှီ၍ မလှုပ်မယှက် ထိုင်နေခြင်းဖြစ်၏။ ဖိနပ်ချုပ်သမား ရင်ထဲတွင် ကြောက်စိတ်ဝင်လာသည်။

"တစ်ယောက်ယောက်က သူ့ကိုသတ်ပြီး အဝတ်တွေ ချွတ်ယူသွားသလား၊ ပြီးတော့မှ သူ့ကို ဒီနေရာမှာ ပစ်ထားခဲ့တာလား၊ ငါသွားကြည့်ရင် ပြဿနာဖြစ်မှာ သေချာတယ်"

ထို့ကြောင့် သူသည် တန်ဆောင်းမှ ဖြတ်လျှောက်သည့်အခါ တန်ဆောင်းဘက်သို့ လှည့်မကြည့်၊ အတော်ဝေးဝေးရောက်ခါမှ နောက်သို့ ပြန်လှည့်ကြည့်သည်။ စောစောက သူမြင်ခဲ့ရသော လူသည် တန်ဆောင်းကို မှီရပ်နေသည်ကို မတွေ့ရတော့။ သူ့ဘက်သို့ ဦးတည်ပြီး ရွေ့လျားနေသည်။ ဆိုင်မွန်သည် စောစောကထက် ပို၍ ကြောက်လာသည်။

"ငါ သူ့ဆီပြန်လှည့်သွားရင် ကောင်းမလား၊ ဒါမှမဟုတ် ဆက်သွားရင် ကောင်းမလား"

ဟု တွေးသည်။

"တကယ်လို့ သူ့အနားရောက်သွားရင် ကြောက်စရာကောင်းတဲ့ဟာ တစ်ခုခု ဖြစ်လာမလား၊ ဒီလူ ဘယ်သူဘယ်ဝါဆိုတာ သိတဲ့လူ ရှိချင်မှရှိမယ်။ သူလာတာ အကောင်းလုပ်ဖို့လာတာ ဟုတ်ချင်မှ ဟုတ်မှာ။ ငါ သူ့နားရောက်သွားရင် ငါ့ကို ခုန်အုပ်ပြီး လည်ပင်းညှစ်ပစ်ချင်ညှစ်မှာ။ တကယ်လို့ သူက ငါထင်သလိုမဟုတ်ဘဲ ဘာမှမလုပ်ဘူးဆိုပါတော့။ သူ့အတွက် ငါ့မှာ တာဝန်တက်ချင်တက်လာမှာ။ ဒီလို ကိုယ်လုံးတီးဖြစ်နေတဲ့ လူတစ်ယောက်ဟာ ငါ့အတွက် ဘာအကျိုးရှိလာနိုင်မှာလဲ။ ငါ့အဝတ်တွေကိုလည်း ခွဲပေးဖို့ မဖြစ်နိုင်ဘူး။ အဲဒီတော့ သူနဲ့ဝေးအောင် မြန်မြန် လစ်တာ အကောင်းဆုံးဖြစ်မယ်"

ဤသို့ဖြင့် ဖိနပ်ချုပ်သမားသည် ရေးကြီးသုတ်ပျာ ခရီးဆက်သည်။ တန်ဆောင်းသည် သူ့နောက်ဘက်တွင် ဝေး၍ ဝေး၍ ကျန်ခဲ့သည်။ သို့တစေလည်း ရုတ်တရက် သူ့စိတ်သည် မလုံမလဲဖြစ်လာသည်။ သူအခုလို လုပ်နေတာ ဟုတ်မှဟုတ်ရဲ့လားဟု သံသယဝင်လာသည်။ သူလည်း ဖျတ်ခနဲ လမ်းလယ်တွင် ရပ်လိုက်မိသည်။

mgyoe.com

mgyoe.com SAMPLE BOOK

"မင်း ဘာလုပ်နေတာလဲ ဆိုင်မွန်"

ဟု သူ့ကိုယ်သူ ပြန်မေးသည်။

"ဟိုလူက ဝေါ်ပြတ်ပြီး ဒုက္ခရောက်နေတဲ့လူ ဖြစ်ချင်ဖြစ်နေမှာ။ ဝေါ်ပြတ်ပြီး သေလုမြောပါးဖြစ်နေတဲ့လူဆိုရင် မခက်ပေဘူးလား။ အဲသလို လူကို မင်းက လန့်ပြီး ရှောင်လာရသလား။ ဓားပြတွေကို ကြောက်ရွံ့နေလောက်အောင် မင်းက ချမ်းသာနေလို့လား၊ ဆိုင်မွန်ရယ်... မင်း မရှက်ဘူးလား၊ မင်းလုပ်ပုံ မဟုတ်သေးပါဘူး"

ဤသို့ဖြင့် ဆိုင်မွန်သည် နောက်သို့ ပြန်လှည့်ကာ ထိုလူ့ဘက်သို့ လျှောက်သွားသည်။

*

(၂)

ဆိုင်မွန်သည် လူစိမ်းဘက်သို့ ပြန်လျှောက်သွားပြီး အသေအချာကြည့်သည်။ လူငယ်တစ်ယောက်ဖြစ်၏။ တစ်ကိုယ်လုံး တုန်နေသည်။ ကိုယ်ပေါ်တွင် ဒဏ်ရာဒဏ်ချက်များ·အညိုအမည်း အပွန်းအပဲ့ မတွေ့ရ။ ရေခဲလုမတတ်အေးကာ ထိတ်လန့်ကြောက်ရွံ့နေသည်။ သူသည် ဆိုင်မွန်အား မော့မကြည့်။ သူ့မျက်လုံးအစုံကို ပင့်တင်ရန်ပင် အားမရှိတော့သည့် ပုံစံမျိုးဖြစ်၏။

ဆိုင်မွန်သည် လူငယ်၏အနီးသို့ တိုးသွားသည်။ လူငယ်သည် ရုတ်တရက်အိပ်ရာမှ လန့်နိုးသူလိုဖြစ်လာပြီး ဦးခေါင်းကိုမော့ကာ ဆိုင်မွန်အား ကြည့်သည်။ ထိုအကြည့်တစ်ခုတည်းနှင့်ပင် ဆိုင်မွန်သည် ထိုလူအား သဘောကျသလိုဖြစ်သွားသည်။ သူသည် လက်ထဲမှ သက္ကလတ်ရှူးဖိနပ်ကို မြေကြီးပေါ် ပစ်ချလိုက်ပြီး ခါးစည်းကိုဖြုတ်ကာ ဖိနပ်ပေါ်တင်ထားလိုက်သည်။ ထို့နောက် အပေါ်ဆုံးမှ ကုတ်အင်္ကျီကို ချွတ်လိုက်သည်။

"အခုလောလောဆယ်ကတော့ စကားပြောနေရမယ့် အချိန်မဟုတ်သေးဘူး"

ဟု ဆိုင်မွန်က ပြောသည်။

"ကဲ... ဒီကုတ်အင်္ကျီကို မြန်မြန်ဝတ်"

ဆိုင်မွန်သည် လူငယ်၏ တံတောင်ဆစ်များကို အသာအယာမပြီး ထနိုင်အောင် ထူပေးသည်။ လူငယ်၏ ခန္ဓာကိုယ်သည် သန့်ပြန့်စင်ကြယ်သည်ကို သတိထားမိသည်။ လက်များနှင့် ခြေထောက်များမှာလည်း အချိုးအစား အလွန်ပြေပြစ်သည်။

mgyoe.com

mgyoe.com SAMPLE BOOK

မျက်နှာကလည်း ကြည်လင်အေးဆေးပြီး သနားကြင်နာတတ်သည့် အရိပ်အငွေ့များ ထင်ဟပ်နေသည်။

ဆိုင်မွန်သည် သူ့ကုတ်အင်္ကျီကို လူငယ်၏ပခုံးများပေါ် တင်ပေးထားသည်။ သို့သော်လည်း လူငယ်သည် သူ့လက်များကို အင်္ကျီလက်မောင်းဖျားအတွင်းသို့ ထိုးသွင်း၍မရ။ ဆိုင်မွန်က လက်များကို ဆွဲယူပြီး လက်အပေါက်များထဲသို့ ထိုးသွင်းပေးသည်။ ကုတ်အင်္ကျီကို ဆွဲဆန့်ကာ သပ်သပ်ရပ်ရပ်ဖြစ်သွားအောင် ပြုပြင်ပေးသည်။ အင်္ကျီချပ်ချပ်ရပ်ရပ် ဖြစ်သွားသည့်အခါ ခါးစည်းနှင့် ပတ်၍ ချည်ပေးလိုက်သည်။

ဆိုင်မွန်သည် သူ့ခေါင်းမှ ကက်ဦးထုပ်ကို ချွတ်၍ လူစိမ်း၏ခေါင်းတွင် စွပ်ပေးသည်။ သို့သော်လည်း သူ့တစ်ခေါင်းလုံး အေးစိမ့်လာသည့်အခါ တစ်မျိုး တွေးမိပြန်သည်။

"ငါက ထိပ်ပြောင်နေတဲ့လူ၊ သူ့ဆံပင်တွေက အရှည်ကြီးတွေ"

သူသည် ဦးထုပ်ကို ပြန်ယူပြီး သူ့ခေါင်းတွင် ဆောင်းလိုက်သည်။

"သူ့ခြေထောက်တွေကို လုံသွားအောင် လုပ်ပေးဖို့က အရေးကြီးတယ်"

ဟု တွေးမိသောအခါ လူစိမ်းအား ပြန်ထိုင်ခိုင်းပြီး သူ့သက္ကလတ်ရှူးဖိနပ်များ စီးပေးသည်။ ပါးစပ်မှလည်း...

"ကဲ... သူငယ်ချင်း၊ လှုပ်လှုပ်ရှားရှားနေပြီး မင်းကိုယ်မင်း နွေးသွားအောင် လုပ်လိုက်ဦး၊ ကျန်တဲ့ကိစ္စတွေကို နောက်ပိုင်းကျမှ ဖြေရှင်းကြတာပေါ့၊ ဘယ့်နှယ်လဲ၊ လမ်းကော လျှောက်နိုင်ရဲ့လား"

ဟု ပြောသည်။

လူစိမ်းသည် မတ်တတ်ထရပ်ပြီး ဆိုင်မွန်အား ကြင်နာသော မျက်နှာထားဖြင့် ကြည့်သည်။ စကားတော့ တစ်ခွန်းမျှပင်မပြော။

"မင်းက ဘာပြုလို့ စကားမပြောတာလဲ"

ဟု ဆိုင်မွန်က မေးသည်။

"ဒီမှာ သိပ်အေးတယ်၊ အိမ်မြန်မြန်ရောက်အောင် ပြန်မှဖြစ်မယ်။ ရော့... ဟော ဒီမှာ တုတ်၊ တောင်ဝှေးလုပ်ပြီး လျှောက်၊ ကဲ... သွားကြစို့"

လူစိမ်းသည် ဆိုင်မွန် ခိုင်းသည့်အတိုင်း လျှောက်သည်။

"မင်းက ဘယ်ကလာတာလဲ"

ဟု ဆိုင်မွန်က မေးသည်။

mgyoe.com

 mgyoe.com SAMPLE BOOK

"ကျွန်တော် ဒီအရပ်ဒေသက မဟုတ်ဘူး"

"အေးပါ... ငါလည်း တွေးမိပါတယ်။ ဒီပတ်ဝန်းကျင်က လူတွေကို ငါသိတယ်။ မင်းက ဘယ်လိုလုပ်ပြီး နတ်ကွန်းနား ရောက်လာရတာလဲ"

"ကျွန်တော် မပြောတတ်ဘူး"

"တစ်ယောက်ယောက်က မင်းကို နှိပ်စက်လို့လား"

"တစ်ယောက်မှ မနှိပ်စက်ပါဘူး၊ ဘုရားသခင်က အပြစ်ပေးတာ ခံရတာပါ"

"ဒါပေါ့ကွာ၊ အားလုံးကို ဘုရားသခင်က အုပ်ချုပ်ထားတာကိုး၊ ဒါတောင်မှ မင်းအခု အစာနဲ့နေစရာ ရှာရဦးတော့မယ်။ မင်း ဘယ်သွားမယ် စိတ်ကူးလဲ"

"အားလုံး အတူတူပါပဲဗျာ"

ဆိုင်မွန်သည် အံ့အားသင့်လျက်ရှိ၏။ သူကြည့်ရတာ လူဆိုးနဲ့တော့ မတူပါဘူးဟု တွေးသည်။ စကားပြောပုံကလည်း နူးညံ့သားပဲ။ ဒါပေမဲ့ သူ့အကြောင်းကိုတော့ အခုထက်ထိ မပြောပြသေးဘူး။

"ဒီလူ ဘာလုပ်မယ်ဆိုတာ ဘယ်သူက သိနိုင်မှာလဲ"

ဟု ဆိုင်မွန် တွေးမိပြန်သည်။ သူသည် လူစိမ်းအား လှမ်းပြောသည်။

"ဒီလိုဆိုလည်း ငါနဲ့အိမ်လိုက်ခဲ့ပေါ့၊ အနည်းဆုံး အနွေးဓာတ်ကလေးတော့ ရနိုင်တာပေါ့"

ဤသို့ဖြင့် ဆိုင်မွန်သည် သူ့အိမ်ပြန်သည်။ လူစိမ်းသည် သူ့ဘေးမှနေ၍ လျှောက်လိုက်လာသည်။ လေသည် အရှိန်ဖြင့် တိုက်ခတ်လာသည်။ ဆိုင်မွန်သည် ခိုက်ခိုက်တုန်မျှ အေးလာသည်။ စောစောက တရှိန်ရှိန်တက်နေသော မူးယစ်ရီဝေခြင်းသည် ပျောက်သွားခဲ့လေပြီ။ အအေးဒဏ်ကြောင့် တစ်ကိုယ်လုံး တစစ်စစ်ကိုက်ခဲလာသည်။ သူ့မိန်းမ၏ ကုတ်အင်္ကျီနံ့ကို ရှူရှိုက်နေရသော ဆိုင်မွန်၏ ခေါင်းထဲတွင် အတွေးစုံ ဝင်လာလျက်ရှိသည်။

"အင်း... သိုးရေအကြောင်း ပြောပြမယ်ဆိုရင် ဘယ်လိုလုပ်မလဲ၊ ငါသွားတာက သိုးရေဝယ်ဖို့သွားတာ၊ ပြန်လာတော့ ငါ့ကိုယ်ပေါ်မှာ အိမ်ကဝတ်သွားတဲ့ ကုတ်အင်္ကျီတောင် မရှိတော့ဘူး။ ငါ ပြန်လာတော့ အခကြေးငွေလည်းမပါခဲ့ဘူး။ ငါနဲ့အတူတူ တစ်ကိုယ်လုံး အဝတ်မရှိတဲ့ လူတစ်ယောက်ခေါ်လာတယ်။ မက်ထရီနာက ဘယ်လိုနည်းနဲ့မှ ကျေနပ်မှာမဟုတ်ဘူး"

သူ့မိန်းမအကြောင်း တွေးမိသောအခါ သူသည် ဝမ်းနည်းခြင်းဖြစ်သည်။

mgyoe.com

သို့သော်လည်း သူ့ဘေးမှ လိုက်ပါလာနေသည့် လူစိမ်းကို ကြည့်မိသောအခါ နတ်ကွန်းကို မှီထိုင်နေရာမှ သူ့အား မော့ကြည့်ခဲ့သော လူစိမ်း၏အကြည့်ကို သတိရသည်။ ထိုအခါ သူ့နှလုံးသားတွင် ကြည်နူးခြင်းဖြစ်ရလေသည်။

*

(၃)

ထိုနေ့ နံနက်တွင် ဆိုင်မွန်၏မိန်းမသည် အိမ်မှုကိစ္စအဝဝကို ပြီးပြတ်အောင် လုပ်ထားသည်။ ထင်းခွဲသည်၊ ရေခပ်သည်။ ကလေးများအား အစာကျွေး၍ သူကိုယ်တိုင်လည်း ပြီးပြတ်အောင် စားသောက်ကာ အိမ်ထဲတွင်ထိုင်၍ ရောက်တတ်ရာရာ စဉ်းစားနေသည်။ ပေါင်မုန့်ကို ဘယ်အချိန်လောက် ဖုတ်ရလျှင် ကောင်းမလဲ။ အခုပဲ ဖုတ်လိုက်လျှင် ကောင်းမလား၊ ဒါမှမဟုတ် မနက်ဖြန်ကျမှ ကောင်းမလား။ လောလောဆယ်တော့ ပေါင်မုန့်က အတော်များများ ကျန်နေသေးသည်မဟုတ်ပါလား။

"တကယ်လို့ ဆိုင်မွန်က ညနေစာကို ဟိုမှာစားခဲ့ရင် ညလယ်စာကျတော့ သူ သိပ်များများစားနိုင်မှာ မဟုတ်ဘူး"

ဟု တွေးသည်။

"ဒီလိုဆိုရင် ပေါင်မုန့်က နောက်ရက်အထိ စားလို့ရမှာ"

သူသည် ပေါင်မုန့်လက်ကျန်ကို လက်နှင့်ဆ၍ မှန်းကြည့်နေသည်။

"အဲ... ဒီနေ့တော့ ပေါင်မုန့်ထပ်မဖုတ်တော့ဘူး၊ ဂျုံကလည်း တစ်လုံးစာပဲ ကျန်တော့တယ်၊ ကျန်တာလေးနဲ့ သောကြာနေ့အထိ နေနိုင်ရင် ကောင်းမှာပဲ"

မက်ထရီနာသည် ပေါင်မုန့်ကို ပြန်သိမ်းကာ စားပွဲတွင် ထိုင်၍ သူ့ယောကျ်ားအင်္ကျီကို ဖာနေသည်။ သူသည် အပေါက်ကိုချုပ်နေရာမှ ဆောင်းအနွေးထည်တစ်ထည် ချုပ်ဖို့ သိုးရေဝယ်နေမည့် သူ့ယောကျ်ားအဖြစ်ကို မြင်ယောင်ထင်ယောင်ဖြစ်လျက် ရှိသည်။

"ဈေးသည်ကတော့ သူ့ကို မလိမ်လိုက်ပါစေနဲ့။ ငါ့ယောကျ်ားက အလွန်ကို ရိုးတာ၊ သူကတော့ ဘယ်သူ့ကိုမှ မလိမ်မညာတတ်ဘူး။ သူ့ကျတော့ ကလေးတွေက လိမ်တာတောင်ခံရတယ်။ ငွေရှစ်ရူဘယ်ဆိုတာ နည်းတဲ့ငွေမဟုတ်ဘူး။ ဒီငွေနဲ့ ကုတ်အင်္ကျီတစ်ထည်စာ ကောင်းကောင်းရနိုင်တယ်။ ပြီးခဲ့တဲ့ ဆောင်းတွင်းတုန်းက ကုတ်အင်္ကျီဝတ်သွားရတဲ့နေ့ဆိုရင် ငါ့အတွက် ဝတ်စရာ ဘာမှမရှိတော့ဘူး။ ဒီနေ့

mgyoe.com

 mgyoe.com SAMPLE BOOK

သုံ့ထွက်သွားတာ သိပ်မစောဘူး၊ အိမ်တော့ နေ့ချင်းပြန် ရောက်ကောင်းပါရဲ့။ အပျော် ကြူးပြီး အရက်တွေသောက်၊ ဘာသောက်နဲ့ ထင်ရာ မြင်ရာတွေ လျှောက်လုပ်နေမှ ဖြင့်...

ထိုအခိုက်မှာပင် တဲရှေ့မှ ခြေသံများကြားလိုက်ရပြီး တဲထဲသို့ လူဝင်လာသံ ကြားရသည်။ မက်ထရီနာသည် အပ်ကို အင်္ကျီပေါင်းတွင် ထိုးထားလိုက်ပြီး အိမ်ရှေ့ သို့ ထွက်ခဲ့သည်။ သူမြင်လိုက်ရသည်မှာ လူနှစ်ယောက်၊ တစ်ယောက်မှာ ဆိုင်မွန်ဖြစ် ၍ သူနှင့်ပါလာသူမှာ သက္ကလတ်ရှူးဖိနပ် စီးထားသော်လည်း ခေါင်းတွင် ဦးထုပ်မပါ သည့် လူတစ်ယောက်ဖြစ်၏။

မက်ထရီနာသည် ချက်ချင်းပင် သူ့ယောက်ျားထံမှ အရက်နံ့ကို ရသည်။

"ထင်တဲ့အတိုင်းပဲ၊ သူ အရက်သောက်လာတယ်"

ဟု တွေးသည်။ ထို့နောက် ဆိုင်မွန်တွင် အင်္ကျီမရှိတော့ဘဲ သူ့ဂျက်ကက် အင်္ကျီသာ ဝတ်ထားသည်ကိုလည်းကောင်း၊ လက်ထဲတွင် ဘာအထုပ်မျှမပါဘဲ ငြိမ်ဆိတ်စွာ မတ်တတ်ရပ်နေသည်ကိုလည်းကောင်း သတိထားမိသည်။ ရှက်ကြောက် သလိုလိုဖြစ်နေသော သူ့ယောက်ျားကိုကြည့်ကာ မက်ထရီနာ စိတ်ထိခိုက်ခြင်း ဖြစ်သည်။

"ဟိုငွေနဲ့ သူအရက်သောက်လာတာပဲ"

"အရက်တွေသောက်ပြီး အသုံးမကျတဲ့ကောင် တစ်ကောင်ခေါ်ပြီး အိမ်ပြန်လာ တာကိုး"

သူတို့နှစ်ယောက်က သူ့ရှေ့မှဖြတ်ပြီး တဲထဲဝင်သွားသည်ကို မက်ထရီနာ ရပ်ကြည့်နေသည်။ သူကိုယ်တိုင် သူတို့နောက်မှ လိုက်သွားသည်။ လူစိမ်းသည် လူငယ် တစ်ယောက်ဖြစ်၍ ပိန်ပိန်ပါးပါးဖြစ်သည်ကို သတိထားမိသည်။ ကုတ်အင်္ကျီအောက် တွင် ရှပ်အင်္ကျီမရှိ၊ ခေါင်းတွင်လည်း ဦးထုပ်မရှိ။ ထိုလူသည် တဲအတွင်း ရောက်သည့် အခါ တစ်နေရာတွင် ရပ်နေသည်။ လှုပ်ရှားခြင်းဟူ၍ လုံးဝမရှိ၊ မော့၍လည်း မကြည့်။

"ဒီအကောင်ကြည့်ရတာ လူဆိုးပဲဖြစ်ရမယ်၊ ကြောက်နေသလိုလိုပဲ"

ဟု မက်ထရီနာ တွေးသည်။

မက်ထရီနာသည် မျက်မှောင်ကြုတ်ကာ မီးဖိုဘေးတွင် ရပ်နေရာမှ ဆိုင်မွန်တို့ ဘာလုပ်မည်ကို အကဲခတ်နေသည်။

ဆိုင်မွန်သည် သူ့ကက်ဦးထုပ်ကိုချွတ်လိုက်ပြီး အနီးရှိ ခုံတန်းလျားပေါ်

mgyoe.com

mgyoe.com SAMPLE BOOK

ဝင်ထိုင်သည်။ သူ့ပုံပန်းသည် ဘာမျှမဖြစ်သည့်နှယ်ရှိသည်။

"ကဲ... မက်ထရီနာ၊ ညလယ်စာ အဆင်သင့်ဖြစ်ရင် လုပ်ကွာ၊ တို့ စားကြမယ်"

မက်ထရီနာ၏ ပါးစပ်မှ တီးတိုးရေရွတ်သံ ထွက်လာသော်လည်း လူကတော့ လှုပ်ရှားခြင်းမရှိ။ သူသည် မီးဖိုဘေးတွင် ရပ်မြဲတိုင်း ရပ်နေသည်။ သူသည် ပထမ ဦးစွာ တစ်ယောက်ကို ကြည့်သည်။ ပြီးတော့ နောက်တစ်ဦးကို ကြည့်ပြီး ခေါင်းခါ သည်။

ဆိုင်မွန်သည် သူ့မိန်းမ စိတ်ရှုပ်နေသည်ကို သိသည်။ သို့သော်လည်း မသိ ချင်ဟန်ဆောင်ကာ ပြေလည်သွားအောင် အားထုတ်သည်။ သူသည် လူစိမ်း၏ လက် မောင်းကို ဆွဲ၍...

"ကဲ... သူငယ်ချင်း၊ ထိုင်"

ဟုပြောသည်။

"ကျုပ်တို့ ညလယ်စာ စားကြရအောင်"

လူစိမ်းက ခုံတန်းပေါ်ထိုင်သည်။

"တို့အတွက် ဘာမှချက်ပြုတ်မထားဘူးလား မိန်းမရယ်"

ဟု ဆိုင်မွန်က လေအေးလေးဖြင့် မေးသည်။

မက်ထရီနာ၏ ဒေါသသည် ပေါက်ကွဲသွားသည်။

"ချက်တယ်... ချက်တယ်၊ ဒါပေမဲ့ တော်တို့အတွက် မဟုတ်ဘူး"

ဟု အော်ပြောသည်။

"တော်က အရက်တွေသောက်လာတယ်၊ သွားတုန်းကတော့ သိုးရေဝယ်ဖို့ ဆိုပြီး သွားတာ။ အခု ပြန်လာတော့ အိမ်ကဝတ်သွားတဲ့ ကုတ်အင်္ကျီကိုတောင် ဝတ်မလာနိုင် ဘူး၊ လမ်းဘေးက သူတောင်းစားတစ်ယောက်ခေါ်ပြီး ပြန်ရောက်လာတယ်၊ ကျုပ်ဆီမှာ တော်တို့လို အရက်မူးသမားအတွက် ဘာမှစားစရာမရှိဘူး"

"တော်ပါတော့ မက်ထရီနာရယ်၊ အကြောင်းမရှိဘဲနဲ့ လျှာမရှည်ချင်စမ်းပါနဲ့ ကွယ်၊ သူ ဘယ်လိုလူစားလဲဆိုတာ ပထမ မေးမြန်းစုံစမ်းဦးမှပေါ့"

"တော် ငွေတွေကို ဘာတွေ သုံးပစ်ခဲ့သလဲ"

ဆိုင်မွန်သည် အင်္ကျီအိတ်ကပ်ထဲ လက်နှိုက်ကာ သုံးရူဘယ်တန် ငွေစက္ကူကို ထုတ်၍ စားပွဲပေါ် လှမ်းတင်ပေးသည်။

"ဒီမှာ အိမ်ကယူသွားတဲ့ငွေ၊ ထရီဖိုနော့ဗ်ဆီက ကြွေးမရခဲ့ဘူး၊ မကြာခင် ပေးပါ

mgyoe.com

mgyoe.com SAMPLE BOOK

မယ်လို့တော့ ကတိပေးလိုက်တယ်"

မက်ထရီနာသည် ပို၍ ဒေါသကြီးလာသည်။ သိုးရေဝယ်မည်ဟု သွားခဲ့ပြီး သိုးရေပါမလာ။ သူ့ကုတ်အင်္ကျီကို ရှပ်အင်္ကျီပင်မပါသည့် ကောင်တစ်ကောင်အား ဝတ်ပေးပြီး အိမ်ခေါ်လာခဲ့သည်။

မက်ထရီနာသည် စားပွဲပေါ်မှ ငွေစက္ကူကို ဒေါသတကြီး ကောက်ယူလိုက်ပြီး ထပ်ပြောသည်။

"တော်တို့ဖို့ ညလယ်စာမရှိဘူး၊ အင်္ကျီမဝတ်တဲ့ အမူးသမားတွေကို ကျုပ် ဘာမှမကျွေးနိုင်ဘူး"

"မဟုတ်သေးပါဘူး မက်ထရီနာရယ်၊ မင်းလျှာကို နည်းနည်းပါးပါး ထိန်းထားစမ်းပါဦးဟာ၊ ဒီလူ ဘာပြောမလဲဆိုတာ အရင်ဆုံး နားထောင်စမ်းပါဦး"

"အရက်မူးသမား အရူးတစ်ယောက်ဆီက စကားကို နားထောင်လို့ ကျုပ်မှာ အကျိုးရှိသွားမယ် ထင်နေသလား၊ ကျုပ် တော့်ကို လက်မထပ်ချင်ခဲ့တာဟာ သိပ်ကို မှန်တယ်။ တော်တို့လို အရက်သမားတစ်ယောက်ကို လင်လုပ်မိတာ သိပ်ကိုမှားတယ်၊ ကျုပ်အမေက ကျုပ်ကိုပေးထားတဲ့ ပိတ်စကိုလည်း ရောင်းပြီး တော် အရက်သောက်ပစ်တယ်၊ အခုလည်း ကုတ်အင်္ကျီချုပ်ဖို့ သိုးရေသွားဝယ်တာ၊ အရက်ပဲသောက်ပြီး ပြန်လာတယ်"

ဆိုင်မွန်သည် သူ ကိုပက် ၂၀ သာသုံးခဲ့ကြောင်း၊ သူခေါ်လာသည့် လူကို သူ ဘယ်လိုတွေ့ခဲ့ရသည့်အကြောင်းများကို သူ့မိန်းမ နားဝင်အောင် ရှင်းပြဖို့ ကြိုးစားသည်။ သို့သော်လည်း မက်ထရီနာက လုံးဝအပြောမခံ။ သူကသာ ဒိုင်ခံ၍ ပြောသည်။ လွန်ခဲ့သော ၁၀ နှစ်ခန့်က ဖြစ်ခဲ့သည့်အကြောင်းများကိုပါ မဆီမဆိုင် ဆွဲသွင်းလာသည်။

မက်ထရီနာသည် စကားကို မရပ်မနားပြောနေရာမှ ဒေါသပိုကြီးကာ ဆိုင်မွန်အား ခုန်အုပ်ပြီး အင်္ကျီလက်မောင်းများကို အတင်းဆွဲကိုင်ထားသည်။

"ငါ့ ဂျက်ကက်အင်္ကျီပြန်ပေး၊ ငါ့မှာ ဒီတစ်ထည်တည်းရှိတာဟဲ့၊ နင့်မှာ လိုတယ်ဆိုပြီး ငါ့ဆီက ယူသွားတာ၊ နင့်သဘောနဲ့နင် ယူဝတ်သွားတာ၊ အခု ပြန်ပေးဟဲ့၊ ခွေးဝဲစားကောင်၊ နင့်လိုကောင်ကို သရဲဖမ်းစားပါစေတော်"

ဆိုင်မွန်သည် ဂျက်ကက်အင်္ကျီကို ဆွဲချွတ်သည်။ အင်္ကျီလက်များသည် အတွင်း အပြင် လန်သွားသည်။ မက်ထရီနာက ဂျက်ကက်အင်္ကျီကို ဆောင့်ဆွဲလိုက်သဖြင့်

mgyoe.com

 SAMPLE BOOK

ချုပ်ရိုး တစ်နေရာမှ စုတ်ပြဲသွားသည်။ မက်ထရိနာသည် သူ့လက်ထဲရောက်လာသည့် အင်္ကျီကို ခေါင်းပေါ်တင်လိုက်ပြီး တဲတံခါးဆီသို့ လျှောက်သွားသည်။ အပြင်သို့ ထွက်သွားရန်ဟူသော စိတ်ကူးဖြင့် သွားခြင်းဖြစ်၏။

သို့သော်လည်း လမ်းခုလတ်အရောက်တွင် ရုတ်တရက် ဝေခွဲ၍ မရသောစိတ်ကြောင့် ဖျတ်ခနဲ ရပ်လိုက်သည်။ သူ့အနေဖြင့် သူ့ဒေါသကိုလည်း အဆုံးသတ်ချင်သည်။ ပြီးတော့ ဆိုင်မွန်နှင့် ပါလာသည့်လူစိမ်း ဘယ်လိုလူစားဖြစ်သည်ကိုလည်း သိချင်စိတ် ပြင်းပြနေသည်မဟုတ်ပါလား။

*

(၄)

မက်ထရိနာသည် လမ်းခုလတ်တွင် ရပ်နေရာမှ ဆိုင်မွန်ဘက် လှည့်ကြည့်သည်။

"တကယ်လို့ တော့်လူဟာ လူကောင်းဆိုရင် အင်္ကျီပါရမှာပေါ့။ အခုတော့ ကိုယ်ပေါ်မှာ ရှပ်အင်္ကျီတောင်မရှိဘူး၊ အဲဒါ ဘာပြုလို့လဲ၊ သူသာ လူကောင်းဆိုရင် သူနဲ့ ဘယ်လိုတွေ့ခဲ့ရတယ်ဆိုတာ တော်က ရှင်းပြနိုင်ရမှာပေါ့"

"အေးလကွာ၊ ငါ မင်းကို အဲဒါရှင်းပြဖို့ ကြိုးစားနေတာပဲ"

ဟု ဆိုင်မွန်က ပြောသည်။

"ငါ တန်ဆောင်းနားရောက်တော့ သူအင်္ကျီတုံးလုံးနဲ့ ထိုင်နေတာ တွေ့ရတယ်။ တစ်ကိုယ်လုံးလည်း ခိုက်ခိုက်တုန်နေတယ်။ ရာသီဥတုက အင်္ကျီတုံးလုံးနဲ့ ထိုင်နေလို့ မသင့်လောက်အောင်ကို အေးနေတာကွ၊ ဘုရားသခင်က ငါ့ကို သူ့ဆီပို့ပေးပေလို့ပေါ့၊ နို့မဟုတ်ရင် သူ သေမှာ။ သူ့ကိုတွေ့တော့ ငါ ဘာလုပ်ရမလဲ၊ သူ ဘယ်လိုဖြစ်သွားမယ်ဆိုတာကော ငါ ဘယ်လိုလုပ်သိမလဲ၊ ဒါကြောင့် ငါသူ့ကို ပစ်မထားရက်ဘူး၊ အင်္ကျီဝတ်ပေးတယ်၊ ထူပေးတယ်၊ ဒီကို ခေါ်လာခဲ့တယ်။ အဲဒါပဲ၊ သိပ်ပြီး ဒေါသမကြီးပါနဲ့ မက်ထရိနာရယ်၊ ဒေါသကြီးတာဟာ ဒုစရိုက်မှုတစ်ခုတဲ့၊ သတိထားပါ...၊ ငါတို့အားလုံး တစ်နေ့ကျ သေရမှာချည်းပဲမဟုတ်လား"

ဒေါသပါသော စကားလုံးများသည် မက်ထရိနာ၏ နှုတ်ခမ်းဖျားဆီသို့ တက်လာသည်။ သို့သော်လည်း သူသည် လူစိမ်း၏မျက်နှာကို တစ်ချက်လှမ်းကြည့်ကာ ငြိမ်ဆိတ်နေ၏။ လူစိမ်းသည် ခုံတန်းလျားအစွန်းတွင် ထိုင့်လျက်ရှိသည်။ လှုပ်ရှားခြင်း

mgyoe.com

မရှိ။ သူ့ဒူးများကို လက်နှစ်ဖက်ဖြင့် ပိုက်ထားသည်။ ဦးခေါင်းကို ငိုက်စိုက်ချကာ မျက်လုံးအစုံကို မှိတ်ထားသည်။ နာကျင်မှုဝေဒနာ တစ်ခုခုကို ခံစားနေရသည့်နှယ် မျက်ခုံးများ တွန့်ထားသည်။ မက်ထရီနာသည် နှုတ်ဆိတ်နေ၏။ ဆိုင်မွန်က…

"မက်ထရီနာရယ်၊ မင်း ဘုရားသခင်ကို မချစ်တော့ဘူးလား"

ဟု မေးသည်။

ထိုစကားကို ကြားသောအခါ လူစိမ်းအားကြည့်နေသည့် မက်ထရီနာ၏ နှလုံးသားသည် ပျော့ပျောင်းသွား၏။ သူသည် နောက်သို့ ပြန်လှည့်လာပြီး မီးဖိုဆီ သွားသည်။ စားပွဲပေါ်တွင် ဇလုံတစ်လုံးချကာ ဟင်းရည်လောင်းထည့်၏။ ထို့နောက် နောက်ဆုံးကျန်သည့် ပေါင်မုန့်ကို ထုတ်ယူလာပြီး ဓား၊ ဇွန်း စသည်များနှင့်အတူ စားပွဲပေါ်၌ ချပေး၏။

"တော်တို့ စားချင်ရင် စားကြတော့"

ဟု ပြောသည်။

ဆိုင်မွန်သည် ပေါင်မုန့်ကိုလှီးကာ ဟင်းဇလုံထဲထည့်ပြီး နှစ်ယောက်အတူ စားကြသည်။ မက်ထရီနာသည် စားပွဲတစ်ဖက်ထောင့်၌ထိုင်ကာ ဦးခေါင်းကို လက်ပေါ်တင်၍ လူစိမ်းအား ကြည့်နေသည်။

မက်ထရီနာသည် လူစိမ်းအား သနားကြင်နာသောစိတ် ဝင်လာသည်ဖြစ်ရာ စိတ်ထဲက ခင်မင်စပြုလာသည်။ လူစိမ်း၏မျက်နှာသည် ကြည်လင်လာသည်နှင့်အမျှ သူ့မျက်လုံးများသည် ကွေးညွတ်ခြင်းမရှိတော့ပေ။ လူစိမ်းသည် မျက်လုံကိုပင့်၍ မက်ထရီနာအား လှမ်းကြည့်ပြီး ပြုံးသည်။

သူတို့ ညလယ်စာ စားအပြီးတွင် မက်ထရီနာသည် စားပွဲပေါ်မှ ပစ္စည်းများကို သိမ်းသည်။ ထို့နောက် လူစိမ်းအား သူသိလိုသမျှကို မေးလေတော့၏။

"တော်က ဘယ်ကလာတာလဲ"

"ကျွန်တော် ဒီအရပ်က မဟုတ်ပါဘူး"

"ဘယ်လိုနည်းနဲ့ တော် ဒီလမ်းပေါ် ရောက်လာရတာတုံး"

"မပြောပါရစေနဲ့"

"ဓားပြတိုက်ခံရလို့လား"

"ဘုရားသခင်ရဲ့ ပြစ်ဒဏ်ခတ်ခံရတာပါ"

"တော် ဟိုနေရာမှာ အကျီမပါဘဲ လဲနေတာလား"

mgyoe.com

mgyoe.com

"ဟုတ်ပါတယ်၊ ဆိုင်မွန်ကတွေ့တော့ ကျွန်တော့်ကို သနားလာပါတယ်၊ သူ့ကုတ်အင်္ကျီကို ချွတ်ပြီး ကျွန်တော့်ကိုဝတ်ပေးပါတယ်၊ ပြီးတော့ ဒီအိမ်ကို ခေါ်လာခဲ့ပါတယ်။ ပြီးတော့ ခင်ဗျားက အစာရေစာကျွေးပါတယ်။ သနားကရုဏာရှိကြောင်းလည်း ပြောပါတယ်။ ဘုရားသခင်က ခင်ဗျားတို့ကို ဆုချီးမြှင့်မှာပါ"

မက်ထရီနာသည် ထိုင်ရာမှထကာ သူ စောစောက ချုပ်နေသော ဆိုင်မွန့်ရှပ်အင်္ကျီအဟောင်းကို ပြတင်းပေါက်ပေါင်ပေါ်မှယူပြီး လူစိမ်းအား ပေးသည်။ ဘောင်းဘီဟောင်းကိုလည်း ယူလာပြီး ပေးသည်။

"တော့်မှာ ရှပ်အင်္ကျီမရှိဘူးဆိုတာ သိလို့ ကျွန်မပေးတာ၊ ဝတ်ထားလိုက်ပေါ့၊ ထပ်ခိုးပေါ်မှာဖြစ်ဖြစ်၊ မီးဖိုနားမှာဖြစ်ဖြစ် တော်ကြိုက်တဲ့နေရာမှာ လှဲပါ"

လူစိမ်းသည် ကုတ်အင်္ကျီကိုချွတ်ကာ ရှပ်အင်္ကျီကို ဝတ်သည်။ အထပ်ခိုးပေါ်သွား၍ လဲလျောင်းသည်။ မက်ထရီနာသည် ဖယောင်းတိုင်မီးကို မှုတ်လိုက်ပြီး ကုတ်အင်္ကျီကို ကောက်ယူကာ သူ့ယောကျ်ားလှဲနေသည့် မီးဖိုအထက်မှ အခန်းသို့ တက်လာခဲ့သည်။

မက်ထရီနာသည် ကုတ်အင်္ကျီခြုံလိုက်ပြီး အိပ်ရာပေါ်မှာ လှဲနေသည်။ သို့သော်လည်း အိပ်၍မပျော်။ သူ့စိတ်ထဲမှ လူစိမ်းကို ထုတ်၍မရ။

နောက်ဆုံးကျန်သည့်ပေါင်မုန့် ကုန်သွားသည့်အဖြစ်နှင့် မနက်ဖြန်အတွက် စားစရာ ဘာမျှမရှိတော့သည့်အဖြစ်ကိုလည်းကောင်း၊ ရှပ်အင်္ကျီနှင့်ဘောင်းဘီ ပေးလိုက်ရသည့်အဖြစ်ကိုလည်းကောင်း စဉ်းစားလိုက်မိသည့်အခါ စိတ်မကောင်းဖြစ်သည်။ သူ့အား ပြုံးပြလိုက်သည့် လူစိမ်း၏မျက်နှာကို ပြန်လည်မြင်ယောင်လာသည့်အခါတွင်မူ သူဝမ်းသာမိပြန်၏။

မက်ထရီနာသည် လုံးဝအိပ်မရ။ ဆိုင်မွန် အိပ်မပျော်ဖြစ်နေသည်ကိုလည်း သူ သတိထားမိသည်။ ဆိုင်မွန်သည် ကုတ်အင်္ကျီစတစ်ဖက်ကို သူ့ဘက်သို့ ဆွဲယူသည်။

"ဆိုင်မွန်"

"အင်း"

"တော်တို့ စားခဲ့ကြတဲ့ပေါင်မုန့်ဟာ နောက်ဆုံးအကျန်ပဲ။ မနက်ဖြန်ကျရင် စားစရာမရှိတော့ဘူး၊ ဘယ်လိုလုပ်ရမလဲဆိုတာလည်း ကျွန်မ မသိဘူး။ အိမ်နီးချင်း မာသာ့ဆီက နည်းနည်းပါးပါး သွားချေးရင် ကောင်းမလား မပြောတတ်ဘူး"

mgyoe.com